မြဝတီ နေ့စဉ်

သတင်းထူး သတင်းဦး နေ့စဉ်ဖြန့်ချိ မြဝတီ

မြတ်ဗုဒ္ဓ၏ အဆုံးအမ တရား

သဒ္ဓါတရားလည်းရှိ၊ သီလနှင့်လည်း ပြည့်စုံ၊ အခြံအရံလည်းများ၊ စည်းစိမ်ဥစ္စာလည်း ရှိသောသူသည် သွားလေရာရာ အရပ်ရပ်၌ အပူဇော်ခံရ၏။

ဓမ္မပဒ

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

■ www.myawady.net.mm
■ E-mail:mwddailynewspapergroup@gmail.com

■ အတွဲ(၁၆)၊ အမှတ်(၂၀၈)

■ ၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၃ ရက်၊ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာ ၁၂ ရက်၊ ကြာသပတေးနေ့

ဒုတိယသမ္မတ ဦးညီစော ပြည်ပပို့ကုန်တိုးမြှင့်ရေးနှင့် အရန်ဆန်စုဆောင်းရေးညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားပြီး ပို့ကုန်အခြေပြု အရန်ဆန်များသိုလှောင်ထားရှိသည့် သိုလှောင်ရုံများအခြေအနေ လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၁၁

ပြည်ပပို့ကုန်တိုးမြှင့်ရေးနှင့် အရန်ဆန်စုဆောင်းရေးညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဒုတိယသမ္မတ ဦးညီစော တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဝင်းမြင့်ခိုင်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌနှင့် ပို့ကုန်လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် ကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ➡



ဒုတိယသမ္မတ ဦးညီစော ပို့ကုန်အခြေပြု အရန်ဆန်များသိုလှောင်ထားရှိသည့် သိုလှောင်ရုံများအခြေအနေ ကြည့်ရှုစစ်ဆေးစဉ်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၇ ရက်မြောက်နေ့ကျင်းပ စာ - ၇ သို့

တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ကျင်းပ စာ - ၉ သို့

ကမ္ဘာ့အဖြူရောင် လှိုင်းနှင့်အတူ နိုင်ငံစီးပွားမြင့်တင်မည့် မြန်မာ့ဝါ စာ - ၁၂ သို့

အာကာသဆိုင်ရာပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲနှင့်အာကာသ နည်းပညာဆိုင်ရာ ပြခန်းများသို့လာရောက်ကြည့်ရှုသူများဖြင့် အထူးစည်ကား




စာ - ၃ သို့


မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့်မြေပြိုခြင်းများဖြစ်ပေါ်နိုင်

နေပြည်တော် နိုဝင်ဘာ ၁၁

ယနေ့နံနက် ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပွလီ ပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ တိုက်ခတ်လာသော လေနွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီး ရပ်ဝန်းဒေသမှ တိုက်ခတ်လာသော လေအေးများတွေ့ဆုံမှုကြောင့် ယနေ့နံနက်မှ

စာမျက်နှာ ၃ ကော်လံ ၅ ➡





NINO 3.4 ဧရိယာတွင် ပင်လယ်ရေမျက်နှာပြင်အပူချိန်သည် ပုံမှန်ထက် ၂.၅ ဒီဂရီဆဲလ်စီးယက်မှ ၂.၈ ဒီဂရီဆဲလ်စီးယက်အထိ မြင့်တက်နေသည်ကို တွေ့ရှိရပါသည်။

အယ်လ်နီညိုဖြစ်စဉ်ကြောင့် လာမည့်ဆောင်းရာသီနှင့်နွေရာသီ ကာလများ၌ အပူချိန်မြင့်မားခြင်းနှင့်ရေရှားပါးမှုများဖြစ်ပေါ်လာနိုင်

နေပြည်တော် နိုဝင်ဘာ ၁၁

ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်နှင့် နိုင်ငံတကာရာသီဥတုဗဟိုဌာနများ၏ ထုတ်ပြန်ချက်များကိုအခြေခံ၍ ခန့်မှန်းသုံးသပ်ချက်များအရ အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ အရှေ့အလယ်ပိုင်း

စာမျက်နှာ ၃ ကော်လံ ၄ ❖

လွှတ်တော်အသီးသီးအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းခြင်း၊ ရုပ်သိမ်းခြင်း၊ စိစစ်ခြင်းတို့နှင့်စပ်လျဉ်းသည့် နေ့ရက်များသတ်မှတ်ကြေညာ

စာ - ၁၄ သို့

အယ်ဒီတာ့အာဏော်

၂၀၂၆ ခုနှစ်၊ နိုဝင်ဘာ ၁၂ ရက်

အာကာသဆိုင်ရာနည်းပညာနှင့်လူငယ်များ

မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံအဖြစ်မှ ဖွံ့ဖြိုးပြီးနိုင်ငံအဆင့်သို့ ရည်မှန်းချက်ထား ကြိုးပမ်းနေသည့်နိုင်ငံဖြစ်သည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်အတွက် ကျန်းမာကြံ့ခိုင်ပြီး ထူးချွန်ထက်မြက်သည့် လူငယ်များ၏အင်အားဖြင့်တည်ဆောက်ကြရမည်ဖြစ်သည်။ လူငယ်တိုင်းသည် နိုင်ငံကိုဦးဆောင်နိုင်သူမဖြစ်သော်လည်း လူငယ်အားလုံးသည် နိုင်ငံတော်၏အနာဂတ်ကို အကောင်အထည်ဖော်ကြမည့် နိုင်ငံတော်၏ လူစွမ်းအားအရင်းအမြစ်များပင်ဖြစ်သည်။ လူငယ်များသည် နိုင်ငံ၏ အနာဂတ်၊ နိုင်ငံ၏အဓိကအင်အားစုဖြစ်သည့်အတွက် အသိပညာ၊ အတတ်ပညာပြည့်ဝရန်လိုအပ်သည်။ ထို့ပြင် မျိုးချစ်စိတ်၊ တိုင်းပြည်ချစ်စိတ် ရှိပြီး အများအကျိုး၊ နိုင်ငံ့အကျိုးသယ်ပိုးကြရမည်ဖြစ်သည်။ အထူးသဖြင့် မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အာကာသနည်းပညာများကို စိတ်ဝင်တစားပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

ယခုအခါ နေပြည်တော်ကောင်စီနှင့် မြန်မာအာကာသအေဂျင်စီတို့ကကြီးမှူး၍ အနာဂတ်မျိုးဆက်သစ်လူငယ်မောင်မယ်များ အာကာသသိပ္ပံနှင့်နည်းပညာများကိုစိတ်ဝင်စားပြီး အနုပညာမှတစ်ဆင့် သိပ္ပံဆိုင်ရာ စိတ်ကူးစိတ်သန်းများဖော်ထုတ်ပြသနိုင်ရန် ရည်ရွယ်လျက် နိုဝင်ဘာလ ၁၀ ရက်မှ ၁၃ ရက်အထိ အခြေခံပညာအဆင့် အာကာသဆိုင်ရာ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲကိုကျင်းပပြုလုပ်လျက်ရှိသည်။ ပြိုင်ပွဲများကို အခြေခံပညာမူလတန်းအဆင့်၌ “အာကာသအိပ်မက်” ခေါင်းစဉ်ဖြင့် နိုဝင်ဘာလ ၁၀ ရက်တွင်လည်းကောင်း၊ အခြေခံပညာအလယ်တန်းအဆင့်၌ “လူသားနှင့်အနာဂတ်အာကာသ” ခေါင်းစဉ်ဖြင့် နိုဝင်ဘာလ ၁၁ ရက်တွင်လည်းကောင်း၊ အခြေခံပညာအထက်တန်းအဆင့်၌ “အသုံးချလေ့လာ အာကာသနည်းပညာ” ခေါင်းစဉ်ဖြင့် နိုဝင်ဘာလ ၁၂ ရက်တွင်လည်းကောင်း အသီးသီးယှဉ်ပြိုင်ကြရမည်ဖြစ်ပြီး နိုဝင်ဘာလ ၁၃ ရက်တွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးမင်းအောင်လှိုင်သည် နိုဝင်ဘာလ ၁၀ ရက်က နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁ ၌ကျင်းပသည့် အခြေခံပညာအဆင့် အာကာသဆိုင်ရာပန်းချီကာတွန်း၊ ပိုစတာပြိုင်ပွဲနှင့် အာကာသနည်းပညာဆိုင်ရာ ပြခန်းများဖွင့်ပွဲအခမ်းအနားကို ဒီဂျစ်တယ်နည်းပညာအသုံးပြု၍ စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးခဲ့သည်။ နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် အာကာသနည်းပညာဆိုင်ရာပြခန်းများဖြစ်သည့် အာကာသနှင့် AI နည်းပညာသုံးစိုက်ပျိုးရေးစနစ်ပြခန်း၊ အာကာသနှင့် AI နည်းပညာအသုံးချပြခန်းရှိ ရာသီဥတုနှင့်သဘာဝပတ်ဝန်းကျင်စောင့်ကြည့်လေ့လာရေးစနစ်၊ ဂြိုဟ်တုနည်းပညာအသုံးချ Application များ၊ AI နှင့် အမေးအဖြေကဏ္ဍ၊ AI အသုံးပြုစိတ်ဝင်စားဖွယ်ဂိမ်းများ၊စက်ရုပ်နည်းပညာပြခန်း၊ သိပ္ပံ၊ နည်းပညာ၊ အင်ဂျင်နီယာနှင့် သချိုင်းပညာရပ်ပြခန်း၊ နက္ခတ်တာရာနှင့် အာကာသသိပ္ပံပြခန်း၊ အာကာသစူးစမ်းလေ့လာရေးပြခန်း၊ နက်ရှိုင်းသောအာကာသစူးစမ်းလေ့လာရေး သုတေသနပြခန်းတို့အတွင်း ပြခန်းတစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုလေ့လာခဲ့ပြီး ပြခန်းအလိုက် တာဝန်ရှိသူများကလည်း ရှင်းလင်းတင်ပြကြသည်။

နိုင်ငံတော်သမ္မတက **“မိမိတို့နေထိုင်သည့် ကမ္ဘာကြီးသည် နေ့စဉ်နှင့်အမျှ တိုးတက်ပြောင်းလဲနေသဖြင့် မိမိတို့နိုင်ငံအတွက် လိုအပ်သည့် အာကာသနည်းပညာဆိုင်ရာများကို မဖြစ်မနေသိရှိနားလည်ရန်နှင့် အကျိုးရှိအောင် အသုံးချနိုင်ရန်လိုကြောင်း၊ နိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး မြေဆီလွှာ၊ ရေနှင့်သီးနှံအခြေအနေကို သိရှိပြီး အချိန်မီစီမံနိုင်ရေးအတွက် အာကာသနှင့် AI နည်းပညာကို အသုံးပြုဆန်းစစ်ဆောင်ရွက်နိုင်ရေး စဉ်ဆက်မပြတ် သုတေသနပြုကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ နိုင်ငံတွင်းရှိ ရေသယံဇာတအပါအဝင် သဘာဝအရင်းအမြစ်များကို အာကာသနည်းပညာအသုံးပြု၍ အချက်အလက်များရယူကာ အကျိုးရှိရှိအသုံးချဆောင်ရွက်သွားရန်လိုကြောင်း”** လမ်းညွှန်မှာကြားခဲ့သည်။

ယခုကဲ့သို့ အာကာသနှင့်ပတ်သက်သည့် ပြပွဲများ၊ ပြိုင်ပွဲများ ကျင်းပပြုလုပ်ပေးခြင်း၊ အာကာသနှင့်ပတ်သက်သည့် အသိပညာများအား မျိုးဆက်သစ်လူငယ်မောင်မယ်များသိရှိနားလည်နိုင်ရေး ခေတ်နှင့်အညီ စဉ်ဆက်မပြတ်အဆင့်မြှင့်တင်လုပ်ဆောင်ပေးခြင်းတို့ဖြင့် **အာကာသဆိုင်ရာနည်းပညာနှင့်လူငယ်များ** တစ်သားတည်းဖြစ်ကာ စိတ်ဝင်စားမှုမြင့်တက်လာမည်ဟုယုံကြည်ပါကြောင်း။ ။

အယ်လ်နီညိုရာသီဥတုဖြစ်စဉ်အတွင်း သောက်သုံးရေပြတ်လပ်မှုမရှိစေရေး အောက်ပါနည်းလမ်းများကိုလိုက်နာနိုင်ရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်

အိမ်တွင်းသုံးရေချွေတာရေးနည်းလမ်းကောင်းများ

၁။ ပိုက်ယိုစိမ့်မှုများကို စစ်ဆေးပါ၊ ရေပိုက်ခေါင်းများ၊ ရေစည်ပိုင်းများ ကျိုးပျက်ယိုစိမ့်နေခြင်းရှိ၊ မရှိ ပုံမှန်စစ်ဆေးပြီး အမြန်ပြုပြင်ပါ။

၂။ ရေချိုးချိန်နှင့်နေ့စဉ်ရေသုံးစွဲမှုကို လျှော့ချပါ၊ သွားတိုက်နေစဉ်၊ မျက်နှာသစ်နေစဉ်နှင့် ပန်းကန်ဆေးကြောနေစဉ်အတွင်း ရေပိုက်ခေါင်းကို အမြဲပိတ်ထားပါ။

၃။ အဝတ်လျှော်ရာတွင် တစ်ထည်ချင်း၊ နည်းနည်းချင်းမလျှော်ဘဲ ပေါင်းလျှော်ပါ။ အဝတ်လျှော်စက်သုံးလျှင် တစ်ခါတည်းစုပြီးလျှော်ပါ။ ပန်းကန်ဆေးစက်အသုံးပြုရာတွင်လည်း စက်ကဆေးကြောနိုင်သည့်ပန်းကန်အရေအတွက်အထိစောင့်၍စုစည်းဆေးကြောပါ။

၄။ အသုံးပြုပြီးသည့်ရေကို ပြန်လည်သုံးစွဲနိုင်ရန်စီစဉ်ပါ။ (ဥပမာ- ဟင်းသီးဟင်းရွက်ဆေးကြောထားသောရေများ၊ ဆန်ဆေးရေများကို အပင်ရေလောင်းရာတွင် ပြန်လည်အသုံးပြုပါ။)

၅။ ရေကိုစနစ်တကျအသုံးပြုမှုအလေ့အထများကို အသိပညာပေးမျှဝေပါ။ မိမိတို့၏အသိုက်အဝန်း၊ လုပ်ငန်းခွင်၊ သူငယ်ချင်းများနှင့် မိသားစုအတွင်း ရေချွေတာသုံးစွဲခြင်း၏အရေးပါပုံကို အသိပညာပေးမျှဝေခြင်းဖြင့် ပိုင်းဝန်းပါဝင်ဆောင်ရွက်ကြပါရန် နှိုးဆော်အပ်ပါသည်။

သုံးရေချွေတာသုံးစွဲရေးဆိုင်ရာနှိုးဆော်ချက်

၁။ အပင်ရေလောင်းချိန်ကိုအချိန်ကိုက်လုပ်ဆောင်ပါ။ ရေငွေ့ပြန်မှုလျော့နည်းစေရန်နှင့် ရေကိုအကျိုးရှိရှိအသုံးချနိုင်ရန် နံနက်စောစော သို့မဟုတ် ညနေနှောင်းပိုင်းကဲ့သို့ အေးမြသောအချိန်များတွင်သာ မြက်ခင်းနှင့်အပင်များကိုရေလောင်းပါ။

၂။ မိုးရေကိုစုဆောင်းအသုံးချပါ။ အပင်ရေလောင်းခြင်းနှင့် ဥယျာဉ်ခြံလုပ်ငန်းများအတွက် မိုးရေကိုသိုလှောင်ရန် ရေစည်များ သို့မဟုတ် အခြားသောမိုးရေစုဆောင်းသည့်စနစ်များကို ကြံဆောင်ရွက်ပါ။

၃။ ခြောက်သွေ့မှုဒဏ်ခံနိုင်သောအပင်များကို ရွေးချယ်စိုက်ပျိုးပါ။ မိမိတို့၏ဥယျာဉ်ခြံတွင် ရေနည်းနည်းဖြင့်ရှင်သန်နိုင်သော အပင်မျိုးများကိုရွေးချယ်စိုက်ပျိုးပါ။

၄။ သစ်ပင်များကို စနစ်တကျစိုက်ပျိုးထိန်းသိမ်းခြင်းဟာ သဘာဝအတိုင်းရေကိုစုဆောင်းသိုလှောင်ပြီး ချေတာရာရောက်သည့်အတွက် ရေရှည်ရေတည်တံ့နိုင်စေရေး သစ်ပင်များအား စနစ်တကျစိုက်ပျိုးထိန်းသိမ်းကြပါရန် နှိုးဆော်အပ်ပါသည်။

ဘုတလင်မြို့နယ်၌ ပဲတီစိမ်းသီးနှံဧက ၁၀၀၀ ကျော် ရိတ်သိမ်းပြီးစီး

ဘုတလင် နိုဝင်ဘာ ၁၁

စစ်ကိုင်း တိုင်းဒေသကြီး ဘုတလင်မြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးခဲ့သော ပဲတီစိမ်း သီးနှံဧက ၁၀၀၀ ကျော် ရိတ်သိမ်းပြီးဖြစ်ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဘုတလင်မြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးချိန်တွင် ပဲတီစိမ်းသီးနှံ ၁၁၃၄ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်းနှင့်အဆိုပါစိုက်ပျိုးထားသော ပဲတီစိမ်းစိုက်ခင်းများကို ယခုနှစ် စက်တင်ဘာလမှစတင်၍ ရိတ်သိမ်းခဲ့ရာ ၁၁၄၈ ဧကရိတ်သိမ်းပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

“ဒီနှစ် မိုးသီးနှံစိုက်ပျိုးချိန် ဘုတလင်မြို့နယ်မှာ ပဲတီစိမ်းသီးနှံ ၁၁၃၄ ဧက စိုက်ပျိုးထားပါတယ်။ လက်ရှိအချိန်မှာ ရိတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့အထိ ဧက ၁၀၀၀ ကျော် ရိတ်သိမ်းပြီးစီးနေပြီဖြစ်ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့ ပညာပေးတာတွေရှိတယ်။ အထွက်နှုန်းကောင်းမွန်ဖို့အတွက်မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ပညာပေးတာတွေရှိတယ်”ဟု ဘုတလင်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောသည်။

ဘုတလင်မြို့နယ်၌ ပဲတီစိမ်းသီးနှံ စိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့်မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေးနှင့်အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးလျက်ရှိသည်။

ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် သီးနှံအထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးမှုများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသခံတောင်သူများနှင့် ပူးပေါင်း၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၄၀၉)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၂-၁၁-၂၀၂၆(ကြာသပတေးနေ့)

၁။	၀၆:၀၃	တရားတော်
၂။	၀၇:၁၀	ကိုယ်လက်လှုပ်ရှားအားကစား
၃။	၀၇:၃၀	မြန်မာသံစဉ်ချိုနှာဝင်
၄။	၀၈:၃၀	သုတရသစုံလင်ဗဟုသုတပုံပြင်
၅။	၀၈:၄၀	မောင်မယ်လေးများသိစေချင်
၆။	၁၂:၁၅	လေးစားအတုယူစံနမူနာရဲကောင်းများ
၇။	၁၂:၅၀	သီချင်းလက်ဆောင်
၈။	၁၃:၅၀	တစ်ချိန်ကသူတို့အကြောင်း
၉။	၁၄:၄၀	Music Gallery
၁၀။	၁၉:၀၀	**ရုပ်မြင်သံကြားဇာတ်လမ်း** **ရိုးရှင်းသောဘဝ အပိုင်း(၂၅)**

မြဝတီ

စာတည်းမှူးချုပ် – ဦးမျိုးဝင်းရှိန်
စာတည်းမှူး (မြန်မာ) – ဦးရာဇာအောင်
စာတည်းမှူး (အင်္ဂလိပ်) – ဦးရဲမင်းတင်
စာတည်း (ကျွမ်းကျင်) အင်္ဂလိပ် – ဦးတင်မောင်သန်း
စာတည်းအဖွဲ့ (မြန်မာ) – ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်နုင်းဝတ်ရည်ဖွေး၊ ဒေါ်ဆွေဇင်သိမ့်
စာတည်းအဖွဲ့ (အင်္ဂလိပ်) – ဦးထက်မြတ်၊ ဒေါ်သီရိပွန်
သတင်းအဖွဲ့ (နေပြည်တော်) – ဦးစံမင်းသူ၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့ (ရန်ကုန်) – ဦးရဲစိုးအောင်

Online Newspaper

နေပြည်တော်
စာတည်းအဖွဲ့၊ ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊ ဘုရင့်နောင်ရပ်ကွက်၊ ပုဇွန်သီရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့၊ ကြော်ငြာ ၀၁၁-၆၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊ ၀၁၁-၆၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၊ ၈၄ လမ်း၊ ၂၉ x ၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ (ရုံးခွဲ)
တာဝန်ခံ ၀၉-၄၄၄၄၁၈၆၉၁၊ ၀၃၄-၇၃၆၀၁ လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် – ၀၀၃၇၈/၀၀၄၉၄
စတင်ထုတ်ဝေသည့်ရက် – ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup@gmail.com
Website – www.myawady.net.mm

➡ ရှေ့ဖုံးမှအဆက်

အစည်းအဝေးတွင် ဒုတိယသမ္မတက “မိမိတို့နိုင်ငံ၏အဓိကသီးနှံမှာဆန်စပါးဖြစ်ပြီး အဓိကစိုက်ပျိုးရေးသီးနှံဖြစ်သည့်အတွက် နိုင်ငံတော်သမ္မတ လမ်းညွှန်ထားရှိသော စပါးအထွက်နှုန်း တိုးတက်ကောင်းမွန်ရေး၊ ဆန်စပါးကဏ္ဍထုတ်လုပ်မှုတိုးတက်ရေးနှင့် ပြည်ပဈေးကွက်ရရှိပြီး ပို့ကုန်တိုးမြှင့်ရေး လိုက်နာဆောင်ရွက်နေမှုအခြေအနေများ၊ မြန်မာ့ဆန်စပါးညီလာခံ-၂၀၂၂ ကျင်းပနိုင်ခဲ့မှုနှင့် ညီလာခံမှဖော်ထုတ်ရရှိခဲ့သည့် ဆန်စပါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်သင့်သည့်လုပ်ငန်းစဉ်များ၊ သိုလှောင်ရုံများကို မြန်မာဆန်စပါး အွန်လိုင်းတွင် လွယ်ကူလျင်မြန်စွာ စနစ်တကျစိစစ်မှတ်ပုံတင်ထားရှိနိုင်ရေး၊ အတည်ပြုထားသော သိုလှောင်ရုံလိုင်စင်အတွက် ဒီဂျစ်တယ်လက်မှတ်ထုတ်ပေးနိုင်ရေး”နှင့် “ပြည်တွင်းဆန်ဈေးနှုန်းတည်ငြိမ်ရေးနှင့် သဘာဝဘေးအန္တရာယ်ကျရောက်သည့် ဒေသများတွင် ထိရောက်သည့်ပံ့ပိုးမှုပေးနိုင်ရေးအတွက် နိုင်ငံတော်အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်းပြီး သင့်တော်သည့် ပမာဏတစ်ရပ်ကို အရန်ဆန်အဖြစ် နှစ်စဉ် စုဆောင်းထားနိုင်ရေး” အချက်တို့ကို အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အခြေအနေများ၊ ပြည်တွင်း၌ ဆန်စပါး ဖူလုံရေး၊ ပြည်ပဈေးကွက်ရရှိရေးနှင့် စနစ်တကျတင်ပို့ရောင်းချနိုင်ရေး၊ ပြည်တွင်းဈေးနှုန်းတည်ငြိမ်မှုနှင့်ကန်စေရေးနှင့်ဆန်စပါး သိုလှောင်မှုအခြေအနေများကို စနစ်တကျစာရင်းပြုစုမှတ်ပုံတင်ထားရှိမှုအခြေအနေများ၊ သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့သည့်ဒေသများရှိပြည်သူများအား အဓိကစားရေရိက္ခာဆန်ကို ဖြန့်ဖြူးထောက်ပံ့သွားနိုင်ရန် စုဆောင်းထားရှိမှုအခြေအနေများ၊ စူပါအယ်လ်နီညို သဘာဝဘေးကျရောက်လျှင်ရာသီဥတုဖောက်ပြန်နိုင်သည့် အတွက် အရန်ဆန်တိုးမြှင့်စုဆောင်းခြင်း ဆောင်ရွက်နေမှုအခြေအနေများကို အသေးစိတ်ရှင်းလင်းပြောကြားပြီး အရန်ဆန်တိုးမြှင့်စုဆောင်းနိုင်ရေးအတွက် သက်ဆိုင်သည့်ဌာန၊ အဖွဲ့အစည်းအားလုံး လိုအပ်သလို ညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌက ဆန်စပါးဈေးကွက်အခြေအနေ၊ အရန်ဆန်ထားရှိမှုအခြေအနေနှင့် ပြည်ပသို့ဆန်နှင့်ဆန်ကွဲတင်ပို့မှုအခြေအနေများကိုရှင်းလင်းတင်ပြပြီး တက်ရောက်လာသည့် အသင်းချုပ်များ၊ ဌာနဆိုင်ရာများနှင့် ပို့ကုန်လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် ကုမ္ပဏီများမှတာဝန်ရှိသူများက အရန်ဆန်သိုလှောင်ထားရှိမှု၊ သဘာဝဘေးဒဏ်သင့်ဒေသများသို့ဆန်ထောက်ပံ့မှု၊ ပို့ကုန်တင်ပို့မှုနှင့်ပြည်ပပို့ကုန်တိုးမြှင့်ရေးဆောင်ရွက်နေမှုအခြေအနေများကိုရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယသမ္မတက တင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကား ပြောကြား၍ အစည်းအဝေးကိုရုပ်သိမ်းလိုက်သည်။

အစည်းအဝေးအပြီးတွင် ဒုတိယသမ္မတသည် ရွှေပြည်သာမြို့နယ်နှင့် လှိုင်သာယာမြို့နယ်အတွင်းရှိ ပို့ကုန်အခြေပြု အရန်ဆန်သိုလှောင်ရုံများ၌ အရန်ဆန်များသိုလှောင်ထားရှိမှုအခြေအနေကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **မြဝတီ**

ဥရောပအာရှစီးပွားရေးကော်မရှင်နှင့် စက်မှုနှင့် MSME များ၊ Agro-based Industries များဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၁၁

စက်မှုနှင့်အသေးစား၊အလတ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ဥရောပအာရှစီးပွားရေးကော်မရှင်မှ အဖွဲ့ဝင်နိုင်ငံများ၏စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကို စောင့်ကြည့်လေ့လာခြင်းနှင့် ဆန်းစစ်သုံးသပ်ခြင်းဌာနခွဲ၏ ဌာနခွဲမှူးဖြစ်သူ Mr. Dmitry Fesenko ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် ရုံးအမှတ်(၃၀)အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံဆွေးနွေးသည်။



ဆွေးနွေးစဉ် မြန်မာနိုင်ငံနှင့် ဥရောပအာရှစီးပွားရေးကော်မရှင်တို့အကြား စက်မှုနှင့် MSMEs ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွေ့ကျကျ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများအား ပိုမိုဖော်ဆောင် မြှင့်တင်နိုင်ရေး၊ မြန်မာနိုင်ငံ၏ စက်မှုနှင့် MSMEs ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုအရှိန်မြှင့်တင်နိုင်ရေးအတွက် စိုက်ပျိုးမွေးမြူရေး ဒေသထွက်ကုန်ကြမ်းအခြေပြု တန်ဖိုးမြှင့်ထုတ်ကုန်ကွင်းဆက်များ ပိုမိုဖော်ဆောင်နိုင်စေရေး၊ စက်မှုလုပ်ငန်းများခေတ်မီဖွံ့ဖြိုးတိုးတက်ရေးနှင့် နည်းပညာအသုံးပြုမှုမြှင့်တင်ရေး၊ အထူးသဖြင့် ဝါ၊ ဝါး၊ ရော်ဘာ၊ ဆန်၊ ဆီထွက်သီးနှံများနှင့်ကော်ဖီလုပ်ငန်းများစသည့် Agro-based Industries၊ စက်ယန္တရားနှင့်စက်ပစ္စည်းထုတ်လုပ်မှု၊ ဆေးဝါးနှင့်ဆေးဘက်ဆိုင်ရာပစ္စည်းထုတ်လုပ်မှု၊ သံမဏိ၊ အစားအသောက်လုပ်ငန်း၊ အထည်အလိပ်လုပ်ငန်းနှင့် အခြားကုန်ထုတ်လုပ်မှုကဏ္ဍများတွင် ဥရောပအာရှစီးပွားရေးသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ အတွေ့အကြုံ၊ နည်းပညာနှင့်ရင်းနှီးမြှုပ်နှံမှုများကိုအခြေခံ၍ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများနှင့် ရင်းနှီးမြှုပ်နှံမှုများတိုးမြှင့်ရေး၊ နည်းပညာလွှဲပြောင်းရယူရေး၊ ကျွမ်းကျင်လုပ်သားများ လေ့ကျင့်မွေးထုတ်ရေး၊ နှစ်ဖက်စက်မှုစီးပွားလုပ်ငန်းရှင်များအကြား အကျိုးတူပူးတွဲရင်းနှီးမြှုပ်နှံမှုများဖော်ဆောင်ရေးနှင့် တန်ဖိုးမြှင့်ထုတ်ကုန်များတိုးမြှင့်ထုတ်လုပ်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးတို့ကို အပြန်အလှန်ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ယခုတွေ့ဆုံဆွေးနွေးမှုသည် မြန်မာနိုင်ငံနှင့် ဥရောပအာရှစီးပွားရေးကော်မရှင်၊ ဥရောပအာရှစီးပွားရေးသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအကြား စက်မှုကဏ္ဍ၊ MSMEs နှင့် Agro-based Industries များဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများအား အကျိုးရှိထိရောက်အောင် မြှင့်တင်နိုင်ရေးအတွက် အထောက်အကူပြုနိုင်မည့် ခြေလှမ်းတစ်ရပ်အဖြစ် ဆွေးနွေးနိုင်ခဲ့ကြောင်း သိရသည်။ **မြဝတီ**

➲ မိုးသည်းထန်စွာရွာသွန်းခြင်းမှ

နိုဝင်ဘာလ ၁၂ ရက်အတွင်း နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားနှင့် ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျားမှနေရာကျဲကျဲ မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၇ ပေမှ ၉ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပွလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ တိုက်ခတ်လာသောလေနွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီးရပ်ဝန်းဒေသမှတိုက်ခတ်လာသောလေအေးများ တွေ့ဆုံမှုကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်းကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ **(မိုး/၈လ)**

အာကာသဆိုင်ရာ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲနှင့် အာကာသနည်းပညာဆိုင်ရာပြဿနာများသို့ လာရောက်ကြည့်ရှုသူများဖြင့် အထူးစည်ကား

နေပြည်တော် နိုဝင်ဘာ ၁၁

နေပြည်တော်ကောင်စီနှင့်မြန်မာ့အာကာသအေဂျင်စီတို့ ကြီးမှူးကျင်းပသည့် အခြေခံပညာအဆင့် အာကာသဆိုင်ရာ ပန်းချီ၊ကာတွန်း၊ ပိုစတာပြိုင်ပွဲနှင့် အာကာသနည်းပညာဆိုင်ရာပြဿနာများ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ (MICC-1) ၌ ကျင်းပပြီး မူလတန်းအဆင့်၌ “အာကာသအိပ်မက်” ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ကြကာ ယနေ့တွင် အခြေခံပညာအလယ်တန်းအဆင့် အာကာသဆိုင်ရာ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲကို “လူသားနှင့် အနာဂတ်အာကာသ” ခေါင်းစဉ်ဖြင့်ကျင်းပသည်။

အနာဂတ်မျိုးဆက်သစ်လူငယ်မောင်မယ်များ အာကာသသိပ္ပံနှင့် နည်းပညာများကို စိတ်ဝင်စားပြီး အနုပညာမှတစ်ဆင့် သိပ္ပံဆိုင်ရာ စိတ်ကူးစိတ်သန်းများ ဖော်ထုတ်ပြသနိုင်ရန်ရည်ရွယ်ချက်ဖြင့် အဆိုပါပြိုင်ပွဲများကို ဆောင်ရွက်ပေးခြင်းဖြစ်သည်။

အာကာသနည်းပညာဆိုင်ရာပြဿနာများတွင် အာကာသနှင့် AI နည်းပညာသုံး စိုက်ပျိုးရေးစနစ်ပြဿနာ၊ အာကာသနှင့် AI နည်းပညာအသုံးချပြဿနာရှိ ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင်စောင့်ကြည့်လေ့လာရေးစနစ်ဂြိုဟ်တုနည်းပညာအသုံးချ Application များ၊ AI နှင့် အမေးအဖြေ ကဏ္ဍ၊ AI အသုံးပြုစိတ်ဝင်စားဖွယ်ဂိမ်းများ၊ စက်ရုပ်နည်းပညာပြဿနာ၊ သိပ္ပံ၊ နည်းပညာအင်ဂျင်နီယာနှင့် သချိုင်းပညာရပ်ပြဿနာ၊ နက္ခတ်တာရာနှင့်အာကာသသိပ္ပံပြဿနာ၊ အာကာသစူးစမ်းလေ့လာရေးပြဿနာ၊ နက်ရှိုင်းသောအာကာသ စူးစမ်းလေ့လာရေးသုတေသနပြဿနာများပြသထားပြီး ပြဿနာများကို ယနေ့တွင် ကျောင်းသား၊ ကျောင်းသူများနှင့် ပြည်သူ့ဝန်ထမ်းဦးလာရောက်လေ့လာခဲ့ကြကြောင်းနှင့် အဆိုပါပြဿနာများကို နိဝင်ဘာလ ၁၃ ရက်အထိ နေ့စဉ် နံနက် ၈ နာရီခွဲမှည ၆ နာရီအထိ လာရောက်လေ့လာနိုင်ကြောင်း သိရသည်။

နေပြည်တော်(ပြန်/ဆက်)

❖ အယ်လ်နီညိုဖြစ်စဉ်မှ

(EastcentralTropical Pacific Ocean)တွင် ပင်လယ်ရေမျက်နှာပြင်အပူချိန်မှာ ပုံမှန်အပူချိန်အထက်သို့ ၂ ဒသမ ၅ ဒီဂရီဆဲလ်စီးယက်မှ ၂ ဒသမ ၈ ဒီဂရီဆဲလ်စီးယက်အထိပိုနေပြီး လေထုဖြစ်စဉ်များမှာ အားအလွန်ကောင်းသောအယ်လ်နီညိုအခြေအနေတွင် ဆက်လက်တည်ရှိနေသည်။ ၂၀၂၆ ခုနှစ် နိုဝင်ဘာလနှင့်ဒီဇင်ဘာလတို့တွင် အယ်လ်နီညိုအခြင့်ဆုံးအခြေအနေသို့ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

အယ်လ်နီညိုဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်သည့်ဖြစ်စဉ်ဖြစ်သော်လည်း အဆိုပါအယ်လ်နီညိုဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုမှာ မိုးရွာသွန်းမှုပုံစံမူမမှန်ခြင်း၊ မုန်တိုင်းဖြစ်ပေါ်မှုများမူမမှန်ခြင်း၊ လာမည့်ဆောင်းရာသီနှင့်နွေရာသီကာလတို့တွင် အပူချိန်များမြင့်မားခြင်း၊ မိုးခေါင်ရေရှားခြင်း စသည့်အစွန်းရောက်မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်သည်။

အဆိုပါအယ်လ်နီညိုဖြစ်စဉ်ကြောင့် လာမည့်ဆောင်းရာသီနှင့်နွေရာသီကာလတို့၌ အပူချိန်မြင့်မားခြင်းနှင့်ရေရှားပါးမှုများဖြစ်ပေါ်လာနိုင်ပြီး မြစ်ချောင်း၊ အင်းအိုင်၊ ရေတွင်းရေကန်များတွင် ရေနည်းပါးနိုင်ခြင်း၊ သောက်သုံးရေနှင့်စိုက်ပျိုးရေပြတ်လပ်ခြင်း၊ ရေမလုံလောက်မှုများဖြစ်ပေါ်လာနိုင်ခြင်း၊ အပူလျှပ်ခြင်း၊ ရေဓာတ်ခန်းခြောက်ခြင်း၊ ရေရှားပါးမှုမှတစ်ဆင့် ဝမ်းပျက်၊ ဝမ်းလျှောရောဂါဖြစ်ခြင်း၊ ရေလောင်တမံများတွင် ရေဝင်နည်းပါးခြင်းကြောင့် ရေအားလျှပ်စစ်ထုတ်လုပ်နိုင်မှုလျော့နည်းသွားနိုင်၍ လျှပ်စစ်ဓာတ်အားလိုအပ်ချက်မြင့်မားလာခြင်းတို့ဖြစ်ပေါ်နိုင်ပါသဖြင့် သက်ဆိုင်ရာကဏ္ဍများအလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်ပါရန် အကြံပြုထားသည်။

အယ်လ်နီညိုဖြစ်ပေါ်မှုနှင့်ပတ်သက်သည့်အခြေအနေများအား အချိန်နှင့်တစ်ပြေးညီ ဆက်လက်ထုတ်ပြန်ပေးပို့သွားမည်ဖြစ်ပါသည်။

(မိုး/၈လ)

အဖိုးတန်ရေချို၊ တန်ဖိုးထားထိန်းသိမ်းကြစေလို။

စစ်သူကြီး မဟာမင်းထင်နော်ရထာ

ကြည်မင်းဝေ

ယမန်နေ့မှအဆက်

"မောင်မောင် စောစောကလာတာ သုံးဆယ်မင်းသားစံအိမ်တော်က လုံမငယ်မဟုတ်လား၊ သတိတော့ထားပါမောင်၊ နန်းလျာအရေး အင်မတန်မှ ရှုပ်ထွေးနေပြီမောင်မောင်"

ရွှေနန်းတော်အတွင်း အပျိုတော်ကြီးကမွေးဖွားကာ ရွှေနန်းတော်အတွင်း၌ကြီးပြင်းခဲ့သူ မယ်ကြင်ထွေးက လိမ္မာပါးနပ်စွာပင် နောက်ပါးကကပ်ပါလာရင်း သတိပေးစကားပြောလေ၏။ ထို့ပြင် ခင်လွန်းကလည်း ဤကိစ္စ သူလည်းသိသည်ဟူသောသဘောဖြင့် လက်ဖက်ရည်ဗန်းလာချရင်း နားထောင်နေလေသည်။ စံနက်ကျော်လည်း မယားနှစ်ယောက် ရှေ့၌ပင် စာကိုဖတ်ကြည့်လိုက်သည်။

မောင်စံ ဒီည အိမ်တော်သို့အမြန်လာ ကိုယ်တော်တိုင်ပင်စရာရှိ

ပုံ/ သုံးဆယ်

ကြေးနန်းစာရေးနည်းဖတ်နည်းပညာကို ကျွမ်းကျင်သူမင်းသားကြီးက စာကို တိုတိုတုတ်တုတ် ထိထိမိမိရေးထား၏။ စာဖတ်အပြီး စံနက်ကျော်က ဘယ်လိုလဲဟူသောသဘောဖြင့် မယားနှစ်ယောက်မျက်နှာကို ကြည့်လိုက်သည်။

"ရွှေနန်းတော်အတွင်းမှာတော့ ဘဘုရား ရွှေနန်းရှင်ထီးဘုရားကြီးလည်း အတန်ပင်နာမကျန်းဖြစ်နေတယ်လို့ကြားပါတယ်။ နန်းညွှန့် နန်းလျာပြဿနာကလည်း အလယ်နန်းမတော်မိဖုရားကြီးနဲ့ ဘိုးဘိုးကောင်းတို့က ချုပ်ကိုင်ထားပြီလို့ နှမတော်ထင်တယ်၊ မောင်မောင် သုံးသပ်ဆင်ခြင်ပါလို့"

"အင်း ဘယ်လိုဖြစ်ဖြစ် အရှင့်သားတော်ကြီးပေပဲ၊ အခေါ်တော်ရှိပြီဆိုမှဖြင့် မောင်သွားရမှာပဲ့!" မယ်ကြင်ထွေးနှင့်စံနက်ကျော်ပြောနေကြသောစကားများကို နားထောင်နေသောခင်လွန်းက စာကိုသေသေချာချာပြန်ဖတ်ကြည့်ပြီး -

"စာက တိုတိုလေးဆိုပေမယ့် အဓိပ္ပာယ်က သိပ်အရေးကြီးတယ်ဆိုတဲ့သဘောပါနေတယ်မောင်ကြီး၊ သုံးဆယ်ကိုယ်တော်ကြီးဟာ အလွန်ဖြောင့်မတ်မှန်ကန်တဲ့ မင်းသားတစ်ပါးပါ၊ မောင်ကြီးလည်း ကြည်ညိုရင်းစွဲရှိတဲ့မင်းသားပဲ၊ စာထဲမှာလည်း မောင်ကြီးကို အားကိုးတကြီးလာစေချင်လို့ဆိုတာ ရှင်းနေတယ်နော်မောင်ကြီး"

"အဲ့လိုဆိုရင် မောင်ကြီးသွားသင့်တယ်ဆိုတဲ့သဘောပေါ့၊ ဘာပဲဖြစ်ဖြစ် ဘဘဘုရားကိုတော့ အသိပေးမှတော်မယ် နှမတို့"

မင်းလှနေဝံရထာဦးကျော်ရွှေးကိုယ်တိုင်ကလည်း လူစွမ်းလူစကောင်းပြီး ရာဇမောန်အပြည့်နှင့် ထက်မြက်ကြသော ညောင်ရမ်း၊ ညောင်အုပ်၊ သုံးဆယ်၊ မက္ခရာ၊ ပင်းတလဲ အစရှိသောမင်းသားကြီးများကို ကြည်ညိုရင်းစွဲရှိသဖြင့် သွားသင့်သည်ဟု ဆုံးဖြတ်ပေးလိုက်လေသည်။

"ကဲ အဲ့သဟာဆိုရင်ဖြင့် သူ့ဆန်စားမှတော့ သူ့တရားလည်းနာရတော့မပေါ့၊ သူ့တရားနာတော့လည်း သူ့စကားယုံရမှာပဲ၊ နှမတော်တို့လည်း ခေးရေးကျွမ်းကြပြီးသားပဲ၊ ဒီရက်ပိုင်းမှာ သတိနှင့်သာနေကြပေရော့၊ ဖြစ်သမျှအကြောင်းဟာ မင်းလောင်းကစမယ့် ပြဿနာပဲ၊ လက်ဝဲလက်ျာမပါကြဖို့ဘဲလိုတယ် နှမတို့"

ကိုယ်လည်း ဝင်ရောက်ဆုံးဖြတ်၍မရသောပြဿနာဖြစ်၍ စံနက်ကျော်စကားက ဓမ္မဓိဋ္ဌာန်ကျလှသည်။ သို့သော်လည်း အိမ်တော်၌ နောက်ထပ် ရွှေဘုံရွှေနန်းကိစ္စ မည်သူမျှစကားဟဟမပြောကြရန် ဦးကျော်ရွှေးက သတိပေးလေသည်။

စံနက်ကျော်ရောက်သွားချိန်တွင် သုံးဆယ်မင်းသားကြီးက စာကြည့်ဆောင်တော်တွင်စံနေတော်မူ၏။ စံနက်ကျော်ကို ပျံဝဲဝံခစားရန်မလိုဘဲ ခွေးခြေခုံတစ်လုံးပေါ်တွင်ထိုင်ရန် မိန့်တော်မူရှာသည်။ ပြီးလျှင် မင်းသားကြီးခမျာ သက်ပြင်းရှည်ကြီးကို ချလိုက်ရှာသည်။ ရွှေနန်းတော်အတွင်း မည်မျှအရေးကြီးနေပြီဆိုသည်ကို လက်သုံးတော်မား အနားဌ၌အသင့် ထားတော်မူသည်ကိုကြည့်၍ စံနက်ကျော် သဘောပေါက်မိလေသည်။

"အိမ်း မတော်လောဘမရှိကလည်း နန်းရေးနန်းရာသွေးကပါတော့ တစ်နွယ်ငင်၍ တစ်စင်တော့ပါကုန်ကြပြီ ငစံနက်ရေ၊ မောင်မင်းကို ခေါ်ရတဲ့ကြောင်းရင်းကတော့ ကိုယ်တော့်မိသားစုကို လုံခြုံစိတ်ချရာအရပ်ကိုပို့ဖို့ပဲ"

စံနက်ကျော်ခန္ဓာကိုယ်ကြီး တောင့်ခနဲဖြစ်သွားမိသည်။ ဘူးတစ်ရာအပေါက်ကိုသာပိတ်၍ရမည်၊ လူပါးစပ်တစ်ပေါက်ကိုပိတ်ရန် ခက်ခဲချေ၏။ ဤသို့သာဆိုလျှင် သူ့မိသားစုလည်း တက်လာမည့်ရွှေနန်းရှင်လက်ထက် ဇကန်သူပုန်ဖြစ်ရပေတော့မည်။

"အခု ရွှေနန်းတော်တွင်းအခြေအနေက ဘယ်လိုတဲ့လဲဘုရား၊ မိန့်တော်မူပါဦးဘုရား"

"အိမ်း ကိုယ်တော့်အထင် ဆင်ဖြူမရှင်တို့၊ ဦးကောင်းတို့က သားတော်၊ သမီးတော်၊ ဆွေတော်မျိုးတော်တွေကို ဒုက္ခပေးကြတော့မယ်။ ဖခမည်းတော်ကိုလည်း ဘယ်သူမှဖူးမြော်ခွင့်မရ၊ အနားမှာ သူတို့ကသာ ခြယ်လှယ်နေကြတယ်မောင်မင်း"

"စံနက်ကျော်ရောက်သွားချိန်တွင် သုံးဆယ်မင်းသားကြီးက စာကြည့်ဆောင်တော်တွင် စံနေတော်မူ၏။ စံနက်ကျော်ကို ပျံဝဲဝံခစားရန်မလိုဘဲ ခွေးခြေခုံတစ်လုံးပေါ်တွင်ထိုင်ရန် မိန့်တော်မူရှာသည်။ ပြီးလျှင် မင်းသားကြီးခမျာ သက်ပြင်းရှည်ကြီးကို ချလိုက်ရှာသည်။ ရွှေနန်းတော်အတွင်း မည်မျှအရေးကြီးနေပြီဆိုသည်ကို . . ."

"မှန်ပါ့ဘုရား ကျွန်တော်မျိုး ဘဘုရားနဲ့တိုင်ပင်ပြီး ဘယ်အရပ် ဘယ်ဒေသက အရှင့်သားတို့အတွက် လုံခြုံလေမလဲ စီမံပါ့မယ်ဘုရား"

"အိမ်း ကိုယ်တော့်သားတော်လေးတွေအတွက် ကြောင့်ကြတော်မူတယ်ကွယ်၊ ဟော မောင်မင်း အရေးတော်ပေါ်လေပြီထင်ရဲ့၊ ငါမရှိရင်သာငါ့မိဖုရားတွေနဲ့ သားတော်လေးတွေကို စောင့်ရှောက်ပေး။ ကဲ စံအိမ်တော် နောက်ပေါက်က အမြန်ပြေးပေတော့မောင်မင်း ပြေးတော့"

ကိုယ်တော်ကြီးဘုရားက မီးတိုင်ငယ်ကို အလျင်အမြန်မှုတ်ငြိမ်းတော်မူကာ စံနက်ကျော်ကို နောက်ဖေးအဆောင်တော်မှ ပြေးခိုင်းလေသည်။ အိမ်တော်ရှေ့တွင် ရွှေနန်းတော်လုံခြုံရေးရဲမက်များနှင့် အလယ်နန်းမတော် ဆင်ဖြူမရှင်မိဖုရားကြီး၏ တပ်တော်များက ဝိုင်းထားကြလေပြီ။

ဆက်လက်ဖော်ပြပါမည်။

သာကေတမြို့နယ် စံပြဥယျာဉ်ဧရိယာ၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းနှင့် မီးငြိမ်းသတ်နည်းသရုပ်ပြခြင်းဆောင်ရွက်

ရန်ကုန် နိုဝင်ဘာ ၁၁

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်ခရိုင် သာကေတမြို့နယ် စည်ပင်သာယာဧရိယာများအတွင်းရှိ ဈေးသူဈေးသားများ မီးဘေး အန္တရာယ် ကြိုတင်ကာကွယ်နိုင်ရန်နှင့် မီးငြိမ်းသတ်နည်း အသိပညာများရရှိစေရန် ရည်ရွယ်၍ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ကြီးကြပ်မှု၊ မြို့နယ်မီးသတ်ဦးစီးဌာန၏ ဦးဆောင်မှုဖြင့် မီးဘေးအန္တရာယ်ကာကွယ်ရေး အသိပညာပေးခြင်း၊ မီးငြိမ်းသတ်နည်းသရုပ်ပြခြင်းနှင့် စစ်ဆေးခြင်းများကို ယနေ့တွင် စံပြဥယျာဉ်ဧရိယာ၌ ဆောင်ရွက်သည်။

ရှေးဦးစွာ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးမင်းမင်းက မီးလောင်မှု ဖြစ်ပွားရသည့် အကြောင်းရင်းများနှင့် ကာကွယ်ရန်နည်းလမ်းများကို အသိပညာပေးရှင်းလင်းပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူး နှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူး အသုံးပြုပုံအဆင့်ဆင့်နှင့် မီးငြိမ်းသတ်နည်းအဆင့်ဆင့်တို့ကိုလည်းကောင်း၊ မီးသတ်စက်၊ မီးငြိမ်းသတ်ရေးယာဉ်ကြီးများဖြင့် အရေးပေါ်မီးငြိမ်းသတ်နည်းအဆင့်ဆင့်ကိုလည်းကောင်း လက်တွေ့သရုပ်ပြဆောင်ရွက်ကြသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်သူနှင့် ကော်မတီဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးမင်းမင်းနှင့် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များက ဈေးအတွင်း မီးဘေးလုံခြုံရေး ပြင်ဆင်ထားရှိမှုအခြေအနေများကို လိုက်လံစစ်ဆေးကြပြီး လိုအပ်သည်များကို ဈေးကော်မတီဝင်များနှင့် ဈေးသူဈေးသားများအား မှာကြားခဲ့ကြောင်း သိရသည်။



ကျော်ကျော်(ပြန်/ဆက်)

ရေချွေတာသုံးစွဲရေးနှင့် ရေအရင်းအမြစ်ထိန်းသိမ်းရေးဆိုင်ရာ လူထုလှုပ်ရှားမှုတွင် တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ပါ။

Vita Max Title Sponsorship Signing Ceremony 2026 အခမ်းအနားကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၁

မြန်မာ့ဖူဆယ် အားကစားလောက ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြိုင်ပွဲများ ပိုမိုခမ်းနားစွာကျင်းပနိုင်ရေးအတွက်ရည်ရွယ်၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့် သဲသောင်ပြင် ဘောလုံးကော်မတီနှင့် Vita Max တို့၏ Title Sponsorship Signing Ceremony 2026 အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ရှေးဦးစွာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးထွန်းထွန်းအောင်က မြန်မာ့ဖူဆယ်သည် ယခုအခါ ကိုယ်ပိုင်ကွင်းများနှင့် ကျင်းပနိုင်သည်အထိ တိုးတက်လာကာ နိုင်ငံတကာအသင်းများနှင့်ပါ ယှဉ်ပြိုင်ခွင့်ရလာခြင်းမှာ အထူးဂုဏ်ယူစရာဖြစ်ကြောင်း၊ ပြိုင်ပွဲများ မည်မျှပင် ကျင်းပစေကာမူ ဝင်ရောက်ယှဉ်ပြိုင်မည့်အသင်းများ မရှိပါက ပြိုင်ပွဲများ ဖြစ်မြောက်နိုင်မည် မဟုတ်သဖြင့် ယခုကဲ့သို့ ငွေကြေး အခက်အခဲများနှင့် စိန်ခေါ်မှုများကြားမှ ဝင်ရောက်ယှဉ်ပြိုင်ပေးနေကြသည့် ကလပ်အသင်းများကို အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ အဓိကစပွန်ဆာဖြစ်သော Century Beverages Co., Ltd. (Vita Max) ၏ Managing Director ဦးစိုင်းဝင်းအောင်က Myanmar Futsal League I & II အမှတ်ပေးပြိုင်ပွဲများကို ပါဝင်ကူညီရခြင်းနှင့် ပတ်သက်၍ အမှတ်တရစကားပြောကြားသည်။

ထို့နောက် အခမ်းအနား၏ အဓိကအစီအစဉ်ဖြစ်သော Vita Max နှင့် ဖူဆယ်နှင့်သဲသောင်ပြင်ဘောလုံးကော်မတီတို့ကြား Title Sponsorship သဘောတူညီချက် လက်မှတ်ရေးထိုးခြင်းနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ခြင်းတို့ကို ဆောင်ရွက်ကြပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်လိဂ်ကော်မတီဥက္ကဋ္ဌ ဦးကြည်မင်းသိန်းက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

အခမ်းအနားအပြီးတွင် တက်ရောက်လာကြသော ဧည့်သည်များ၊ ကလပ်အသင်းပိုင်ရှင်များနှင့် တာဝန်ရှိသူများက စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကြကြောင်း သိရသည်။ **လင်းခန့်**

လွှတ်တော်သို့လာရောက်လေ့လာသည့် ရန်ကုန်မြို့ ဗိုလ်တထောင်ခရိုင်မှ ဒေသခံပြည်သူများအား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ လက်ခံတွေ့ဆုံ



နေပြည်တော် နိုဝင်ဘာ ၁၁

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌဦးခင်ရီသည် တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၂၇) ရက်မြောက်နေ့အစည်းအဝေးသို့ လာရောက် လေ့လာသည့် ရန်ကုန်မြို့ ဗိုလ်တထောင်ခရိုင်မှ ဒေသခံပြည်သူများအား ယနေ့မွန်းလွဲပိုင်းတွင် ပြည်သူ့လွှတ်တော်(C)ဆောင်ဒုတိယထပ်ရှိ အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးခင်ရီက ၂၀၂၅ ခုနှစ်တွင် လွှတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲများ အောင်မြင်စွာ ကျင်းပပြီးနောက် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး ဟူ၍ မဏ္ဍိုင်ကြီး (၃) ရပ်ဖြင့် ဒီမိုကရေစီအစိုးရသစ်တစ်ရပ် ပေါ်ပေါက်လာသည့်အခြေအနေများ၊ ဥပဒေပြုရေးမဏ္ဍိုင်ဖြစ်သည့် လွှတ်တော်များ၏ ဖွဲ့စည်းပုံ၊ လုပ်ငန်းတာဝန်များ၊ ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များ၊ လွှတ်တော်များ၏ လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အထောက်အကူပြုသည့်ကော်မတီများ၏ ဖွဲ့စည်းပုံနှင့် သက်ဆိုင်ရာကဏ္ဍများအလိုက်ဆောင်ရွက်နေမှုအခြေအနေများကို အသေးစိတ်ရှင်းလင်းပြောကြားသည်။ မဲဆန္ဒရှင်ပြည်သူများအနေဖြင့်လည်း မိမိတို့ရွေးချယ်ပေးလိုက်သည့် ကိုယ်စားလှယ်များ၏ စွမ်းဆောင်မှုများကို အလေးထားစောင့်ကြည့်ပြီး မိမိတို့၏ဒေသအကျိုး၊ နိုင်ငံ့အကျိုးများဆောင်ရွက်နိုင်ရေး အကြံပြုတိုက်တွန်းသွားရန်နှင့် လွှတ်တော်ကို ပြည်သူများ ပိုမိုသိရှိစေရန် Social Media များမှတစ်ဆင့် ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နေသည့်အခြေအနေများ၊ လွှတ်တော်များဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာ (၂၀၂၇-၂၀၃၁) ကို ချမှတ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ပြည်သူများ၏ လိုလားချက်များကို လွှတ်တော်မှ အလေးထားအကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းခဲ့ပြီး ယခုလို လွှတ်တော်သို့ စိတ်ပါဝင်စားစွာ လာရောက်လေ့လာကြသည့်ပြည်သူများအနေဖြင့်လည်း ယနေ့ကိုယ်တိုင်တွေ့ကြုံလေ့လာခဲ့ရသည့် လွှတ်တော်ဆိုင်ရာ ဗဟုသုတများကို လက်ဆင့်ကမ်းမျှဝေနိုင်ရန် ပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းကြရာ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက အသေးစိတ်ရှင်းလင်းပြောကြားခဲ့သည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်းဒေသကြီးမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ဦးဥာဏ်ဝင်းထိုက်၊ ဦးစိုင်းလင်းလင်းထွဏ်း၊ ဦးဝင်းကျော်၊ ဦးကျော်စန်းဦး၊ ဒေါ်အေးမြမြကြိုင်နှင့် ပြည်သူ့လွှတ်တော်ရုံးမှတာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။ မြဝတီ

လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID ထုတ်ပေးခြင်းလုပ်ငန်းကို ဥပဒေနှင့်အညီ စိစစ်ဆောင်ရွက်၍ မှန်ကန်မြန်ဆန်စွာ ထုတ်ပေးရေးနှင့် ဥပဒေအရ အကျုံးမဝင်သူများအား မှားယွင်းထုတ်ပေးမှုမရှိစေရေး မှာကြား



နေပြည်တော် နိုဝင်ဘာ ၁၁

နိုင်ငံသားအရည်အချင်းနှင့် ပြည့်မီသူများအား လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID ထုတ်ပေးခြင်းလုပ်ငန်းကို ဥပဒေနှင့်အညီစိစစ်ဆောင်ရွက်၍ မှန်ကန်မြန်ဆန်စွာထုတ်ပေးရေးနှင့် ဥပဒေအရ အကျုံးမဝင်သူများအား မှားယွင်းထုတ်ပေးမှုမရှိစေရေး စနစ်တကျဆောင်ရွက်သွားရန် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဦးမြင့်ကြိုင်က ဝန်ထမ်းများနှင့်တွေ့ဆုံစဉ်မှာကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် ယနေ့နံနက်ပိုင်းတွင်မော်လမြိုင်မြို့မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး ရာမညခန်းမ၌ မွန်ပြည်နယ်အတွင်းရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဦးစီးမှူးများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံစဉ် ထိုသို့ ထည့်သွင်းမှာကြားခဲ့ခြင်းဖြစ်ပြီး ၂၀၂၇ ခုနှစ် ဧပြီလ ၄ ရက်တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲ၌ မွန်ပြည်နယ်အနေဖြင့် ကျိုက်မရောမြို့နယ်တွင်သာ ကျင်းပရန်ရှိသော်လည်း မဲဆန္ဒရှင်စာရင်းအတွက်အတည်ပြုလူဦးရေစာရင်း မှန်ကန်စေရေး ဆောင်ရွက်သည့် လုပ်ငန်းအား အခြားမြို့နယ်များ၌လည်း ဆက်စပ်ဌာနအဖွဲ့အစည်းများနှင့် အမြဲမပြတ် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ကြရေး ရှင်းလင်းပြောကြားကာ ဝန်ထမ်းများ၏ လုပ်ငန်းဆိုင်ရာတင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် ကရင်ပြည်နယ်အစိုးရအဖွဲ့၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဗိုလ်မှူးကြီးစိုးမိုးဝင်းနှင့် အတူ ဘားအံမြို့ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဘားအံမြို့နယ် ဦးစီးမှူးရုံးသို့ သွားရောက်၍ မြို့နယ်ရုံးအဝင်၌ ဧည့်ကြိုကောင်တာ ထားရှိဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးပြီး နားနေဆောင်ရှိဒေသခံပြည်သူများအား လာရောက်ဆောင်ရွက်သည့် လုပ်ငန်းအခြေအနေများကို မေးမြန်းဆွေးနွေး၍ ကြုံတွေ့ရသည့် အခက်အခဲများကို တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ကရင်ပြည်နယ်ဦးစီးမှူးရုံးအစည်းအဝေးခန်းမ၌ ကရင်ပြည်နယ်အတွင်းရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဦးစီးမှူးများနှင့် ဝန်ထမ်းများအား တွေ့ဆုံကာ ဝန်ထမ်းများအနေဖြင့် ပြည်သူအပေါ် ယဉ်ကျေးပျူငှာစွာဆက်ဆံဆောင်ရွက်ကြရေး၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့် အညီ ဆောင်ရွက်ပြီး မလိုအပ်ဘဲ လုပ်ငန်းကြန့်ကြာမှုမရှိစေရေး၊ လမင်းစီမံချက်ဖြင့် ဆောင်ရွက်နေသည့် နိုင်ငံသားကတ်နှင့် UID နံပါတ်ကောက်ယူထုတ်ပေးခြင်း လုပ်ငန်းအောင်မြင်ရေး ကိစ္စရပ်များကိုမှာကြားကာ ဝန်ထမ်းများ၏ လုပ်ငန်းဆိုင်ရာ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်းသတင်းရရှိသည်။

မြဝတီ

ကြက်ဖမွေးဇောင်းကျွန်းပတ်တာအတွင်း နွေသီးထပ်စိုက်ကေ ၁၀၀၀၀ ကျော်အထိ တိုးတက်စိုက်ပျိုးလာနိုင်

ပုသိမ် နိုဝင်ဘာ ၁၁

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ်တွင် ကြက်ဖမွေးဇောင်းကျွန်းပတ်တာအတွင်း ချောင်းမြောင်းများတူးဖော်ခြင်းနှင့် ရေသွင်းရေထိန်းတံခါးများ ပြုပြင်တည်ဆောက်ပေးခဲ့မှုကြောင့် ယခင်က နွေသီးထပ်စိုက်ဧကအများဆုံး ၆၀၀၀ ခန့်သာ စိုက်ပျိုးနိုင်ခဲ့ရာမှ ယခုအခါ ၁၆၀၀၀ ကျော် အထိ ဧက ၁၀၀၀၀ ကျော် တိုးတက်စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ဖျာပုံမြို့နယ် သပြေကန်သိမ်ကုန်းဇရိယာအတွင်း နွေစပါးစိုက်ပျိုးရေလုံလောက်စွာတိုးတက်ပေးဝေနိုင်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေ၊ ကြက်ဖမွေးဇောင်းကျွန်းပတ်တာ တာမိုင် ၃/၂ မှ ၉/၂ အတွင်း တာပုံစံကျ တာမြွင့်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကြက်ဖမွေးဇောင်း ကျွန်းပတ်တာအတွင်းမှ ရေချိုကို သွင်းယူ၍ ဘိုကလေးမြို့နယ် ဒေါင့်ကြီးအရှေ့ ကျွန်းပတ်တာအတွင်း နွေသီးထပ် ၂၂၀၀ ဧကတိုးချဲ့စိုက်ပျိုးနိုင်ရေး တူးမြောင်းတူးဖော်နေမှု၊ ကြက်ဖမွေးဇောင်း ကျွန်းပတ်တာ နွေစပါးစိုက်ဧက ၁၂၅၀ ဧကအား အကျိုးပြုမည့် အချင်း ၄ ပေအရွယ်အစား ၁၅ ပေါက်ပါ ဖလက်ရေထိန်းတံခါး ပြုပြင် ဆောင် ရွက် နေ မှု များကို ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့မှတစ်ဆင့် ဖျာပုံခရိုင် ဖျာပုံမြို့နယ် အောက္ကဘာကျေးရွာအုပ်စု ထိတန်ကျေးရွာ ကမာအောင်ဘုရားလေးကျောင်းတိုက်ဗုဒ္ဓဝိဟာ



ခမ္မာရုံတွင် ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး စိုက်ပျိုးရေး၊ ရေရရှိရေး၊ ရေငန်တားလုပ်ငန်းများ ဆွေးနွေးပြောကြားရာ ကျွန်းပတ်တာအတွင်း ပေါ်ဆန်းစပါးစိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်နေသည့် တောင်သူများနှင့် ဖျာပုံမြို့နယ် ဆန်စက်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌတို့က ရေငန်တားတာများနှင့်ရေထိန်းတံခါးများ ဆက်လက်ဖော်ဆောင်ပေးနိုင်ရေး၊ ကျန်ရှိသည့် ချောင်းကော၊ မြောင်းကောများ ပြန်လည်တူးဖော်နိုင်ရေး၊ ပေါ်ဆန်းအရည်အသွေးကောင်းမွန်ရေးအတွက် မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးသွားမည့်အခြေအနေများနှင့် အရည်အသွေး၊ အနံ့အရသာကောင်းမွန်သည့်ပေါ်ဆန်းဆန်များ ပိုမိုတိုးချဲ့တင်ပို့နိုင်ရေးတို့ကို ဆွေးနွေးကြသည်။

ဆက်လက်၍ ကျုံကဒွန်း-စက်ဆန်းပေါ်၌ ငါးဂွတံတား(၆၆)ပေ တည်ဆောက်ခြင်းလုပ်ငန်း၊ ကျုံကဒွန်း(ကမာပို)-ဘုန်းကြီးသောင်လမ်းပေါ်ရှိ မယ်လေးရိုးတံတားပေ ၁၄၀ တည်ဆောက်ခြင်းလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တည်ဆောက်ရန်၊ လုပ်ငန်းများကို သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးနိုင်ရေး စီမံဆောင်ရွက်ရန်၊ တည်ဆောက်ရေးလုပ်ငန်းအဆင့်ဆင့်ကို စနစ်တကျကြီးကြပ်စစ်ဆေးရန်နှင့် ရေရှည်အသုံးပြုနိုင်ရေးအတွက် လုပ်ငန်းခွင်အရည်အသွေးကို အလေးထားဆောင်ရွက်ကြရန်မှာကြားခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

ဘရာဇီးနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှနှင့်ပစိဖိတ်ရေးရာအတွင်းဝန် သံအမတ်ကြီး မစွစ် ဆူဇန် ကလီဘန့်အား ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ လက်ခံတွေ့ဆုံ



နေပြည်တော် နိုဝင်ဘာ ၁၁

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေသည် (၅) ကြိမ်မြောက် မြန်မာ-ဘရာဇီး နိုင်ငံရေးရာဆွေးနွေးပွဲသို့ တက်ရောက်ရန် မြန်မာနိုင်ငံသို့ ရောက်ရှိနေသည့် ဘရာဇီးနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှနှင့်ပစိဖိတ်ရေးရာအတွင်းဝန် သံအမတ်ကြီး မစွစ် ဆူဇန် ကလီဘန့်အား ယနေ့မွန်းလွဲ ၂ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန နေပြည်တော်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေး၊ အဆင့်မြင့်ခရီးစဉ်များစီစဉ်ရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတို့တွင် အပြန်အလှန် ထောက်ခံကူညီရေးတို့နှင့်ပတ်သက်၍ အမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မြဝတီ

မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီအစည်းအဝေးကျင်းပ



နေပြည်တော် နိုဝင်ဘာ ၁၁

နှစ်စဉ် ဒီဇင်ဘာလ ၃ ရက်တွင် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အခမ်းအနားကို ကျင်းပလျက်ရှိပြီး ယခု ၂၀၂၆ ခုနှစ်၌ "မသန်စွမ်းသူများ၏ အခွင့်အရေးကို ဆက်လက်မြှင့်တင်၍ ပိုမိုကောင်းမွန်သော အနာဂတ်ကို ဖော်ဆောင်ကြပါစို့" "The CRPD at 20: Building on Progress, Advancing the Future" ဆောင်ပုဒ်ဖြင့် နေပြည်တော်၌ နိုင်ငံတော်အဆင့် ကျင်းပသွားမည်ဖြစ်ပြီး တိုင်းဒေသကြီး၊ ပြည်နယ်များတွင်လည်း သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ကျင်းပဆောင်ရွက်ရန် ဆောင်ရွက်နေပါကြောင်း၊ မသန်စွမ်းသူများအတွက် ဆောင်ရွက်သည့် ကိစ္စများနှင့်စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဆက်စပ်ဝန်ကြီးဌာနများအပြင် မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ်နှင့် မသန်စွမ်းအဖွဲ့အစည်းများက အပြုသဘောပူးပေါင်းဆောင်ရွက်ရန်လိုအပ်ပါကြောင်း မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုလွင်က ပြောကြားသည်။

ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီ အစည်းအဝေး၌ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် ယင်းသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ လုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌများဖြစ်သည့် ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင်၊ မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ်ဥက္ကဋ္ဌ ဦးသိန်းဟန်သူ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြန်လည်နေရာချထားရေးညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်သိန်းနိုင်နှင့် ဝန်ကြီးဌာနအသီးသီးမှ လုပ်ငန်းကော်မတီဝင်များက မသန်စွမ်းသူများ၏ အခွင့်အရေးနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများကိုလည်းကောင်း၊ လုပ်ငန်းကော်မတီဝင် မသန်စွမ်းကိုယ်စားလှယ်များက ဆောင်ရွက်ပေးစေလိုသည့် အချက်များကိုလည်း ကောင်းနှင်းလင်းတင်ပြခဲ့ကြကြောင်း သိရသည်။

မြဝတီ

မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E.Mr. Abhay Thakur နှင့် ကိုယ်စားလှယ်အဖွဲ့အား ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တွေ့ဆုံ



ပဲခူး နိုဝင်ဘာ ၁၁

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E.Mr.Abhay Thakur နှင့် ကိုယ်စားလှယ်အဖွဲ့အား ယမန်နေ့မွန်းလွဲပိုင်းက ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် တွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံစဉ်မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား စိုက်ပျိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ ချစ်ကြည်ရင်းနှီးမှုနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပြီး အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြကြောင်းသိရသည်။

ဥသာတိုင်းသား

အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Arnaud de Baecque အား ဒုတိယဝန်ကြီး ဦးကိုကိုကျော် လက်ခံတွေ့ဆုံ



နေပြည်တော် နိုဝင်ဘာ ၁၁

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်သည် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Arnaud de Baecque အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနဌ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ၌ ICRC က ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့်လူသားချင်းစာနာမှု အကူအညီများ ပေးအပ်ရေးနှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။ တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအရာရှိများပါဝင်တက်ရောက်ခဲ့ကြကြောင်းသိရသည်။

မြဝတီ

နေ့အပူချိန်များ တိုးလာနိုင်

နေပြည်တော် နိုဝင်ဘာ ၁၁

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေ့အပူချိန်များတိုးလာနိုင်ပါသည်။ **(မိုး/၈လ)**

(၅) ကြိမ်မြောက် မြန်မာ-ဘရာဇီး နိုင်ငံရေးရာဆွေးနွေးပွဲကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၁

မြန်မာ-ဘရာဇီး နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား (၅) ကြိမ်မြောက် နိုင်ငံရေးရာဆွေးနွေးပွဲကို နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်နှင့် ဘရာဇီးနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှနှင့်ပစိဖိတ်ရေးရာအတွင်းဝန် (ဒုတိယဝန်ကြီးအဆင့်)ဖြစ်သူ သံအမတ်ကြီး မစွစ် ဆူဇန် ကလီဘန့်တို့ဦးဆောင်၍ယနေ့ နံနက်ပိုင်းတွင်နေပြည်တော်ရှိ M Gallery ဟိုတယ်၌ ကျင်းပသည်။



အစည်းအဝေးတွင် နှစ်ဖက်ကိုယ်စားလှယ်များသည် မြန်မာနိုင်ငံနှင့် ဘရာဇီးနိုင်ငံတို့အကြား လက်ရှိပူးပေါင်းဆောင်ရွက်မှုများ၏ တိုးတက်မှုအခြေအနေများ၊ အထူးသဖြင့် ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ စိုက်ပျိုးရေး၊ နည်းပညာပူးပေါင်းဆောင်ရွက်မှု၊ ယဉ်ကျေးမှုနှင့် ကောင်စစ်ရေးရာကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးကြသည်။

ထို့ပြင် နှစ်ဖက်အကျိုးစီးပွားဖြစ်ထွန်းစေမည့်ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရေး၊ အဆင့်တိုင်းတွင် ထိတွေ့ဆက်ဆံမှုများကို ပိုမိုပြုလုပ်ရေးနှင့်ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတို့တွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုနက်ရှိုင်းစေရေးတို့ကို ဆွေးနွေးသဘောတူညီခဲ့ကြသည်။

ထို့နောက် မြန်မာနိုင်ငံနှင့် ဘရာဇီးနိုင်ငံတို့၏ ဖြစ်ပေါ်တိုးတက်မှုများနှင့် ပတ်သက်၍ ဆွေးနွေးကြပြီး ဒေသတွင်းနှင့် နိုင်ငံတကာရေးရာကိစ္စရပ်များအပေါ် တွင်လည်း အမြင်ချင်းဖလှယ်ကြသည်။

အစည်းအဝေး အပြီးတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်က ဧည့်သည်တော် ဘရာဇီးနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနအတွင်းဝန်နှင့် ကိုယ်စားလှယ်အဖွဲ့အား M Gallery Hotel ၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ဘရာဇီးနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှနှင့်ပစိဖိတ်ရေးရာအတွင်းဝန်သည် ခရီးစဉ်အတွင်း ရန်ကုန်မြို့၌ ရွှေတိဂုံစေတီတော်နှင့် နေပြည်တော်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတို့သို့ သွားရောက်ဖူးမြော်ခဲ့ကြောင်း သိရှိရသည်။

မြဝတီ

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၇ ရက်မြောက်နေ့ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၁

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၇ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီးများနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။



တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၇ ရက်မြောက်နေ့ကျင်းပစဉ်။

အစည်းအဝေးတွင် လျှပ်စစ်မီးအချိန်ပြည့်ရရှိရေး၊ စာသင်ကျောင်းများ ပြုပြင်ပေးနိုင်ရေးနှင့် ကျောင်းဆောင်သစ် ဆောက်လုပ်ပေးနိုင်ရေး၊ ကိုယ့်အားကိုယ်ကိုးကျောင်းအား အစိုးရကျောင်းအဖြစ် ဖွင့်လှစ်ပေးနိုင်ရေး၊ မြို့နယ်ချင်းဆက်လမ်းနှင့် တံတားများပြုပြင်ထိန်းသိမ်းပေးနိုင်ရေး၊ အင်္ဂါးအိမ်ရာစနစ် ဖော်ဆောင်ပေးနိုင်ရေး၊ အဆင့်မြင့် ကင်ဆာကုထုံးစက်ကိရိယာများ ဆောင်ရွက်ပေးနိုင်ရေးနှင့် ဆေးရုံအဆင့်မြှင့်တင်ပေးနိုင်ရေး၊ Digital X-Ray စက်နှင့် ဆက်စပ်ပစ္စည်းများ ထောက်ပံ့ပေးနိုင်ရေးတို့နှင့် စပ်လျဉ်း၍ မေးခွန်း ၁၄ ခု မေးမြန်းဖြေကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ ကျောက်ပန်းတောင်း မဲဆန္ဒနယ်မှ **ဦးဝင်းမြင့်မောင်၏ ပုဂံမြို့ရှိ ရှင်အဇ္ဈဂေါဏဘုရား၏ ဘွဲ့အမည်အား "မဟာသမန်းကြီးဂူဘုရား" ဟု ပြောင်းလဲပေးနိုင်ခြင်းရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းက ရှင်အဇ္ဈဂေါဏဘုရားကို မဟာသမန်းကြီးဂူဘုရား အဖြစ် ပြောင်းလဲခေါ်တွင်မည်ဆိုပါက ပုဂံရှေးဟောင်းယဉ်ကျေးမှုဒေသရှိ ရှေးဟောင်းစေတီပုထိုးများ၏အမည်များမှာ ယူနက်စကို၏ မှတ်တမ်းအချက်အလက်များတွင် အတည်ပြုထားပြီးဖြစ်၍ UNESCO နှင့် ရေရှည်ညှိနှိုင်းဆောင်ရွက်ရမည့်လုပ်ငန်းစဉ်တစ်ခု ဖြစ်လာနိုင်ပါကြောင်း၊ ထို့ပြင် ပါးစပ်ရာဇဝင် အခေါ်ဖြင့် အသိအမှတ်ပြုထားသော ဘုရားစေတီများကိုလည်း အမည်ပြောင်းလဲ ခေါ်တွင်ရန် တောင်းဆိုမှုများ ရှိလာနိုင်ပါကြောင်း၊ ရှင်အဇ္ဈဂေါဏဘုရားသြဝါဒါစရိယဆရာတော်(၇)ပါးက လည်း အလှူရှင်၏အမည်ကို အစွဲပြု၍ ပြောင်းလဲခေါ်ဆိုခြင်းထက် လက်ရှိ အများပြည်သူကြည်ညိုပူဇော်နေသည့် "ရှင်အဇ္ဈဂေါဏ" ဘုရားအမည်ကိုသာ ခေါ်ဆိုသင့်ပါကြောင်း သြဝါဒပေးခဲ့ပါကြောင်း။

လက်ရှိအများပြည်သူကြည်ညိုပူဇော်နေပြီး ယုံကြည်ကိုးကွယ်မှုဆိုင်ရာဖြစ်နေသည့်အတွက် ဂူဘုရားအမည်အား ပြောင်းလဲခြင်းမပြုဘဲ "ကျောက်စာပါအမည်အမှန်ကို ကွင်းစကွင်းပိတ်ဖြင့် ယှဉ်တွဲဖော်ပြခြင်းနည်းလမ်းဖြင့် ဆောင်ရွက်ပါက" UNESCO သို့ တင်ပြအတည်ပြုထားချက်နှင့် ကွဲလွဲမှုမရှိနိုင်သည်ကို သုံးသပ်တွေ့ရှိရပါကြောင်း၊ ဘုရားအမည် (၂)ခုအား ပူးတွဲဖော်ပြမည်ဆိုပါက ဒေသခံပြည်သူများနှင့် ဘုရားဖူးပြည်သူများ သိရှိနားလည်နိုင်ရန် အမတ်ကြီးမဟာသမန်းလင်မယားကျောက်စာပါစာသားများကိုသမိုင်းပညာရှင်များ၊ သုတေသီများက သုံးသပ်စိစစ်၍ အတည်ပြုချက်ရယူခြင်း၊ ဘုရားပရိဝုဏ်အတွင်း ကျောက်စာပါ အဓိပ္ပာယ်ဘာသာပြန်ဆိုချက်အား အသိပေးဆိုင်းဘုတ်ဖြင့် ဖော်ပြထားခြင်း၊ သာသနာရေးဝန်ကြီးဌာနသို့ညှိနှိုင်းခြင်းနှင့် ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများအား ရှင်းလင်းအသိပေးခြင်းတို့ကို ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

သာပေါင်းမဲဆန္ဒနယ်မှ ဦးမောင်မောင်စိုး၏ **"လျှပ်စစ်မီး" အား (၂၄) နာရီ အချိန်ပြည့်ပေးနိုင်ရန် ရေတို၊ ရေရှည်စီမံကိန်းများ ဆောင်ရွက်ထားမှုရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်က မြန်မာနိုင်ငံ၏ စွမ်းအင်မူဝါဒနှင့် အညီ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကို စွမ်းအင်အရင်းအမြစ်တစ်မျိုးတည်းကို မှီခိုနေရခြင်းမဖြစ်စေရန် ပြန်ပြည့်မြဲစွမ်းအင်၊ သဘာဝဓာတ်ငွေ့နှင့် အခြားအရင်းအမြစ်များကို ပေါင်းစပ်အသုံးပြုသည့် Generation Mix ကို အခြေခံဆောင်ရွက်လျက် ရှိပါကြောင်း၊ နျူကလီးယားဓာတ်အားပေးစက်ရုံတည်ဆောက်ရန် စီစဉ်ရာတွင် အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီလမ်းညွှန်ချက်များ၊ စံသတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရခြင်းဖြစ်၍ အချိန်ယူပြင်ဆင်ဆောင်ရွက်ပြီးမှ စတင်တည်ဆောက်နိုင်မည်ဖြစ်ပါကြောင်း၊ လက်ရှိတွင် စီမံကိန်းအကြို ဖြစ်မြောက်နိုင်စွမ်းလေ့လာမှုလုပ်ငန်းကို ရုရှားဖက်ဒရေးရှင်း နိုင်ငံ၊ နိုင်ငံပိုင်အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း၏အကူအညီဖြင့် ဆောင်ရွက်ပြီးဖြစ်၍ ပထမအဆင့်တွင် အငယ်စားနျူကလီးယားဓာတ်အားပေးစက်ရုံ ၅၅ မဂ္ဂါဝပ် (၂) လုံး စုစုပေါင်း ၁၁၀ မဂ္ဂါဝပ်ကို တည်ဆောက်ရန် ရွေးချယ်လျာထားပါကြောင်း။

လျှပ်စစ်ဓာတ်အားထုတ်ယူမှုရေတို၊ ရေရှည်စီမံကိန်းများကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ အဓိကဆောင်ရွက်သွားမည်ဖြစ်ပြီး သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ အဏုမြူစွမ်းအင်ဦးစီးဌာနအနေဖြင့် နျူကလီးယားနည်းပညာဆိုင်ရာများကို ပူးပေါင်းဆောင်ရွက်ခြင်း၊ နျူကလီးယားစွမ်းအင်ကို အသုံးပြုရာတွင် ပြည်သူလူထုနှင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေရန် ဘေးကင်းလုံခြုံစွာဆောင်ရွက်နိုင်ရေးအတွက် ထိန်းကျောင်းကြပ်မတ်မှုလုပ်ငန်းများကို အဓိကထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရ၏အစီအစဉ် သို့မဟုတ် ပုဂ္ဂလိက အစီအစဉ်များဖြင့် ဆောင်ရွက်လျက်ရှိသည့် Solar+ Hybrid စီမံကိန်းများနှင့် Solar mini grid စီမံကိန်းများအား လုပ်သာကိုင်သာရှိစေရန် ဆောင်ရွက်ထားရှိပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်(သီလဝါ)နှင့် သာကေတတို့တွင် ပထမအဆင့် ၅၀၀ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့ရည် (LNG) သုံး ဓာတ်အားပေးစက်ရုံများမှ ဓာတ်အားထုတ်လုပ်ရာတွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းနှင့် Astra Power Co.,Ltd. တို့အကြား LNG တင်သွင်းခြင်းအတွက် Sale and Purchase Agreement(SPA)ကို ၂၀၂၅ ခုနှစ် နိုဝင်ဘာလတွင်လည်းကောင်း၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းနှင့် CNTIC VPower Energy Myanmar Co., Ltd. တို့အကြား စက်ရုံမှ ဓာတ်အားထုတ်လုပ်ပေးခြင်းအတွက် ဓာတ်အားဝယ်ယူရေးစာချုပ်ကို ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလတွင်လည်းကောင်း လက်မှတ်ရေးထိုးခဲ့ပြီး စီးပွားဖြစ်ဓာတ်အားထုတ်လုပ်ပေးလျက်ရှိပါကြောင်း၊ ထို့ပြင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန အနေဖြင့် အကြီးစား လေအားလျှပ်စစ်စီမံကိန်းများအတွက် ဖြစ်မြောက်နိုင်စွမ်းလေ့လာမှုကို ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့်ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိရာ စီမံကိန်း ၃၀၊ စုစုပေါင်း ၅၁၀၈ မဂ္ဂါဝပ်ကို ဖြစ်မြောက်နိုင်စွမ်းလေ့လာမှု ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

မြောင်းမြမဲဆန္ဒနယ်မှ ဒေါ်မြင့်စန္ဒာအောင်၏ **မြောင်းမြမြို့နယ်၊ အ.မ.က-ရွှေဒါးကုန်းကျောင်းနှင့် အ.ထ.က-ကဝက်ကျောင်းတို့အား ပြုပြင်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်၊ ရွှေဒါးကုန်း အခြေခံပညာမူလတန်းကျောင်းရှိ အန္တရာယ်ဆောင် ပေ ၆၀ x ၃၀ အုတ်ညှပ် (၁)ထပ်အား ဖျက်သိမ်း၍ ပေ ၆၀ x ၃၀ RCC (၁)ထပ်ဆောက်လုပ်ရန် နောင်လာမည့်ဘဏ္ဍာနှစ်များတွင် ငွေလုံးငွေရင်း (တည်ဆောက်ရေး) ဘတ်ဂျက်ရရှိမှုအပေါ် မူတည်၍ တိုင်းဒေသကြီး၏ တန်းစီဇယားဖြင့် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကျောင်းကုန်း မဲဆန္ဒနယ်မှ ဒေါက်တာထိန်ဝင်း၏ **ကျောင်းကုန်းမြို့နယ်၊ ဆူးပဒေါင်းကွင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းအား RC တစ်ထပ် ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် မည်သည့် ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေး မည်ကိုသိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမြို့နယ်၊ ဆူးပဒေါင်းကွင်း-အခြေခံပညာ မူလတန်းကျောင်းတွင် လက်ရှိယာယီကျောင်းဆောင်တစ်ဆောင်တည်း၌ စာသင်ကြားနေရပါသဖြင့် အဆိုပါကျောင်းရှိ အန္တရာယ်ဆောင် ပေ ၉၀ x ၃၀ သွပ်မိုး၊ အုတ်ညှပ်(၁)ထပ်အား ဖျက်သိမ်း၍ ပေ ၁၂၀ x ၃၀ RCC(၁)ထပ်ဆောက်လုပ်ရန် နောင်လာမည့်ဘဏ္ဍာနှစ်များတွင် ငွေလုံးငွေရင်း (တည်ဆောက်ရေး) ဘတ်ဂျက်ရရှိမှုအပေါ် မူတည်၍ တိုင်းဒေသကြီး၏ တန်းစီဇယားဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မြို့သစ်မဲဆန္ဒနယ်မှ ဦးစိုးဝင်း၏ **မြို့သစ်မြို့နယ်၊ ဖုတ်ကုန်းကျေးရွာ၊ ကိုယ့်အားကိုယ်ကိုး အခြေခံပညာမူလတန်းကျောင်းအား အစိုးရအခြေခံမူလတန်းကျောင်းအဖြစ် ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်၊ ညောင်ဇင်ကျေးရွာအုပ်စု၊ ဖုတ်ကုန်းကျေးရွာ ကိုယ့်အားကိုယ်ကိုးမူလတန်းကျောင်းသည် ပင်မကျောင်းဖြစ်သော ညောင်ဇင်-အခြေခံပညာအထက်တန်းကျောင်း (ခွဲ)နှင့် ၁ ဒသမ ၅ မိုင်သာကွာဝေးပါသဖြင့် ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်းအဆင့်မှ အခြေခံပညာမူလတန်းကျောင်း(ခွဲ)အဖြစ် ကျောင်းအဆင့်တိုးမြှင့်ရန် သတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိပါသဖြင့် ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးပါကြောင်း ပြန်လည်ဖြေကြားသည်။

ကလေးဝမဲဆန္ဒနယ်မှ ဦးတင်ထွန်းလွင်၏ **ကလေးနှင့်ကလေးဝမြို့နယ်သို့ ဆက်သွယ်ထားသည့် လမ်းနှင့် တံတားများပြုပြင်ထိန်းသိမ်းခြင်းကို မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ကလေးဝ-ကျီကုန်း-ကလေး လမ်းပိုင်း၌ ပျက်စီးနေသောနေရာများ ပြင်ဆင်ရန် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စုနှင့် တိုင်းဒေသကြီးရန်ပုံငွေတို့ဖြင့် (၁၈) ပေအကျယ် ကတ္တရာကွန်ကရစ်ထပ်ပိုးလွှာခင်းခြင်း ၁ မိုင် ၅ ဖာလုံနှင့် ကတ္တရာထပ်ပိုးလွှာခင်းခြင်း ၃ ဒသမ ၅ ဖာလုံလုပ်ငန်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး လျာထားရန်ပုံငွေဖြင့် ကတ္တရာကွန်ကရစ်ထပ်ပိုးလွှာခင်းခြင်း ၁ မိုင် ၅ ဒသမ ၅ ဖာလုံနှင့် Box Culvert (၂)စင်းတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

အလားတူ လမ်းပိုင်းပေါ်ရှိ တံတားများနှင့်ပတ်သက်၍ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စုပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် ကလေးဝ - ကျီကုန်းလမ်းပေါ်ရှိ သံဘောင်ဘေလီတံတား ၂၀ စင်း၏ ပျက်စီးနေသော C-Channel ကြမ်းခင်း၊ သံဘောင်ဘေလီနှင့် ဆက်စပ်ပစ္စည်းများ လဲလှယ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် ကျီကုန်းနှင့် တမူးကြားရှိ တံတား(၅)စင်းအား အမြဲတမ်းသံကွန်ကရစ် တံတားအဖြစ် အဆင့်မြှင့်တင် တည်ဆောက်သွားမည်ဖြစ်ပြီး ကျန်တံတားများကိုလည်း ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဘဏ္ဍာနှစ်အလိုက် ဆက်လက်အဆင့်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

နောင်မွန်းမဲဆန္ဒနယ်မှ ဦးရယ်ဒမ်းတန်၏ **ပူတာအို-မချမ်းဘော-နောင်မွန်းကားလမ်းရှိ နောင်မွန်းမြို့အပိုင်းအား အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က **ပူတာအို-မချမ်းဘော-နောင်မွန်း** လမ်းသည် ကချင်ပြည်နယ် အစိုးရအဖွဲ့က

စာမျက်နှာ ၈ သို့

◆ စာမျက်နှာ ၇ မှ

စီမံခန့်ခွဲသည့် လမ်းအရှည် ၆၁ မိုင်ရှိပါကြောင်း၊ လက်ရှိလမ်းအခြေအနေမှာ ကွန်ကရစ်လမ်း ၈ မိုင် ၂ ဖာလုံ၊ ကတ္တရာလမ်း ၁၀ မိုင် ၅ ဖာလုံနှင့် အမာခံလမ်း ၄၂ မိုင် ၁ ဖာလုံဖြစ်ပါကြောင်း၊ အဆိုပါလမ်း ပိုင်း ၆၁ မိုင်တွင် မိုင်တိုင် ၂၉ မှ ၆၁ အထိ ၃၂ မိုင်သည် နောင်မွန်းမြို့နယ်လမ်းပိုင်းဖြစ်ပြီး လက်ရှိလမ်းအခြေအနေမှာ ကွန်ကရစ်လမ်း ၅ မိုင် ၆ ဖာလုံ၊ ကတ္တရာလမ်း ၃ မိုင် ၂ ဖာလုံနှင့် အမာခံလမ်း ၂၃ မိုင်ဖြစ်ပါကြောင်း။

အဆိုပါလမ်းပိုင်းအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် အမာခံလမ်းပိုင်း ၂၃ မိုင်အနက်မှ ၁ မိုင် ၃ ဒသမ ၂၅ ဖာလုံအား ကွန်ကရစ်လမ်းခင်းရန် ရန်ပုံငွေလျာထားပြီးဖြစ်ပြီး ကျန်ရှိနေသောလမ်းပိုင်းများအား ကွန်ကရစ်လမ်းခင်းရန် နှစ်စဉ် ဘဏ္ဍာငွေလျာထားသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ဝမ်းတွင်းမဲဆန္ဒနယ်မှ ဦးမျိုးမြင့်သိန်း၏ **ဝမ်းတွင်းမြို့နယ်ရှိ သဲတော-ရိုးဇုံလမ်းနှင့် ဘုရားဖြူကုက္ကိုခါးလှလမ်းတို့အား အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က သဲတော-ရိုးဇုံလမ်းနှင့် ဘုရားဖြူ-ကုက္ကိုခါးလှလမ်းသည် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့က စီမံခန့်ခွဲသောလမ်းများဖြစ်ပြီး သဲတော-ရိုးဇုံလမ်း အခြေအနေမှာ ကွန်ကရစ်လမ်း ၅ ဖာလုံ၊ ကျောက်ချောလမ်း ၅ မိုင် ၃ ဖာလုံ၊ စုစုပေါင်းလမ်းအရှည် ၆ မိုင်နှင့် ဘုရားဖြူ-ကုက္ကိုခါးလှ-ကန်ပတ်လည်လမ်းအခြေအနေမှာ ကတ္တရာလမ်း ၁ မိုင် ၄ ဖာလုံ၊ ကျောက်ချောလမ်း ၁၁ မိုင် ၆ ဖာလုံ စုစုပေါင်းလမ်းမိုင်အရှည် ၁၃ မိုင် ၂ ဖာလုံဖြစ်ပါကြောင်း။

၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်မန္တလေးတိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေဖြင့် သဲတော-ရိုးဇုံလမ်း အရှည် ၃ ဖာလုံအား ကျောက်လမ်းပြုပြင်ခြင်း၊ဘုရားဖြူ-ကုက္ကိုခါးလှ-ကန်ပတ်လည်လမ်းပေါ်တွင် ၅ ပေ x ၂၄ ပေ ကျောက်ကြီးစီကမ်း ကပ်ခုံနှင့် သံကူကွန်ကရစ်ကြမ်း ခင်း Box Culvert (၇)စင်းတည် ဆောက်ခြင်းလုပ်ငန်းများ ဆောင် ရွက်လျက်ရှိပါကြောင်း၊ ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ငွေလုံး ငွေရင်းရန်ပုံငွေတွင် သဲတော-ရိုးဇုံ လမ်းအရှည် ၄ ဖာလုံအား ကတ္တရာ ခင်းခြင်းဆောင်ရွက်ရန် လျာထား ပြီးဖြစ်ပါကြောင်း။

၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် တိုင်း ဒေသကြီး(ဖြည့်စွက်)ရန်ပုံငွေ (သို့ မဟုတ်) အထွေထွေပို့ကျွံရန်ပုံငွေ တွင် ဘုရားဖြူ-ကုက္ကိုခါးလှ-ကန် ပတ်လည်လမ်းအရှည် ၄ ဖာလုံအား ကတ္တရာခင်းခြင်းလုပ်ငန်းဆောင် ရွက်ရန်လျာထားမည်ဖြစ်ပါကြောင်း၊ အဆိုပါလမ်း(၂)လမ်း၏ကျန်လမ်း ပိုင်းများအား လမ်းအဆင့်မြှင့်တင် ခြင်းလုပ်ငန်းကို နှစ်အလိုက်ဆက် လက်လျာထားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဦးနေလင်းအောင်၏ **အိမ်ရာပိုင် ဆိုင်မှုမရှိသူများအတွက် အငှားအိမ်ရာစနစ်များ ဖော်ဆောင်ပေးရန်နှင့် အငှားအိမ်ရာများ အသင့်ရှိမှသာ ကျူးကျော်နေထိုင်သူများအား ဖယ်ရှားပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က အိမ်ရာပိုင်ဆိုင်မှုမရှိသည့် ခက်ခဲမိသားစုများအတွက် ပြည်သူ့အငှားအိမ်ရာများဆိုး တည်ဆောက်ပေးရန်မှာ ဘဏ္ဍာငွေခွဲဝေရရှိမှုနှင့် အဆောက်အအုံဆောက်လုပ်ရန် မြေနေရာရရှိမှုတို့အပေါ်မူတည်၍ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ကျူးကျော်နေထိုင်မှုများနှင့်စပ်လျဉ်း၍ သင့်လျော်သောအိမ်ရာအစီအမံများကို ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များက စီမံဆောင်ရွက်ပေးလျက်ရှိပြီး နေထိုင်ရန်သင့်လျော်မှုမရှိသော လမ်းဧရိယာနယ်နိမိတ်များ၊ မဟာဓာတ်အားလိုင်းနှင့် တာဝါတိုင်ဧရိယာများ၊ မီးရထားလမ်းနယ်နိမိတ်များနှင့် အစိုးရစီမံကိန်းဧရိယာများတွင် စည်းကမ်းမဲ့ကျူးကျော်နေထိုင်သူများအား ဥပဒေနှင့်အညီ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၏အစီအစဉ်ဖြင့် ဖယ်ရှားဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

မော်လမြိုင်မဲဆန္ဒနယ်မှဒေါ်ဥမ္မာဌေး၏ **မော်လမြိုင်မြို့နယ်၊ ခုတင် (၅၀၀)ဆုံ ပြည်သူ့ဆေးရုံကြီး၌ အဆင့်မြင့်ကင်ဆာကုထုံး စက်ကိရိယာထားရှိပေးရန် မည်သည့် ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်းက ကျန်းမာရေးဝန်ကြီးဌာန အနေဖြင့် ကင်ဆာရောဂါကုသမှုနှင့်ပတ်သက်၍ ယေဘုယျအားဖြင့် ဆေးသွင်းကုသခြင်း၊ ခွဲစိတ်ကုသခြင်း၊ ဓာတ်ရောင်ခြည်ဖြင့် ကုသခြင်းတို့ရှိသည့်အနက် ခွဲစိတ်ကုသခြင်း၊ ဆေးသွင်းကုသခြင်းတို့ကို သက်ဆိုင်ရာဘာသာရပ်အသီးသီး၏ ခွဲစိတ်အထူးကုဆရာဝန်များနှင့် ကင်ဆာရောဂါအထူးကုဆရာဝန် (၂)ဦးတို့က မော်လမြိုင်ပြည်သူ့ဆေးရုံကြီးတွင် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ကင်ဆာရောဂါအများစုအတွက် ဓာတ်ရောင်ခြည်ဖြင့်ကုသပေးခြင်းသည် အရေးပေါ်ကုသမှုမျိုးမဟုတ်ဘဲ အချိန်အတိုင်းအတာတစ်ခုပေး၍ ဆောင်ရွက်ရသော ကုသမှုပေးခြင်းဖြစ်သည့် အလျောက် အခြားနိုင်ငံများတွင် ဓာတ်ရောင်ခြည်ကုသမှုအား သီးခြားစင်တာများဖွင့်လှစ်၍ စက်ပစ္စည်းကိရိယာများဖြင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

မိမိတို့နိုင်ငံတွင် ကင်ဆာရောဂါကုသရေး ဝန်ဆောင်မှုများကို တတ်စွမ်းသမျှ တိုးမြှင့်ဆောင်ရွက်ပေးရာတွင် လက်ရှိစက်တပ်ဆင်ထားနိုင်မှုနှင့် လူ့စွမ်းအားအရင်းအမြစ် အကန့်အသတ်များအရ အဓိကကျသော မြို့ကြီးများဖြစ်သည့် ရန်ကုန်၊ မန္တလေး၊ နေပြည်တော်နှင့် တောင်ကြီးမြို့များတွင် စနစ်တကျဗဟိုပြုကုသပေးခြင်းကို အားဖြည့်ဆောင်ရွက်ကာ ရေရှည်၌ ခုတင်-၅၀၀ ဆုံ ပြည်သူ့ဆေးရုံကြီးများသို့ အဆင့်ဆင့် ဖြန့်ကြက်တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

လွိုင်လင်မဲဆန္ဒနယ်မှ ဦးခွန်အောင်ဆန်း၏ **လွိုင်လင်မြို့နယ်၊ မိုင်းပွန်တိုက်နယ်ဆေးရုံအား အဆင့်မြှင့်တင်တည်ဆောက်ပေးရန် မည်သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်းက မိုင်းပွန်တိုက်နယ်ဆေးရုံသည် မိုင်းပွန်မြို့၊ မိုင်းပွန်ကျေးရွာအုပ်စုအတွင်းရှိပြည်သူများ၊ မိုင်းပွန်ကျေးရွာအုပ်စုနှင့် ထိစပ်လျက်ရှိသော အခြားကျေးရွာနေပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုများအတွက် အားကိုးအားထားရာ ဆေးရုံ(၁)ရုံဖြစ်ပါကြောင်း၊ မိုင်းပွန်တိုက်နယ်ဆေးရုံအား အရာထမ်း၂ဦး၊ အမှုထမ်း ၁၇ ဦး စုစုပေါင်း ဝန်ထမ်းအင်အား ၁၉ ဦးတို့ဖြင့် စံနှုန်းကိုက်ဆေးရုံအဖြစ် ပြင်ဆင်ဖွဲ့စည်းထားပြီးဖြစ်ပါကြောင်း။

မိုင်းပွန်ဆေးရုံအား တိုက်နယ်ဆေးရုံအင်္ဂါရုပ်နှင့်အညီ ဆေးရုံအဆောက်အအုံများ ပြုပြင်တည်ဆောက်ခြင်း၊ ဝန်ထမ်းအိမ်ရာများ ပြုပြင်တည်ဆောက်ခြင်း စသည်တို့ကိုစိစစ်၍ ၂၀၂၈-၂၀၂၉ ဘဏ္ဍာနှစ်တွင် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းပြန်လည်ဖြေကြားသည်။

ဒီးမော့ဆိုမဲဆန္ဒနယ်မှ ဒေါ်မော်ခိုင်၏ **ကယားပြည်နယ်သို့ ပြန်လည်ဝင်ရောက်လာမည့် လူဦးရေ ပိုမိုများပြားလာနိုင်သည့် အတွက် ဆေးနှင့်ဆေးဝါးပစ္စည်းများ တိုးမြှင့်ပံ့ပိုးပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်းက လွိုင်ကော်ပြည်သူ့ဆေးရုံကြီး အား ၂၀၂၄ ခုနှစ် မေလတွင် စတင် ပြန်လည်ဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆရာဝန် ၂၆ ဦး၊ သူနာပြု ၁၀၀ နှင့်အခြားဝန်ထမ်း ၆၆ ဦးတို့ဖြင့် ကျန်းမာရေးကုသမှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ဆေးဝါး ၅၇၅ မျိုး၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် အတွင်း ဆေးဝါး ၅၆၅ မျိုးနှင့် ၂၀၂၆ ခုနှစ် ဧပြီလမှ ယနေ့အထိ ဆေးဝါး ၃၃၂ မျိုး ထောက်ပံ့ပေးပို့ခဲ့ပြီးဖြစ်ပါကြောင်း၊ လောခလေး တိုက်နယ်ဆေးရုံနှင့် လွိုင်လင်လေး တိုက်နယ် ဆေးရုံတို့တွင်လည်း လူနာများကို ကြည့်ရှုကုသပေးလျက်ရှိပါကြောင်း၊ ထို့ပြင် ဒီးမော့ဆိုမြို့နယ် ငွေတောင်ကျေးလက် ကျန်းမာရေးဌာနခွဲ၊ ဒီးမော့ဆိုမြို့နယ်ပြည်သူ့ဆေးရုံ၊ ဘောလခဲဆေးရုံ၊ ဘောလခဲမြို့နယ် မိခင်ကလေး ကျန်းမာရေးဌာနတို့တွင် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းနှင့် ကုသရေးလုပ်ငန်းများ ဆောင်ရွက် လျက်ရှိပါကြောင်း၊ ပြန်လည်ထူထောင်ရေးကာလမှစ၍ ယနေ့အထိ ပြည်နယ်တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းဌာနမှ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှင့် သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေးတို့ကို ပြည်သူများအား ထိုးနှံပြီးဖြစ်ပါကြောင်း၊ ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းတွင် အသုံးပြုသော ကာကွယ်ဆေးများဖြန့်ဝေပြီးဖြစ်ပါကြောင်း။

လွိုင်ကော်ပြည်သူ့ဆေးရုံကြီးသို့ ECG စက်နှင့် နှလုံးနှိုးစက်အပါအဝင် စက်ပစ္စည်း ၉ မျိုး၊ ဆေးနှင့် ဆေးပစ္စည်း ၂၀၉ မျိုး၊ ကယား ပြည်နယ် ကုသရေးဦးစီးဌာနသို့ ဆေးနှင့်ဆေးပစ္စည်း ၁၄၃ မျိုး ထောက်ပံ့ပေးပြီးဖြစ်ပါကြောင်း၊ ကယားပြည်နယ်အတွင်းရှိ ယာယီနေရပ်စွန့်ခွာပြည်သူများ မိမိတို့နေရပ်ဒေသသို့ပြန်လည်ဝင်ရောက်လာမည့် ဦးရေပိုမိုများပြားလာပါက လိုအပ်သောဆေးနှင့်ဆေးပစ္စည်းများ ထပ်မံထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

လွိုင်ကော် မဲဆန္ဒနယ်မှ ဦးမောင်ရွှေ၏ **လွိုင်ကော်မြို့နယ်၊ ခုတင်(၅၀၀)ဆုံ ပြည်သူ့ဆေးရုံတွင် ကျန်းမာရေးဝန်ထမ်းများ တာဝန်ချထားပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်းက ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်တွင် ခုတင် ၅၀၀ ဆုံ ပြည်သူ့ဆေးရုံကြီးတွင် ဆေးရုံအုပ်ကြီးနှင့်အတူ ဆရာဝန်၊ သူနာပြု၊ အခြားကျန်းမာရေးဝန်ထမ်း စုစုပေါင်းကျန်းမာရေးဝန်ထမ်း ၁၉၂ ဦးဖြင့် ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယခင်က ဆေးပညာအထူးကုဆရာဝန် ၂ ဦးတို့က ကင်ဆာရောဂါဝေဒနာရှင်များအား ကုသပေးလျက်ရှိပြီး ၂၀၂၆ ခုနှစ် နိုဝင်ဘာလမှစတင်၍ အသစ်ခန့်အပ်လိုက်သော အထူးကုဆရာဝန်(ကင်ဆာရောဂါ)မှ တာဝန်ယူကုသပေးလျက်ရှိပါကြောင်း။

လက်ရှိတွင် လက်ထောက်ဆရာဝန်သစ်လွင်(၂)ဦး ထပ်မံခန့်အပ်ပြီးဖြစ်ရာ လွိုင်ကော်ပြည်သူ့ဆေးရုံကြီးတွင် လက်ထောက်ဆရာဝန်(၈)ဦး တာဝန်ထမ်းဆောင်လျက်ရှိပြီး ကလေးမီးဖွားခြင်းနှင့် ကိုယ်ဝန်ဆောင်မိခင်များ စောင့်ရှောက်ကုသမှုပေးခြင်း တို့အား သက်ဆိုင်ရာအထူးကုဆရာဝန်ကြီးများ၏ ဦးဆောင်မှုအောက်တွင် တာဝန်ကျသူနာပြုများက ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးတင့်ဆွေ၏ **ဆင်ပေါင်ဝဲမြို့နယ်၊ ပြည်သူ့ဆေးရုံတွင် Digital X-Ray စက်(၁) လုံးနှင့် ဆက်စပ်ပစ္စည်းများအား မည်သည့်ဘဏ္ဍာနှစ်တွင် ထောက်ပံ့ပေးမည်ကို သိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်းက မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နယ် ၂၅ ခုတင်ဆုံ ပြည်သူ့ဆေးရုံအတွက် လတ်တလောတွင် 100 mA Conventional X-Ray Machine စက်(၁) လုံးအား ထောက်ပံ့ရန် ကုသရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ထားပြီးဖြစ်သည့်အတွက် မကွေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန၏အစီအစဉ်ဖြင့် သွားရောက်တပ်ဆင်ပေးမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၇ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၂၈ ရက်မြောက်နေ့ကို ထပ်မံအသိပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **မြဝတီ**

ဆိပ်ဖြူမြို့နယ်၌ မိုးစပါးဧက ၁၀၅၀၀ ကျော် စိုက်ပျိုးနိုင်ပြီး စိုက်ခင်းများအောင်မြင်ဖြစ်ထွန်း



ဆိပ်ဖြူ နိုဝင်ဘာ ၁၁

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်၌ မိုးစပါးဧက ၁၀၅၀၀ ကျော် စိုက်ပျိုးနိုင်ပြီး စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းကြောင်း သိရသည်။

ဆိပ်ဖြူမြို့နယ်အနေဖြင့် ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် မိုးစပါး ၁၀၅၀၇၄ ဧက စိုက်ပျိုးရန်လျာထားပြီး ရာနှုန်းပြည့် စိုက်ပျိုးနိုင်ခဲ့သည်။ မိုးစပါးစိုက်ပျိုးမှု အောင်မြင်ဖြစ်ထွန်းစေရန်နှင့် ပန်းတိုင် အထွက်နှုန်းရရှိစေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးရေးနည်းပညာများနှင့် မျိုးကောင်းမျိုးသန့်အထွက်တိုးစပါးမျိုးများကို တောင်သူများအား ချိတ်ဆက်ဖြန့်ဖြူးပေးခြင်း၊ သွင်းအားစုသဘာဝမြေဩဇာများနှင့် ယူရီးယား ဓာတ်မြေဩဇာများကို သက်သာသော နှုန်းထားများဖြင့် ဖြန့်ဖြူးပေးခြင်းနှင့် ဆည်ရေသောက်စိုက်ဧကများတွင် မိုးစပါးပျိုးထောင်စိုက်ပျိုးရေများအပြင် မိုးစပါးအောင်ရေများ ပြည့်ဝစွာရရှိရေး မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူများက စီမံဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် မိုးစပါးစိုက်ပျိုး တောင်သူများအနေဖြင့် အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် သီးနှံများ ထိခိုက်ပျက်စီးမှုမရှိစေရန် အသိပညာပေးလုပ်ငန်းများကိုလည်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **ကိုဖွဲ့(အညာမြေ)**

တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၁

တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဌေး၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ Jeng Phang နော်တောင်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ ဒုတိယဝန်ကြီးများနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၂၀၉ ဦး ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၂၀၁ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာကာ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁၂) ဒေါ်ခင်ဆွေ၏ **မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့နယ် မြို့မရဲစခန်းဝင်းအတွင်းရှိ ဝန်ထမ်းအိမ်ရာများသည် ဟောင်းနွမ်းပျက်စီးယိုယွင်းနေပြီး အန္တရာယ်ရှိနေပါသဖြင့် ဖျက်သိမ်းခွင့်ပြုပါရန်နှင့် အသစ်ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးဗိုလ်ချုပ်မင်းသူက မင်းလှမြို့နယ်၊ မြို့မရဲစခန်းဝင်းအတွင်းရှိ နေအိမ်လိုင်းခန်း ၁၄ လုံးရှိသည့်အနက် လူနေထိုင်ရန်မသင့်ဘဲ ပျက်စီးယိုယွင်းနေသည့် အဆောက်အအုံ ၃ လုံးသည် နှစ်ကာလကြာမြင့်၍ ဟောင်းနွမ်းပျက်စီး ယိုယွင်းနေသော်လည်း တပ်ဖွဲ့ဝင်နှင့်မိသားစုများ လိုင်းခန်းလိုအပ်ချက်အရ လတ်တလော အစီအစဉ်ဖြင့် ပြုပြင်နေထိုင်လျက်ရှိပါကြောင်း။

သို့ပါ၍ မင်းလှမြို့နယ် မြို့မရဲစခန်းဝင်းအတွင်းရှိ နေအိမ်လိုင်းခန်းများအနက် လူနေထိုင်ရန်မသင့်ဘဲ ပျက်စီးယိုယွင်းနေသည့် နေအိမ်အဆောက်အအုံ ၃ လုံးအား နိုင်ငံပိုင်အဆောက်အအုံများစာရင်းပြုစုခြင်း၊ စာရင်းအရထိန်းသိမ်းခြင်း၊ စာရင်းမှပယ်ဖျက်ခြင်းနှင့် ဌာနပိုင်အဖြစ် သုံးစွဲခွင့်ရခြင်း လုပ်ငန်းစဉ်ဆိုင်ရာညွှန်ကြားချက်နှင့်အညီ စာရင်းပယ်ဖျက်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ၆ ခန်းတွဲ ၂ ထပ် သံကူကွန်ကရစ်နေအိမ်အဆောက်အအုံ ၁ လုံးအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်၊ ငွေလုံးငွေရင်း(ဖြည့်စွက်)တွင် လျာထားတောင်းခံ၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ရခိုင်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၁) ဒေါက်တာဇော်ဇော်မြင့်၏ **မြန်မာနိုင်ငံ၏ ရေပိုင်နက်အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးနှင့် အမျိုးသားအကျိုးစီးပွား တိုးတက်ရေးတို့အတွက် ရေကြောင်းဆိုင်ရာ ဥပဒေများ (Maritime Law) နှင့် ပတ်သက်ဆက်စပ်သည့် ကဏ္ဍအလိုက် ပြဋ္ဌာန်းပြီး ဥပဒေမည်မျှ ရှိပါသနည်း၊ မရှိသေးပါက (သို့မဟုတ်) ထပ်မံ၍ လိုအပ်မည့်ဥပဒေများ ပြဋ္ဌာန်းနိုင်ရေးအပေါ် မည်သည့်အချိန်တွင် မည်ကဲ့သို့ စတင်ဆောင်ရွက်သွားမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးထွန်းလူက ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များဥပဒေကို နိုင်ငံခြားရေးဝန်ကြီးဌာနက လည်းကောင်း၊ ကမ်းခြေစောင့်တပ်ဖွဲ့ ဥပဒေကို ကာကွယ်ရေးဝန်ကြီးဌာနကလည်းကောင်း ရေးဆွဲပြဋ္ဌာန်းထားကြပါကြောင်း။

The Myanmar Merchant Shipping Act ကို ၁၉၂၃ ခုနှစ်က ရေးဆွဲ၍ ၂၀၀၇ ခုနှစ်တွင် နောက်ဆုံးပြင်ဆင်ပြဋ္ဌာန်းခဲ့ပြီး လက်ရှိတွင် ခေတ်နှင့်လျော်ညီအောင် ကုန်သည်သဘော်ဘဥပဒေ (Merchant Shipping Law) (မူကြမ်း)ဟု ပြင်ဆင်ဆောင်ရွက်လျက် ရှိပါကြောင်း၊ The Myanmar Registration of Ships Act၊ ပင်လယ်ရေကြောင်းသွားလာမှု သဘောတူစာချုပ်များအက်ဥပဒေ၊ ပြည်တွင်းရေကြောင်းသွား ရေယာဉ်ဥပဒေ၊ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေ၊ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးဥပဒေ၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေးဥပဒေ၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဥပဒေနှင့် The Ports Act (ဆိပ်ကမ်းများ အက်ဥပဒေ)သည် ၁၉၀၈ ခုနှစ်တွင် ရေးဆွဲခဲ့ပြီး ၂၀၀၈ ခုနှစ်



တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ ကျင်းပစဉ်။

တွင် နောက်ဆုံးပြန်လည်ပြင်ဆင်ရေးဆွဲထားခြင်း ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ မီးပြတိုက် အက်ဥပဒေ၊ The Bills of Lading Act ၊ The Carriers Act ၊ The Burma Carriage of Goods by Sea Act နှင့် ဘက်စုံပို့ဆောင်ရေး ဥပဒေတို့ကို ပို့ဆောင်ရေးဝန်ကြီးဌာနက ရေးဆွဲပြဋ္ဌာန်းထားပါကြောင်း။

ထို့ပြင် နိုင်ငံခြားငါးဖမ်းရေယာဉ်များ ငါးလုပ်ငန်းလုပ်ကိုင်ခွင့် ဥပဒေနှင့် မြန်မာ့ပင်လယ် ငါးလုပ်ငန်းဥပဒေတို့သည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ထုတ်ပြန်ထားသည့်ဥပဒေများဖြစ်ပြီး လက်ရှိအချိန်တွင် အဆိုပါဥပဒေနှစ်ခုကို ပေါင်းစပ်ပြင်ဆင်၍ ပင်လယ်ငါးလုပ်ငန်းဥပဒေအဖြစ် အသစ်ရေးဆွဲပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း။

ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာဥပဒေကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနကလည်းကောင်း၊ အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေကို ပြည်ထဲရေးဝန်ကြီးဌာနကလည်းကောင်း၊ ပင်လယ်ရေကြောင်း အကောက်ခွန်အက်ဥပဒေကို ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနကလည်းကောင်း၊ မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလောပြဋ္ဌာန်းချက်များ) အက်ဥပဒေကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနကလည်းကောင်း၊ ပြည်သူ့ကျန်းမာရေးဆိုင်ရာ ဥပဒေနှင့် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေးဥပဒေများကို ကျန်းမာရေးဝန်ကြီးဌာနကလည်းကောင်း ရေးဆွဲပြဋ္ဌာန်းထားကြပါကြောင်း။

ရေထုညစ်ညမ်းမှု ဆိုင်ရာဥပဒေ(Marine Pollution Law) (မူကြမ်း)နှင့် ပင်လယ်ရေကြောင်းအလုပ်ဆင်းရေးရာဥပဒေ(မူကြမ်း) တို့သည် မိမိတို့နိုင်ငံတွင် မရှိသေးသည့်အတွက် ပြန်လည်ရေးဆွဲလျက်ရှိပါကြောင်း။

နိုင်ငံတိုင်းသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ရေကြောင်းအကျိုးစီးပွား သို့မဟုတ် ပင်လယ်ပြင် အကျိုးစီးပွားကို အထောက်အကူအဖြစ် အသုံးပြုနေသည်ကို တွေ့ရှိရပါကြောင်း၊ ပင်လယ်ပြင်သည် နိုင်ငံတိုင်းအတွက် အရေးပါသည့်အရာတစ်ခုဖြစ်ပြီး အကျိုးရှိစွာ အသုံးချနိုင်ရန်၊ နိုင်ငံအကျိုးစီးပွားကို ထိရောက်စွာ ကာကွယ်နိုင်ရန်အတွက် တင်ပြခဲ့သည့်ဥပဒေများသည် အရေးကြီးပါကြောင်းနှင့် ခိုင်မာသည့် ဥပဒေပြဋ္ဌာန်းချက်များနှင့် နိုင်ငံတော်၏အကျိုးစီးပွားများကို ကာကွယ်သွားမည် ဖြစ်ကြောင်း ဖြေကြားသည်။

ရှမ်းပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၇) ဦးခင်မောင်မြင့်၏ **ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရပ်စောက်မြို့နယ်၊ ကျောက်တော ကျေးရွာအုပ်စုရှိ ကျေးရွာ(၁၇) ရွာတွင် ဆက်သွယ်ရေးကဏ္ဍ ပို့မိုကောင်းမွန်စေရန်အတွက် ကျောက်တောကျေးရွာသို့မဟုတ် သင့်တော်ရာကျေးရွာတွင် ဆက်သွယ်ရေးတာဝါတိုင်များ ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိသိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသက်ဝင်းအောင်က ကျောက်တောကျေးရွာအုပ်စုသည် ရပ်စောက်မြို့မှ ကီလိုမီတာ ၂၀ ကျော်ကွာဝေးပြီး ကျေးရွာ (၁၇) ရွာအနက် ကျောက်တော၊ ဗန်းမက်၊ ကျောက်တစ်လုံး၊ လယ်ဝိုင်း၊ နန့်ဟူး၊ ဆင်သေကျေးရွာ (၆)ရွာ၌ သာ လျှပ်စစ်မီးရရှိပြီး ကျန်ကျေးရွာ (၁၁)ရွာတွင် လျှပ်စစ်မီးမရရှိပါကြောင်း၊ သို့ပါ၍ MPT, ATOM နှင့် U9 အော်ပရေတာများအနေဖြင့် ကျောက်တောကျေးရွာအုပ်စုတွင် မိုဘိုင်းစခန်းအသစ် တည်ဆောက်ရန် လတ်တလောအစီအစဉ်မရှိသေးပါကြောင်း။

သို့သော် ကျောက်တောကျေးရွာအုပ်စုရှိပြည်သူများဆက်သွယ်မှု ပို့မိုကောင်းမွန်စွာ ရရှိအသုံးပြုနိုင်စေရန်ရည်ရွယ်၍ Mytel မိုဘိုင်းစခန်းအား ဗန်းမက်ကျေးရွာနှင့် ဟင်းခါးကုန်းကျေးရွာတို့တွင် တည်ဆောက်နိုင်ရေး မြေနေရာရရှာဖွေခြင်းများ ဆောင်ရွက်လျက်ရှိပြီး မြေနေရာများရရှိပြီးပါက တာဝါတိုင် တည်ဆောက်ခြင်းလုပ်ငန်းများအား ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ ကျောက်တောကျေးရွာ အုပ်စုအတွင်းရှိ ကျေးရွာ(၁၇)ရွာအနက် ကျေးရွာ (၈) ရွာအတွင်းရှိ ပြည်သူများအနေဖြင့် Mytel ၏ ဆက်သွယ်ရေးဝန်ဆောင်မှုများအား အပြည့်အဝရရှိ အသုံးပြုနိုင်မည်ဖြစ်ပါကြောင်း။

ကျောက်တောကျေးရွာအုပ်စုအတွင်းရှိ ကျန်ရှိသည့်ကျေးရွာ(၉) ရွာတွင် မိုဘိုင်းဆက်သွယ်ရေးစခန်းအသစ်များ တည်ဆောက်နိုင်ရန်အတွက် လျှပ်စစ်ဓာတ်အား ရရှိမှု၊ အဝေးဆက်သွယ်ရေးဆက်သွယ်ရေးကြောင်းများ တည်ဆောက်ခြင်း၊ မြေပြင်ကွင်းဆင်းတိုင်းတာခြင်းနှင့် မြေပြင်ကွင်းဆင်း တိုင်းတာနိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ရရှိလာသောအချက်အလက်များအရ ဆက်သွယ်ရေးလိုအပ်ချက် စည်းမျဉ်းစည်းကမ်း၊ သတ်မှတ်ချက်များနှင့်ကိုက်ညီမှုရှိပါက နိုင်ငံတော်ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်၍ ဘဏ္ဍာနှစ်အလိုက် လျာထားစီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၁၀) ဦးထွန်းအောင်ဝင်း၏ **စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်နှင့် ကောလင်းခရိုင်အတွင်းရှိ နေရပ်စွန့်ခွာ ပင်စင်စားဝန်ထမ်းများအား မိမိတို့ရောက်ရှိရာဒေသရှိ စာမျက်နှာ ၁၀ သို့ ●**

'၀' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ မက်မန်းမြို့နယ်အတွင်း ဖုန်းနှင့် အင်တာနက်ဝန်ဆောင်မှု ကောင်းမွန်လာစေရန် လိုအပ်လျက်ရှိသော တာဝါတိုင်များ မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသက်ဝင်းအောင်က မက်မန်းမြို့နယ်တွင် ရပ်ကွက် (၂) ခု၊ ကျေးရွာ (၅၁) ရွာနှင့် အိမ်ခြေစုစုပေါင်း (၃၉၈၃)အိမ်ခန့်ရှိပြီး လျှပ်စစ်မီးမရရှိသေးပါကြောင်း၊ ထို့ကြောင့် MPT နှင့် Mytel တို့၏ မိုဘိုင်းစခန်းများအတွက် လိုအပ်သောလျှပ်စစ်ဓာတ်အားကို ဒီဇယ်အင်ဂျင်ဖြင့် သာအသုံးပြု၍ ဝန်ဆောင်မှုပေးထားရပါကြောင်း၊ အဝေးဆက်သွယ်ရေးစနစ်ရယူထားသည့် မိုဂ္ဂရို ဝေဗ် အဝေးဆက်ကြောင်းတွင် ရာသီဥတု အခြေအနေကြောင့် ချို့ယွင်းမှုဖြစ်ပေါ်သည့်အခါများတွင် ဆက်သွယ်မှုယာယီပြတ်တောက်ခြင်းများ ဖြစ်ပေါ်နိုင်ပါကြောင်း။

မက်မန်းမြို့နယ်သည် တောင်ကုန်း၊ တောင်တန်းများထူထပ်ပြီး ပြန့်ကျဲစွာနေထိုင်ကြခြင်း၊ နယ်မြေဒေသ သွားလာရခက်ခဲခြင်း၊ လျှပ်စစ်မီးမရရှိခြင်း၊ အဝေးဆက်ကြောင်း တည်ဆောက်ရန်ခက်ခဲခြင်းတို့ကြောင့် မိုဘိုင်းဆက်သွယ်ရေး အော်ပရေတာများအနေဖြင့် လတ်တလော မိုဘိုင်းစခန်းအသစ် ထပ်မံတည်ဆောက်ရန် အစီအစဉ် မရှိသေးပါကြောင်း။

သို့သော် နယ်မြေဒေသများတွင် လျှပ်စစ်ဓာတ်အားရရှိမှု၊ အဝေးဆက်သွယ်ရေးဆက်ကြောင်းများ တည်ဆောက်ချိတ်ဆက်နိုင်မှုနှင့် နယ်မြေဒေသ အခြေအနေများအပေါ်မူတည်၍ မြေပုံစစ်ဆေး တိုင်းတာခြင်းနှင့် မြေပြင်ကွင်းဆင်းတိုင်းတာနိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ရရှိလာသောအချက်အလက်များအရ ဆက်သွယ်ရေးလိုအပ်ချက် စည်းမျဉ်းစည်းကမ်း၊ သတ်မှတ်ချက်များနှင့်ကိုက်ညီမှုရှိပါက နိုင်ငံတော်ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်၍ ဘဏ္ဍာနှစ်အလိုက် လျာထားစီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

● စာမျက်နှာ ၉ မှ

ဘဏ်များတွင် Centralized E Pension Card များဖြင့် ပင်စင်လစာထုတ်ယူခွင့်ရရှိရေး ဆောင်ရွက်ပေးရန်အစီအစဉ် ရှိ၊ မရှိနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း Centralized E Pension Card နှင့် ပင်စင်လစာထုတ်ယူနိုင်သော ဘဏ်ခွဲများ ထပ်မံတိုးချဲ့ဆောင်ရွက်ပေးရန်အစီအစဉ် ရှိ၊ မရှိ၊ ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါက မည်သည့်အတွက်ကြောင့် ဖြစ်သည်ကိုသိရှိလိုခြင်း မေးခွန်းနှင့် စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းက မြန်မာ့စီးပွားရေးဘဏ်၊ ကသာခရိုင် ဘဏ်ခွဲကို နယ်မြေဒေသအခြေအနေများအရ ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၅ ရက်နှင့် ကောလင်းမြို့နယ်ဘဏ်ခွဲကို ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ၆ ရက်မှစ၍ ဘဏ်ဝန်ဆောင်မှုများ ယာယီရပ်ဆိုင်းခဲ့ပါကြောင်း၊ ကသာခရိုင်ဘဏ်ခွဲကို ၂၀၂၆ ခုနှစ် မေလ ၂၁ ရက်တွင် ပြန်လည်ဖွင့်လှစ်နိုင်ခဲ့သော်လည်း ကောလင်းမြို့နယ်ဘဏ်ခွဲကို ယနေ့အထိ ပြန်လည်ဖွင့်လှစ်နိုင်ခြင်းမရှိသေးပါကြောင်း၊ Centralized e-Pension စနစ်ဆောင်ရွက်နိုင်ရေးအတွက် အင်တာနက်ရရှိမှုသည် အဓိကလိုအပ်ချက်ဖြစ်ပါကြောင်း၊ မြန်မာ့စီးပွားရေးဘဏ် ကသာဘဏ်ခွဲနှင့် ကောလင်းဘဏ်ခွဲတို့တွင် အင်တာနက်လိုင်းမရရှိသည့်အတွက် Centralized e-Pension စနစ်ကို ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးပါကြောင်း။

သို့သော်နေရပ်စွန့်ခွာပင်စင်စားဝန်ထမ်းများအား မိမိတို့ရောက်ရှိရာဒေသရှိ နီးစပ်ရာ မြန်မာ့စီးပွားရေးဘဏ်ခွဲများတွင် e-Pension Card ဖြင့်လည်းကောင်း၊ အငြိမ်းစားလစာထုတ် စာအုပ်ဖြင့်လည်းကောင်းတင်ပြ၍ ပင်စင်လစာထုတ်ယူနိုင်ရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ သို့ပါ၍ မြို့နယ်ဒေသန္တရ အုပ်ချုပ်ရေးကောင်းမွန်စွာ လည်ပတ်နိုင်မှု၊ အင်တာနက်လိုင်းရရှိမှု အခြေအနေတို့အပေါ်မူတည်၍ စစ်ကိုင်းတိုင်းဒေသကြီးတွင် Centralized e-Pension စနစ်တိုးချဲ့ရန် ကျန်ရှိနေသည့် မြန်မာ့စီးပွားရေးဘဏ်ခွဲများကို ထပ်မံတိုးချဲ့ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၂) ဦးအောင်ချစ်လွင်၏ **စစ်ကိုင်းတိုင်းဒေသကြီး၊ ဟူမွလင်းမြို့နယ်တွင် ဖွင့်လှစ်ပေးရန်ကျန်ရှိနေသေးသော လူငယ်သင်တန်းကျောင်းနှင့် အိမ်တွင်းမှုသင်တန်းကျောင်းတို့အား မည်သည့်ဘဏ္ဍာနှစ်တွင်ရန်ပုံငွေခွဲဝေချထားဖွင့်လှစ်ပေးမည်ကိုသိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်က စစ်ကိုင်းတိုင်းဒေသကြီး၊ ဟူမွလင်းမြို့နယ်တွင် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းနှင့် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းတို့ ဖွင့်လှစ်နိုင်ရေးအတွက် အိန္ဒိယသမ္မတနိုင်ငံအစိုးရနှင့် MoU လက်မှတ်ရေးထိုးပြီးပါက စီမံကိန်းလုပ်ငန်းများကို စတင်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

လူငယ်သင်တန်းကျောင်းကို ခေါင်ခမ်းကျေးရွာအုပ်စု၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့် ၁ မိုင်ခန့်အကွာ ၅ ဧက ဧရိယာရှိ မြေနေရာတွင် တည်ဆောက်မည်ဖြစ်ပြီး ၂၀၁၈ ခုနှစ် ၆ လ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် ရှေ့မျက်နှာစာအုတ်တံတိုင်း သံပန်းကာရံခြင်းနှင့် ကွန်ကရစ် တိုင် Chain Link ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများကို ဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း၊ အိမ်တွင်းမှုသင်တန်းကျောင်းကို လူငယ်သင်တန်းကျောင်း ဖွင့်လှစ်မည့်နေရာနှင့် ၅ ဖာလုံခန့်အကွာ ဧရိယာ ၅ ဧကရှိ မြေနေရာကို လျာထားပါကြောင်း၊ နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပြီးပါက ဖွဲ့စည်းပုံတိုးချဲ့ခွင့်ရရှိရေး တင်ပြဆောင်ရွက်ခြင်း၊ တင်ဒါခေါ်ယူခြင်း၊ သတ်မှတ်စီမံကိန်းကာလအတွင်း တည်ဆောက်ရေး လုပ်ငန်းများ အပြီးသတ် ဆောက်လုပ်ခြင်းတို့ကို ဆောင်ရွက်ပြီးပါက သင်တန်းကျောင်းများကို ဖွင့်လှစ်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ကချင်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁) ဦးရဂွိဖုန် (Rakwi Pung) ၏ **ကချင်ပြည်နယ်၊ ပူတာအိုခရိုင်တွင် ဒီဂရီကောလိပ်/တက္ကသိုလ်(၁) ခု ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမောင်သိန်းက ပူတာအိုမြို့မှ မြစ်ကြီးနားမြို့သို့ မိုင် (၂၀၀)ကျော် ကွာဝေးပြီး အချိန်ကြာမြင့်မှု၊ ခရီးစရိတ်နှင့် လမ်းခရီးအခက်အခဲများရှိသည်ကို တွေ့ရှိရပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ပူတာအိုဒေသ၌ ဒေသနှင့်ကိုက်ညီသည့် ဒီဂရီကောလိပ်တစ်ခု ဖွင့်လှစ်နိုင်ရေးအတွက် ကချင်ပြည်နယ်အစိုးရအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၄) ဦးအောင်ကျော်မင်း၏ **နိုင်ငံတော်၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှု၊ တည်ငြိမ်မှုနှင့် ကမ္ဘာ့အလယ်တွင် ရင်ပေါင်တန်းနိုင်မှုတို့အတွက် အခြေခံအကျဆုံးနှင့် အရေးအကြီးဆုံး တွန်းအားဖြစ်သည့် မြန်မာ့ပညာရေးအဆင့်အတန်းမြှင့်မားရေးအတွက် နှစ်စဉ် နိုင်ငံတော်မှခွဲဝေပေးသည့် ပညာရေးရန်ပုံငွေများကို လူ့စွမ်းအားအရင်းအမြစ်တိုးတက်ရေး (Human Capital) ကဏ္ဍတွင် ဂုဝ ရာခိုင်နှုန်းအထိ တိုးမြှင့်သုံးစွဲပေးရန်အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမောင်သိန်းက ပညာရေးဝန်ကြီးဌာန၏ ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ်၊ သာမန်အသုံးစရိတ်၊ ငွေလုံးငွေရင်းအသုံးစရိတ်၊ ကြွေးမြီအသုံးစရိတ်စာရင်းများအရ ပညာရေးဝန်ကြီးဌာန၏ အသုံးစရိတ်သည် နိုင်ငံတော်၏ စုစုပေါင်းအသုံးစရိတ်အပေါ် (၆ ဒသမ ၄၆) ရာခိုင်နှုန်း၊ ပြည်ထောင်စုဓာတ်၏ စုစုပေါင်းအသုံးစရိတ်အပေါ် (၆ ဒသမ ၉၂) ရာခိုင်နှုန်းဖြစ်ပါကြောင်း။

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍအတွက် ပညာရည်မြင့်မားရေးနှင့် သုတေသနလုပ်ငန်းကို အဓိကဆောင်ရွက်လျက်ရှိသည့် ဦးစီးဌာနများဖြစ်သည့် ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ လေ့လာဆန်းစစ် အကဲဖြတ်ရေး ဦးစီးဌာနတို့သည် လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ပညာရေးစီမံခန့်ခွဲမှုသတင်းအချက်အလက်စနစ် Education Management Information System-EMIS အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် လုပ်ငန်းများဆောင်ရွက်ခြင်း၊ ဆရာ၊ ဆရာမများ၏ စွမ်းရည်မြင့်မားလာစေရန် လမ်းညွှန်ပေးသည့် သုတေသနစာအုပ်စာတမ်းများ၊ အစီရင်ခံစာများထုတ်ဝေခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း အဆိုပါ ဦးစီးဌာနများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍအတွက် ပျမ်းမျှဘဏ္ဍာငွေအသုံးပြုမှုရာခိုင်နှုန်း (၆၉ ဒသမ ၂၆ ရာခိုင်နှုန်း)ဖြစ်ပြီး ပညာရေးသုတေသန၊ စီမံကိန်းနှင့်လေ့ကျင့်ရေး ဦးစီးဌာနအနေဖြင့် (၇၃ ရာခိုင်နှုန်း) အထိ အသုံးပြုပါကြောင်း။

သို့ဖြစ်ပါ၍ ပညာရေးဝန်ကြီးဌာနအနေဖြင့် ဘဏ္ဍာငွေများကို လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးကဏ္ဍအတွက် ရလဒ်အခြေပြု (Result-based)စနစ်ဖြင့် ဦးစီးဌာနအလိုက် အဆင့်လိုက် တိုးမြှင့်ဆောင်ရွက်လျက် ရှိပါကြောင်း၊ သဘာဝဘေးအန္တရာယ်ကြောင့် အဆောက်အအုံများ ပြင်ဆင်ခြင်း၊ အသစ်ဆောက်လုပ်ခြင်းလုပ်ငန်းစဉ်များ၊ အခြေခံအဆောက်အအုံထိန်းသိမ်းတည်ဆောက်ရေးကဏ္ဍများအတွက် ဘဏ္ဍာငွေများကို မဖြစ်မနေ ခွဲဝေသုံးစွဲနေရခြင်းဖြစ်ပါကြောင်းနှင့် ရှေ့လာမည့် ဘဏ္ဍာနှစ်များတွင် လူ့စွမ်းအား အရင်းအမြစ်တိုးတက်ရေး (Human Capital) ကဏ္ဍများအတွက် အကျိုးရှိ အထိရောက်ဆုံးဖြစ်စေရန် ရည်မှန်းချက်ပန်းတိုင်များနှင့် အညီ အဆင့်လိုက်တိုးမြှင့်သုံးစွဲနိုင်ရေး၊ သက်ဆိုင်ရာကဏ္ဍအလိုက် ယခုထက် တိုးမြှင့်ဆောင်ရွက်နိုင်ရေး ဆက်လက်စိစစ်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ကချင်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၁၀) ဦးအောင်ဆန်းထူး၏ **ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်အတွင်းရှိ ဗန်းမော်မြို့နယ်၊ မံစီမြို့နယ်၊ မိုးမောက်မြို့နယ်နှင့် ရွှေကူမြို့နယ်များမှ ယာယီနေရပ်စွန့်ခွာပြည်သူများကို အခြေခံစားသောက်ကုန် (ဆန်၊ ဆီ၊ ဆား)များ ထောက်ပံ့ပေးနိုင်ခြင်း ရှိ၊ မရှိ၊ အိမ်ထောင်စုစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်များကို အထူးကိစ္စတစ်ရပ်အနေဖြင့် ပြန်လည်ပြုလုပ်ပေးနိုင်ခြင်း ရှိ၊ မရှိ၊ နိုင်ငံတော်မှ သတ်မှတ်ထားရှိသော ထောက်ပံ့ငွေများ အပြည့်အဝပေးနိုင်ခြင်း ရှိ၊ မရှိ၊ လိုအပ်သောနေရာများတွင် IDP Camp ယာယီစခန်းများ ဆောက်လုပ်ပေးနိုင်ခြင်း ရှိ၊ မရှိနှင့် စုရပ်နေရာများ၌ လစဉ် ကျန်းမာရေးစောင့်ရှောက်ပေးနိုင်ခြင်း ရှိ၊ မရှိ သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းဝိုးက ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်အတွင်းရှိသည့် ဗန်းမော်မြို့နယ်၊ မံစီမြို့နယ်၊ မိုးမောက်မြို့နယ်နှင့် ရွှေကူမြို့နယ်များမှ နေရပ်စွန့်ခွာပြည်သူများကို ယာယီနေထိုင်ရန်အတွက် သက်ဆိုင်ရာမြို့နယ်များတွင် IDP Camp များ၊ ယာယီခိုလှုံရာစခန်းများ ဆောက်လုပ်ပေးပြီး အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီနှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့တို့မှ ငွေသားထောက်ပံ့ခြင်း၊ အခြေခံစားသောက်ကုန်များ ထောက်ပံ့ခြင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့က သက်ဆိုင်ရာကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယာယီ နေရပ်စွန့်ခွာသူများ အနေဖြင့် ရောက်ရှိရာဒေသများတွင် မိမိတို့၏ နေ့စဉ်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို မိမိတို့တတ်ကျွမ်းရာ လုပ်ကိုင်ဆောင်ရွက်နိုင်စွမ်းရှိမှု၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၊ ကိုယ်စားလှယ်များ၏ ပံ့ပိုးမှုများနှင့် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ပြီး မှီခိုမှုကင်းသည့် ဘဝများကို ပြန်လည်ထူထောင်ရေးကို ဦးတည်နိုင်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကာအကွယ်ပေးရေး ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို လွှတ်တော်သို့ အသိပေးတင်ပြပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမျိုးသားလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၀) ဦးကျော်လတ်၏ **မြန်မာနိုင်ငံတွင် ခေတ်မီပြီး ဘက်စုံလွှမ်းခြုံနိုင်သော တစုတစည်းတည်းသော ကိုယ်ရေးအချက်အလက် ကာကွယ်ရေး ဥပဒေ (Personal Data Protection Law) တစ်ရပ်အား အမြန်ဆုံးရေးဆွဲပြဋ္ဌာန်းပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း**အဆိုကို လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၁၁) ဦးစိုးကြည်က နိုင်ငံတစ်နိုင်ငံ၏ ဒီဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်အတွက် နည်းပညာနှင့် အခြေခံအဆောက်အအုံများသာမက ပြည်သူများ၏ ယုံကြည်မှုသည်လည်း အလွန်အရေးကြီးပါကြောင်း၊ ပြည်သူများအနေဖြင့် မိမိတို့၏ကိုယ်ရေးအချက်အလက်များကို လုံခြုံစိတ်ချစွာ အသုံးပြုနိုင်မည်ဟု ယုံကြည်မှုရှိမှသာ အွန်လိုင်းဘဏ်လုပ်ငန်း၊ အီလက်ထရောနစ်ကုန်သွယ်ရေးနှင့်အစိုးရ၏ဒီဂျစ်တယ်ဝန်ဆောင်မှုများကို ပိုမိုတွင်ကျယ်စွာ အသုံးပြုလာမည်ဖြစ်ပါကြောင်း၊ ထို့ပြင် နိုင်ငံတကာနှင့် ဒေတာအချက်အလက်များဖလှယ်၍ လုပ်ငန်းများဆောင်ရွက်ရာတွင် ယုံကြည်စိတ်ချရသော လုံခြုံရေးစံနှုန်းများနှင့်ကိုက်ညီသည့် ဥပဒေတစ်ရပ်ရှိခြင်းဖြင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများအတွက် အရေးပါသည့် အခြေခံအချက်တစ်ခုဖြစ်လာနိုင်ပါကြောင်း။

ကိုယ်ရေးအချက်အလက်များကို ကာကွယ်ခြင်းသည် ဒေတာများကိုသာ ကာကွယ်ခြင်းမဟုတ်ဘဲ လူတစ်ဦးချင်းစီ၏ကိုယ်ရေးအချက်အလက်လုံခြုံမှု၊ ဂုဏ်သိက္ခာ၊ အခွင့်အရေးနှင့် ယုံကြည်မှုတို့အတွက် ကာကွယ်ခြင်းပင် ဖြစ်ပါကြောင်း၊ သို့ပါ၍ ပြည်ထောင်စုအစိုးရအနေဖြင့် သက်ဆိုင်ရာဌာနများ၊ ဥပဒေပညာရှင်များ၊ နည်းပညာကျွမ်းကျင်သူများနှင့် သက်ဆိုင်သူများ ပူးပေါင်းပါဝင်စေပြီး နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီပြီး မြန်မာနိုင်ငံ၏အခြေအနေနှင့် သင့်လျော်သော ခေတ်မီဘက်စုံလွှမ်းခြုံသည့် ကိုယ်ရေးအချက်အလက် ကာကွယ်ရေးဥပဒေကို အမြန်ဆုံးရေးဆွဲပြဋ္ဌာန်းပေးရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် အဆိုသည် ပြည်သူများ၏အခွင့်အရေးကိုကာကွယ်ခြင်း၊ တရားဥပဒေစိုးမိုးရေးနှင့် နိုင်ငံတော်၏ဒီဂျစ်တယ်အနာဂတ် တည်ဆောက်ရာတွင် မရှိမဖြစ်လိုအပ်သော အဆိုဖြစ်သည့်အတွက် ထောက်ခံပါကြောင်း ဆွေးနွေးသည်။

မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၁) ဦးအောင်လှထွေးက ပြည်သူတစ်ဦးသည် ဘဏ်စာရင်းဖွင့်ခြင်း၊ ဆေးကုသမှုခံယူခြင်း၊ အွန်လိုင်းမှ ပစ္စည်းမှာယူခြင်း စသည်တို့လုပ်ဆောင်ရာတွင်မှတ်ပုံတင်နှင့်နေရပ်လိပ်စာ အချက်အလက်များပေးရာမှ လိမ်လည်မှုများ ဖြစ်လာနိုင်သည့်အတွက် ပြည်သူကို သတိထားနိုင်စေရန် အသိပညာပေးရန် လိုအပ်သကဲ့သို့ အချက်အလက်ကို လက်ခံသိမ်းဆည်းသည့် အဖွဲ့အစည်းများသည်လည်း တာဝန်ယူမှု တာဝန်ခံမှုရှိရန်လိုအပ်ပါကြောင်း၊ ထို့ကြောင့် ပြည်သူများ လက်တွေ့အသုံးချနိုင်သည့် အခွင့်အရေးများကို ဥပဒေတွင် ထည့်သွင်းပေးရန် လိုအပ်ပါကြောင်း။

ထို့ပြင် အသေးစားလုပ်ငန်းများအတွက် လုပ်ငန်းအရွယ်အစားနှင့် အချက်အလက်၏ အန္တရာယ်အဆင့်အလိုက် လိုက်နာရမည့် တာဝန်များကိုချိန်ညှိပြီး လက်တွေ့သုံးနိုင်သည့် လမ်းညွှန်ချက်များ ထုတ်ပြန်ပေးသင့်ပါကြောင်း၊ တိုင်ကြားမှုကို လက်ခံဖြေရှင်းပေးနိုင်သည့် ကြီးကြပ်ရေးစနစ်ထားရှိရန်လည်း လိုအပ်ပါကြောင်း၊

စာမျက်နှာ ၁၁ သို့ ●

● စာမျက်နှာ ၁၀ မှ

အရေးယူရာတွင်လည်း ပေါ့ဆမှုနှင့်ရည်ရွယ်ချက်ရှိရှိ အလွဲသုံးစားလုပ်မှုကိုခွဲခြားပြီး ထိခိုက်မှုအတိုင်းအတာ၊ ထပ်မံကျူးလွန်မှုနှင့် ပြင်ဆင်ဆောင်ရွက်ခဲ့မှုတို့ကို ထည့်သွင်းစဉ်းစားသင့်ပါကြောင်း၊ ထိုစည်းကမ်းများကို အစိုးရဌာနများနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများတွင် သက်ဆိုင်ရာ လုပ်ငန်းသဘောအလိုက် ကျင့်သုံးနိုင်ရန်လိုအပ်ပါကြောင်း၊ ပြည်သူ့အကျိုးစီးပွားအတွက်ဖြစ်စေ၊ ဥပဒေအရ စုံစမ်းစစ်ဆေးမှုအတွက်ဖြစ်စေ ခြွင်းချက်လိုအပ်ပါက ဥပဒေတွင် ရှင်းလင်းစွာ သတ်မှတ်သင့်ပါကြောင်း၊ ဥပဒေမူကြမ်းရေးဆွဲမည့် အချိန်ဇယားနှင့် တာဝန်ယူမည့်အဖွဲ့ကို သတ်မှတ်ပြီး ဥပဒေပြဋ္ဌာန်းပြီးနောက် လက်တွေ့လိုက်နာနိုင်ရန် လမ်းညွှန်ချက်များနှင့် ပြင်ဆင်ချိန်ကိုပါ တစ်ပါတည်း စီစဉ်ပေးစေလိုပါကြောင်း၊ ထို့ကြောင့် လက်တွေ့အကျိုးရှိစေမည့် ကိုယ်ရေးအချက်အလက် ကာကွယ်ရေးဥပဒေတစ်ရပ် အမြန်ဆုံးရေးဆွဲပြဋ္ဌာန်းပေးရန် အဆိုအား ထောက်ခံပါကြောင်း ဆွေးနွေးသည်။

မွန်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ် (၁၂) ဒေါ်စိုးစိုးမြင့်က ကိုယ်ရေးအချက်အလက်ကာကွယ်ရေး (Personal Data Protection) ဆိုသည်မှာ လူတစ်ဦးချင်းစီ၏ ကိုယ်ရေးကိုယ်တာအချက်အလက်များကို ခွင့်ပြုချက်မရှိဘဲ စုဆောင်းခြင်း၊ အသုံးပြုခြင်း၊ သိမ်းဆည်းခြင်း၊ ဖြန့်ဝေခြင်း၊ ရောင်းချခြင်းနှင့် အလွဲသုံးစားပြုခြင်းတို့မှ ကာကွယ်ပေးခြင်းဟု အဓိပ္ပာယ်ရပါကြောင်း၊ ခွင့်ပြုချက်မရှိဘဲ အခြားသူထံ ပေးအပ်လိုက်ခြင်း၊ အချက်အလက်များကိုရောင်းချခြင်း၊ အွန်လိုင်းမှ ခိုးယူခံရခြင်း၊ လိမ်လည်မှုများအတွက် အသုံးပြုခြင်း၊ မိမိနှင့် မသက်ဆိုင်သော ရည်ရွယ်ချက်များအတွက် အသုံးပြုခြင်း စသည်တို့ဖြစ်ပေါ်လာပါက နိုင်ငံသားတစ်ဦးချင်းစီ၏လုံခြုံရေး၊ ငွေကြေးနှင့်ကိုယ်ရေးလုံခြုံမှုတို့ကို ထိခိုက်စေနိုင်သောကြောင့် ဥပဒေနှင့် ကာကွယ်ပေးရန်လိုအပ်ခြင်းဖြစ်ပါကြောင်း၊ ယနေ့နိုင်ငံပေါင်း ၁၉၅ နိုင်ငံတွင် ၇၉ ရာခိုင်နှုန်းခန့်သည် ကိုယ်ရေးအချက်အလက်ဆိုင်ရာ ဥပဒေကိုပြဋ္ဌာန်းထားပြီး ဖြစ်ပါကြောင်း။

ထို့ကြောင့် နိုင်ငံတကာစံနှုန်းများနှင့် နှိုင်းယှဉ်လေ့လာပြီး နိုင်ငံတော်၏လုံခြုံရေး၊ အများပြည်သူအကျိုးစီးပွားကို ကာကွယ်ခြင်းနှင့် နိုင်ငံသားတစ်ဦးချင်း၏ ကိုယ်ရေးလုံခြုံမှုကို ကာကွယ်ခြင်း တို့အတွက် ဆောင်ရွက်ရန်အရေးကြီးပါကြောင်း၊ ကိုယ်ရေးလုံခြုံမှုကို ချိုးဖောက်ခံရပါက တိုင်ကြားနိုင်သည့်ဌာန၊ အင်တာနက်အသုံးပြုမှုနှင့် ကိုယ်ရေးအချက်အလက်များကို ရယူနိုင်ခွင့်အခြေအနေ၊ နစ်နာသူများအတွက် လျော်ကြေးပေးနိုင်သည့်စနစ်၊ ကိုယ်ရေးအချက်အလက်များကို သိမ်းဆည်းထားသည့် အစိုးရဌာနနှင့်ပုဂ္ဂလိကအဖွဲ့အစည်းများအပေါ် သီးခြား Personal Data Protection Law ပြဋ္ဌာန်းရန် အထူးလိုအပ်လျက်ရှိပါကြောင်း၊ အဆိုပါဥပဒေသည် ပြည်သူများ၏ ကိုယ်ရေးလုံခြုံမှုကို ကာကွယ်ပေးနိုင်ရုံသာမက Digital Economy, E-Government, E-Commerce, Digital Banking နှင့် နိုင်ငံတကာ Data Flow များအတွက် ယုံကြည်စိတ်ချရသော ဥပဒေရေးရာကို တည်ဆောက်ပေးနိုင်မည် ဖြစ်ပါသောကြောင့် အဆိုအား ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ယင်းအဆိုနှင့် စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ် (၁၂) ဦးဝဏ္ဏစိုး၊ မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၁၂) ဒေါ်ခင်ဆွေ၊ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၉) ဒေါ်ကျင်သိန်း၊ စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ် (၁၂) ဦးလွှမ်းမိုးနိုင်နှင့် မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၁) ဦးဖေသန့်ဇော်တို့က ဆက်လက်ဆွေးနွေးကြသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးရန်ကျန်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်းကို နိုဝင်ဘာလ ၁၃ ရက်တွင် ကျင်းပမည့် ၁၇ ရက်မြောက်နေ့အစည်းအဝေးတွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ထို့နောက် တတိယအကြိမ်အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ကိုရပ်နားလိုက်ပြီး အစည်းအဝေး ၁၇ ရက်မြောက်နေ့ကို နိုဝင်ဘာလ ၁၃ ရက်တွင်ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

ရွှေညောင်မြို့၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားပြီး ရေဘေးသင့်ပြည်သူများအား ဘေးလွတ်ရာသို့ပြောင်းရွှေ့

ရွှေညောင် နိုဝင်ဘာ ၁၁

အချိန်အခါမဟုတ် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ယမန်နေ့က ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့နယ် ရွှေညောင်မြို့ မင်္ဂလာရွှေဘို ရပ်ကွက်နှင့် ရတနာရပ်ကွက်တို့တွင် ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ရာ ပြည်သူများ ရေဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့ရကြောင်း သိရသည်။

အဆိုပါ ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးဆောင်ရွက်နိုင်ရန် ယနေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးနှင့် တာဝန်ရှိသူများသည် ရေကြီးရေလျှံမှုဖြစ်ပွားသည့် ရွှေညောင်မြို့ နယ်မြေ(၁) မင်္ဂလာရွှေဘိုရပ်ကွက်သို့ သွားရောက်ပြီး ပြည်သူများအား နေအိမ်မှ ရေဘေးလွတ်ရာနေရာသို့ ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် တာဝန်ရှိသူများ စုပေါင်း၍ Speed boat စက်လှေများဖြင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုကြပြီး လိုအပ်သည်များ ပေါင်းစပ်



ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ရွှေညောင်မြို့ ကုန်းလှိုင် ဇေယျာသီရိဓမ္မာရုံ၌ ရေဘေးကယ်ဆယ်ရေးစခန်းဖွင့်လှစ်ထားရှိရာသို့ သွားရောက်ကြည့်ရှုပြီး ရေဘေးသင့်ပြည်သူများကို တွေ့ဆုံအားပေးစကားပြောကြားကာ ရေဘေးသင့် အိမ်ထောင်စု ၁၀၆ စုနှင့် လူဦးရေ ၃၈၈ ဦးကို စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ကြသည်။


အဆိုပါ ရွှေညောင်မြို့ ကုန်းလှိုင် ဇေယျာသီရိဓမ္မာရုံ၌ အိမ်ထောင်စု ၁၀၆ စု၊ လူဦးရေ ၃၈၈ ဦးခန့်ကို ရေဘေးကယ်ဆယ်ရေးစခန်းဖွင့်လှစ်ထားရှိပြီး မြို့နယ်ကျန်းမာရေးအဖွဲ့နှင့်တပ်မတော်ဆေးကုသရေးအဖွဲ့မှ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဆက်လက်၍ ညောင်ရွှေမြို့ ကန်သာယာ(၈)ရပ်ကွက်ရှိပြည်သူများအား မီးသတ်တပ်ဖွဲ့မှလေ့မျာ်း Speed boat စက်လှေများဖြင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးနေမှုကို သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ကျီးဖြူကန်အားသွားရောက်ကြည့်ရှုစစ်ဆေးရာ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ကန်အတွင်းရှိရေများသတ်မှတ်ရေအမြင့်ပေထက်ကျော်လွန်ရောက်ရှိခဲ့မှုအခြေအနေ၊ ယနေ့ ညနေပိုင်းတွင် သတ်မှတ်ရေအမြင့်ပေသို့ပြန်လည်ကျဆင်းနေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့သည်။

ယင်းနောက် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တောင်ကြီးမြို့ အဆင်းလမ်း အင်ကြင်းတောင်အနီး၌ မြေပြိုကျမှုများဖြစ်ပွားခဲ့သဖြင့် စက်ယန္တရားများဖြင့် ဖယ်ရှားနေမှုကို ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းမှာကြားကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)



(၁၁-၁၁-၂၀၂၆)ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

	အမေရိကန်ဒေါ်လာ	တရုတ်ယွမ်	ထိုင်းဘတ်	အိန္ဒိယရူပီး
ငွေလဲလှယ်နှုန်း	၃၆၅၅ ~ ၃၆၇၁	၅၅၅.၃ ~ ၅၅၈.၇	၁၂၅.၅ ~ ၁၂၅.၇	၄၃.၆
ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏ	၁၈,၆၈၄,၉၈၈.၉၃	၆,၇၂၀,၁၀၇.၀၈	၂၄,၃၀၈,၁၇၈.၇၈	

မြန်မာ့ပင်လယ်ပြင်အခြေအနေ

နေပြည်တော် နိုဝင်ဘာ ၁၁

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၇ ပေမှ ၉ ပေခန့်ရှိနိုင်ပါသည်။

(မိုး/ဧလ)

ကမ္ဘာ့အဖြူရောင်လှိုင်းနှင့်အတူ နိုင်ငံစီးပွားမြှင့်တင်မည့် မြန်မာ့ဝါ

စိုးမိုးဝင်း(စိုက်ပျိုးရေး)

ကျေးလက်စီးပွားရေးနှင့်နိုင်ငံစီးပွားရေးကို အခြေခံမှစ၍ အားကောင်းမောင်းသန်ဖြစ်အောင် တွန်းအားပေးသည့်အဓိကစွမ်းအားအဖြစ် “အဖြူရောင်မောင်းနှင်အား”ဟုတင်စားသော “ဝါဂွမ်း”သည် ယနေ့ကမ္ဘာ့စီးပွားရေးဇာတ်ခုံပေါ်တွင် ပုံစံသစ်ဖြင့်လှိုင်းထလာနေပြီး ကမ္ဘာ့ဝါဂွမ်းထုတ်လုပ်မှုနှင့် သုံးစွဲမှုပမာဏသည် တဖြည်းဖြည်းမြင့်တက်လာနေသည်။ ၂၀၂၅-၂၀၂၆ ခုနှစ်တွင် ကမ္ဘာ့ဝါဂွမ်းထုတ်လုပ်မှုသည် တန်ချိန် ၂၆ ဒသမ ၉၈ သန်းအထိ စံချိန်တင်မြင့်တက်လာခဲ့ပြီး



အာရှဒေသအထည်ချုပ်ကဏ္ဍ၏ အဝယ်လိုက်မှုကြောင့် ကမ္ဘာ့ဝါဂွမ်းသုံးစွဲမှုပမာဏသည်လည်း တန်ချိန် ၂၅ ဒသမ ၈၅ သန်းအထိ လိုက်ပါမြင့်တက်လာသည်။ ထုတ်လုပ်မှုသည်သုံးစွဲမှုထက်တန်ချိန် ၁ ဒသမ ၁၃ သန်းခန့် ပိုနေသော်လည်း ကမ္ဘာ့စျေးကွက်အတွင်း ဝါဂွမ်းကုန်ကြမ်းထုတ်လုပ်မှုနှင့်သုံးစွဲမှုအချိုးမှာ မျှခြေနီးစပ်လျက်ရှိသည်။ ထိုသို့ ကမ္ဘာ့စျေးကွက်တည်ငြိမ်လာခြင်းသည် မြန်မာ့ဝါစိုက်တောင်သူများနှင့် ပြည်တွင်းချည်မျှင်စက်ရုံများအတွက် ပေါင်းကူးတံတားသဖွယ်ဖြစ်လာပြီး နိုင်ငံ့စီးပွားရေးကဏ္ဍာသစ်ကို ဖော်ဆောင်ပေးမည့် တည်ငြိမ်သောစီးပွားရေးအခွင့်အလမ်းသစ်များကို သယ်ဆောင်လာလျက်ရှိသည်။

ဝါ၏အရေးပါမှု

ဝါနှင့်ဝါဂွမ်းအခြေခံအထည်အလိုပ်လုပ်ငန်းများသည် ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများအားလုံး၏ စီးပွားရေးတိုးတက်မှုအတွက် အဓိကမဏ္ဍိုင်ဖြစ်ပြီး လူထုအကျိုးပြုရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသည်။ ဝါဂွမ်းသည် ချမ်းသာကြွယ်ဝမှု၊ စက်မှုကဏ္ဍထွန်းကားမှုနှင့် တိုးတက်ပြောင်းလဲမှုတို့အတွက်အခြေခံကုန်ကြမ်းဖြစ်သည့်အပြင် ပညာရေး၊ ကျန်းမာရေး၊ နေထိုင်ရေးမှသည် သယ်ယူပို့ဆောင်ရေးအထိ အဘက်ဘက်တွင် ဝင်ငွေရှာဖွေပေးနေသည့် အရေးပါသော စီးပွားဖြစ်သီးနှံဖြစ်ပြီး စက်မှုကဏ္ဍတိုးချဲ့ရေးနှင့် လူမှုဖူလုံရေးမြင့်မားလာစေရန် အရိုန်အဟုန်မြှင့်တင်ပေးသည့် အဓိကတွန်းအားတစ်ခုလည်းဖြစ်သည်။ ဝါဂွမ်းသည် ၁၈ ရာစုကတည်းကစတင်ခဲ့သော စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှုတွင် အရေးပါသောအခန်းကဏ္ဍမှပါဝင်ခဲ့ပြီး ယနေ့ခေတ် ဖွံ့ဖြိုးဆဲကမ္ဘာတွင်လည်း အဓိကဝင်ငွေရလမ်းကြောင်းတစ်ခုအဖြစ် ဆက်လက်တည်ရှိနေဆဲဖြစ်သည်။

ကမ္ဘာ့ဝါစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်း

ဝါကို မြောက်ကမ္ဘာခြမ်းနှင့် တောင်ကမ္ဘာခြမ်းရှိ သမပိုင်းအစွန်အဖျားဒေသများနှင့် ရာသီအလိုက် ခြောက်သွေ့သော အပူပိုင်းဒေသများတွင် စိုက်ပျိုးကြသော်လည်း ကမ္ဘာ့ထုတ်လုပ်မှုအများစုမှာ အိမ်ကွေတာ၏ မြောက်ဘက်တွင်ဖြစ်သည်။ အဓိကထုတ်လုပ်သည့် နိုင်ငံများမှာ တရုတ်၊ အိန္ဒိယ၊ ဘရာဇီးနှင့် အမေရိကန်တို့ဖြစ်ပြီး ကမ္ဘာ့စုစုပေါင်းအထွက်နှုန်း၏ ၇၀ ရာခိုင်နှုန်းကျော်ကို ထုတ်လုပ်နေသည်။ ဝါကို နိုင်ငံပေါင်း ၁၀၀ ကျော်တွင် စိုက်ပျိုးနေပြီး ကမ္ဘာ့စိုက်ပျိုးနိုင်သောမြေဧရိယာ စုစုပေါင်း၏ ၂ ဒသမ ၅ ရာခိုင်နှုန်းခန့် ရှိသည်။ နိုင်ငံပေါင်း ၁၅၀ ကျော်က ဝါဂွမ်းတင်ပို့ခြင်း၊ တင်သွင်းခြင်းလုပ်ငန်းများတွင် ပါဝင်ပတ်သက်နေပြီး မိသားစုလုပ်ငန်းပေါင်း သန်း ၁၀၀ ကျော်သည် ဝါဂွမ်းစိုက်ပျိုးထုတ်လုပ်မှုတွင် တိုက်ရိုက်ပါဝင်လုပ်ကိုင်နေကြသည်။ မိသားစုလုပ်အား၊ ၄ားရမ်းလုပ်သားများနှင့် သယ်ယူပို့ဆောင်ရေး၊ ဝါဖတ်ခြင်း၊ ဝါဂွမ်းထုပ်ပိုးခြင်းနှင့်သိုလှောင်ခြင်း စသည့်လုပ်ငန်းအသီးသီးတွင် ပါဝင်ပတ်သက်နေသူစုစုပေါင်းမှာ ခန့်မှန်းလူဦးရေ၃၅၀ သန်းအထိရှိသည်။ ထို့ပြင် စိုက်ပျိုးရေးသွင်းအားစုများ၊ စက်ပစ္စည်းကိရိယာများ၊ ဝါစေ့ဆီကြိတ်ခွဲခြင်းနှင့် အထည်အလိုပ်ထုတ်လုပ်ခြင်း စသည့်ဆက်စပ်လုပ်ငန်းများရှိ အခြားလူဦးရေသန်းပေါင်းများစွာကိုလည်း အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးထားသည်။

ဝါဂွမ်းသုံးစွဲမှုအခြေအနေ

ဝါဂွမ်းသုံးစွဲမှုဟူသည်မှာ ချည်မျှင်စက်ရုံများက ဝါဂွမ်းအမွေးအမျှင်များကို ချည်မျှင်အဖြစ်သို့ ပြောင်းလဲထုတ်လုပ်ခြင်းကိုရည်ညွှန်းသည်။ ဝါဂွမ်းချည်မျှင်လိုအပ်ချက်၏ ပထဝီဝင်အနေအထားအရ ဖြန့်ကြက်တည်ရှိမှုသည် ချည်မျှင်စက်ရုံများတည်ရှိရာ နေရာပေါ်တွင်မူတည်သည်။ ရှေးယခင်ကတည်းက ချည်ငင်ခြင်းလုပ်ငန်းကို လုပ်အားခစရိတ်သက်သာသည့် အာရှနိုင်ငံများတွင် အဓိကအခြေစိုက်တည်ထောင်ခဲ့ကြသည်။ တရုတ်နိုင်ငံသည် ၁၉၆၀ ပြည့်နှစ်ကတည်းက ကမ္ဘာ့ဦးဆောင် ဝါဂွမ်းသုံးစွဲသူနိုင်ငံအဖြစ်ရပ်တည်လာခဲ့သည်။ ၎င်း၏နောက်တွင် အိန္ဒိယနှင့်ပါကစ္စတန်တို့က အဓိကသုံးစွဲသူနိုင်ငံကြီးများအဖြစ် ကပ်လျက်ရပ်တည်နေကြသည်။ လက်ရှိကမ္ဘာ့ဝါဂွမ်းစျေးကွက်တွင်လည်း အာရှဒေသသည် ကမ္ဘာ့ဝါဂွမ်းစုစုပေါင်းသုံးစွဲမှုပမာဏ၏ ၆၀ ရာခိုင်နှုန်းကျော်ကို ဆက်လက်စိုးမိုးထားဆဲဖြစ်သည်။ သို့သော်လည်း မကြာသေးမီနှစ်များအတွင်း ကမ္ဘာ့ဝါဂွမ်းသုံးစွဲမှုသည် အပြောင်းအလဲအချို့ဖြစ်ပေါ်လာခဲ့၍ လုပ်သားခသက်သာကာ အထည်ချုပ်ကဏ္ဍ အရိုန်အဟုန်ဖြင့်တိုးတက်နေသည့် ဗီယက်နမ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့သည် ကမ္ဘာ့ထိပ်သီးဝါဂွမ်းတင်သွင်းသုံးစွဲသူ နိုင်ငံသစ်များအဖြစ် အားကောင်းစွာပေါ်ထွက်လာခဲ့သည်။

အဖြူရောင်လှိုင်းအပြောင်းအလဲ

သမိုင်းကြောင်းအရ ကမ္ဘာ့အထည်အလိပ်နှင့် အဝတ်အထည်ကုန်သွယ်မှုကို နှစ်ပေါင်း ၃၀ ကျော်ကြာထိန်းချုပ်ကန့်သတ်ထားခဲ့သည့် ခွဲတမ်းစနစ်ကို ၂၀၀၅ ခုနှစ် ဇန်နဝါရီလတွင် တစ်ကမ္ဘာလုံးဆိုင်ရာအဆင့်အနေဖြင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့က လုံးဝပယ်ဖျက်ပေးခဲ့သည်။ ထို့ကြောင့် အနောက်နိုင်ငံကြီးများမှအထည်အလိပ်နှင့်အဝတ်အထည်ကုန်ထုတ်လုပ်မှုဗဟိုချက်ကြီးတစ်ခုလုံးကို ကုန်ကျစရိတ်သက်သာပြီး လုပ်သားအင်အားတောင့်တင်းသည့် တရုတ်နိုင်ငံနှင့် အာရှဖွံ့ဖြိုးဆဲနိုင်ငံများဆီသို့ အလုံးအရင်းဖြင့် ရွှေ့ပြောင်းအခြေစိုက်လာစေသည့်သမိုင်းဝင်လှိုင်းလုံးကြီးဖြစ်လာခဲ့သည်။ ဤလှိုင်းသည် ဝါဂွမ်းစျေးကွက်၏ လိုအပ်ချက်ကို မိမိတို့အနီးအနားပတ်ဝန်းကျင်တွင် အကြီးအကျယ်ဖြစ်ထွန်းစေခဲ့ပြီး အာရှနိုင်ငံများအတွက် အခွင့်အလမ်းသစ်များဖန်တီးပေးခဲ့သည်။

ကမ္ဘာ့ဦးဆောင်ဝါဂွမ်းသုံးစွဲသူနိုင်ငံအဖြစ် ရပ်တည်လာခဲ့သည့် တရုတ်နိုင်ငံတွင် လုပ်အားခစရိတ် ပို၍မြင့်မားလာခြင်း၊ အလုပ်သမားနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ ပို၍တင်းကျပ်လာခြင်းတို့ကြောင့် ၂၀၁၀ ပြည့်နှစ်ကတည်းက ချည်မျှင်စက်ရုံများတွင် ဝါဂွမ်းသုံးစွဲမှုသည် တဖြည်းဖြည်းလျော့နည်းလာခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် အခြေခံအာမခံစျေးစနစ်ကို ပယ်ဖျက်လိုက်ခြင်းက ဤကျဆင်းမှုကို ပို၍ဆိုးရွားစေခဲ့သည်။ ဤအခြေအနေသည် ဘင်္ဂလားဒေ့ရှ်၊ ဗီယက်နမ်နှင့် ပါကစ္စတန်နိုင်ငံတို့ကဲ့သို့ အခြားအာရှနိုင်ငံများဆီသို့ အထည်အလိပ်လုပ်ငန်းများရွှေ့ပြောင်းသွားစေရန် တွန်းအားပေးခဲ့သည်။

အဖြူရောင်လှိုင်းသစ်ပြင်ဆင်မှုများ

ကမ္ဘာ့ဝါစျေးကွက်ကို မောင်းနှင်ရာတွင် အာရှဒေသသည် အချက်အချာကျသောနေရာမှ ပါဝင်နေပြီး လက်ရှိတွင် နည်းပညာအလှည့်အပြောင်းများကို အရှိန်အဟုန်ဖြင့် ဖော်ဆောင်နေကြသည်။ အာရှ၏ ဝါထုတ်လုပ်မှုအချက်အချာဖြစ်သော စင်ကျန်းဒေသအပါအဝင် တရုတ်နိုင်ငံတွင် ဝါစိုက်ပျိုးထုတ်လုပ်မှုတစ်ခုလုံး၏ ၉၇ ရာခိုင်နှုန်းကျော်ကို စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းထားပြီးဖြစ်သည်။ ဒရုန်းများဖြင့် ဆေးဖျန်းခြင်း၊ အလိုအလျောက်ရေပေးဝေသည့် စနစ်များနှင့် အဆင့်မြင့်ဝါရိတ်သိမ်းစက်ကြီးများကို အသုံးပြုကာ လူအင်အားထောင်ချီလုပ်ဆောင်ရမည့် အလုပ်ကို မိနစ်ပိုင်းအတွင်း အလိုအလျောက်စနစ်တကျ ထုပ်ပိုးသိမ်းဆည်းနိုင်သည်အထိ ပြင်ဆင်လာကြသည်။ အိန္ဒိယနှင့်ပါကစ္စတန်နိုင်ငံတို့တွင်လည်း ရာသီဥတုဒဏ်နှင့် ပိုးမွှားဒဏ်ခံနိုင်ရည်ရှိသော မျိုးဗီဇမြှင့်ဝါမျိုးစေ့များကို အကြီးအကျယ်ပြောင်းလဲစိုက်ပျိုးလာကြသလို Better Cotton Initiative (BCI) ကဲ့သို့သော ရေရှည်တည်တံ့မည့် သဘာဝအခြေခံစိုက်ပျိုးရေးစနစ်များကို ပို၍ကျင့်သုံးလာကြသည်။

အရှေ့တောင်အာရှနိုင်ငံများသည် ဝါဂွမ်းစိုက်ပျိုးမှုထက် ချည်မျှင်နှင့်အထည်အလိပ်ကုန်ထုတ်လုပ်မှုဗဟိုချက်အဖြစ် အသွင်ကူးပြောင်းကာ ပြင်ဆင်နေကြသည်။ ဗီယက်နမ်နိုင်ငံသည် ကမ္ဘာပေါ်တွင် တတိယမြောက် ဝါဂွမ်းအများဆုံးတင်သွင်းသည့်နိုင်ငံဖြစ်လာပြီး ခေတ်မီစက်မှုဇုန်များနှင့် စွမ်းအားမြင့် ချည်ငင်စက်ရုံများကိုတည်ဆောက်ကာ အာရှ၏ အဓိကအထည်အလိပ်ထုတ်လုပ်ရာ နေရာဖြစ်ရန် ခြေလှမ်းပြင်ထားသည်။ အလားတူပင် ဘင်္ဂလားဒေ့ရှ်နှင့် အင်ဒိုနီးရှားနိုင်ငံတို့သည်လည်း ကွင်းဆက်တစ်ခုလုံးပေါင်းစပ်ထားသည့် အထည်ချုပ်ကဏ္ဍာဖြင့် ကမ္ဘာ့စျေးကွက်ကိုယှဉ်ပြိုင်ရန် ပြင်ဆင်နေကြသည်။

အနာဂတ်အဖြူရောင်ကဏ္ဍာ

လာမည့်ဆယ်စုနှစ်အတွင်း ကမ္ဘာ့ဝါဂွမ်းသုံးစွဲမှုပမာဏသည် လုပ်အားခနှင့်ထုတ်လုပ်မှုစရိတ်သက်သာသော အာရှနိုင်ငံများဖြစ်သည့် ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယနှင့် ဗီယက်နမ်နိုင်ငံတို့တွင် အထည်အလိပ်နှင့် ချည်မျှင်စက်ရုံများ ဆက်လက်တိုးချဲ့လာမှုကြောင့် တစ်နှစ်လျှင် ၁ ဒသမ ၆ ရာခိုင်နှုန်းဖြင့် တိုးတက်လာလိမ့်မည်ဟုမျှော်လင့်ထားသည်။

ကမ္ဘာ့ဝါဂွမ်းကုန်သွယ်မှုကဏ္ဍသည် လာမည့်ကာလလတ်အတွင်း တစ်နှစ်လျှင် ၂ ဒသမ ၄ ရာခိုင်နှုန်းဖြင့် အရှိန်အဟုန်မပြတ်ဆက်လက်တိုးတက်လာမည်ဟုခန့်မှန်းရသည်။ ဤသို့တိုးတက်လာရခြင်းမှာ အထည်ချုပ်လုပ်ငန်း တစ်ဟုန်ထိုးအားကောင်းလာသည့် ဘင်္ဂလားဒေ့ရှ်နှင့် ဗီယက်နမ်နိုင်ငံတို့က ဝါဂွမ်းကုန်ကြမ်းများကို ပြည်ပမှပို၍အဝယ်လိုက်ကာ အပြိုင်အဆိုင်တင်သွင်းလာကြခြင်းကြောင့်ဖြစ်သည်။ ပြည်တွင်းထုတ်လုပ်မှုစွမ်းအား ကန့်သတ်ချက်ရှိခြင်းနှင့် ချည်မျှင်စက်ရုံများတွင် အသုံးပြုမှုဆက်လက်တိုးတက်နေခြင်းတို့ကြောင့် ၎င်းတို့သည် ကမ္ဘာ့အကြီးမားဆုံး ဝါဂွမ်းတင်သွင်းသည့်နိုင်ငံများအဖြစ်

စာမျက်နှာ ၁၃ သို့ ➥



အသိပေးကြေညာခြင်း

နေပြည်တော်စည်ပင်သာယာရေးကော်မတီသည် နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း မြို့တော်သန့်ရှင်း၊ သပ်ရပ်၊ သာယာ၊ လှပစေရေး စီစစ်ကြပ်မတ်ဆောင်ရွက်လျက်ရှိရာ ယခုကာလသည် ပွင့်လင်းရာသီကာလရောက်ရှိလာပြီဖြစ်ပြီး အယ်လ်နီညိုရာသီဥတုဖြစ်စဉ်တို့ကြောင့် မီးဘေးအန္တရာယ်ကြုံတင်ကာကွယ်ရန်နှင့် မြို့တော်စည်ပင်သာယာမှုရှိစေရန်အတွက် မြို့နယ်များအတွင်းရှိ လူနေထိုင်ခြင်းရှိသည့် မြေကွက်နှင့်လူနေထိုင်ခြင်းမရှိသည့် မြေကွက်များ၏ မြေကွက်ပိုင်ရှင် သို့မဟုတ် မြေကွက်နှင့်စပ်လျဉ်း၍ တာဝန်ရှိသူသည် မိမိတို့မြေကွက်အတွင်းဇရိယာ၊ မြေကွက်၏မျက်နှာစာ ခြံစည်းရိုးနှင့်လမ်းနယ်နိမိတ်အကြားတို့တွင် အမြင်မတင့်တယ်သည့် မြက်/ချုံနွယ်ပိတ်ပေါင်းများကို မိမိတို့အစီအစဉ်ဖြင့် ရှင်းလင်းဖယ်ရှားပေးရန် လိုအပ်ပါကြောင်းနှင့် နိုင်ငံတော်၏မြို့တော်ဖြစ်သော နေပြည်တော်ကို စည်ပင်သာယာမှုရှိစေရေးပူးပေါင်းလိုက်နာဆောင်ရွက်ပေးပါရန် အသိပေးကြေညာအပ်ပါသည်။

နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ယုံကြည်ချက်ခိုင်မာ အာကာသမြန်မာ

❖ နည်းပညာ တိုးတက်မှု
ရှုမြင်ရ မြင်ကွင်းသာ။
နိုင်ငံတော် သမ္မတ
လမ်းပြလျက်ပါ။
အာကာသ ပြခန်းစုံစွာ
ကမ္ဘာမှာ မြန်မာမျိုးတို့။
ခေတ်နှင့်အမီ ခေတ်မီဖြိုးအောင်
ကြိုးစားကြလို့။

❖ နိုင်ငံတိုင်းမှာ အာကာသ
စူးစမ်းကြ တိုးတက်အောင်။
မြန်မာတွေ တကယ်မည့်
အံ့ဖွယ်စွမ်းဆောင်။
လူငယ်တို့ရဲ့ ဉာဏ်ထိပ်ခေါင်
နောင်စဉ်လာ ဦးဆောင်ရေး။
နိုင်ငံတော် မျက်နှာပွင့်လို့
ဂုဏ်တင့်တယ်လေး။

❖ နိုင်ငံတိုင်းမှာ ဝိုင်ဆိုင်ခွင့်
ပညာမြင့်တဲ့ နည်းပညာ။
အိပ်မက်ပမာ အာကာသ
လက်တွေ့ကျတာ။
သူ့ခေတ်နဲ့ သူ့အခါ
နည်းပညာ တစ်ခေတ်ဆန်း။
လူငယ်တွေ ပညာပန်းက
လန်းသည်ထက်လန်း။

❖ အခြေခံပညာ လူငယ်များ
ကြိုးစားလို့ ယှဉ်ပြိုင်သည်။
တက်ကြွကာ စိတ်ရွှင်လန်း
ရည်မှန်းချက်ဆီ။
ကာတွန်းနှင့် လှပန်းချီ
ရေးဆွဲပြီ ပိုစတာများ။
အာကာသနှင့်တို့မြန်မာ
တို့မြန်မာနှင့်အာကာသ
အနာဂတ်မှာ ထပ်တူကျအောင်
စွမ်းပြလို့ထား။ ။

အာကာမောင်မောင်

➥ **စာမျက်နှာ ၁၂ မှအဆက်**

တရုတ်နိုင်ငံကို ကျော်လွန်သွားလိမ့်မည်ဟု မျှော်လင့်ရသည်။

မြန်မာ့ဝါစိုက်ပျိုးရေးရှေ့ခရီး

ကမ္ဘာ့အဖြူရောင်လှိုင်းသစ်တွင် တန်းတူရင်ပေါင်တန်းနိုင်ပြီး နိုင်ငံစီးပွားကိုမြှင့်တင်နိုင်ရန် မြန်မာနိုင်ငံအနေဖြင့် ခေတ်သစ်ကိုမောင်းနှင်မည့် အရည်အသွေးမြင့်ဝါမျိုးကောင်းများကို ပြောင်းလဲစိုက်ပျိုးရန်လိုအပ်သည်။ အရည်အသွေးမြင့်ဝါမျိုးစေ့များကို ပြောင်းလဲအသုံးပြုခြင်းဖြင့် ဝါဂွမ်း၏ကုန်ကြမ်းအရည်အသွေးစံချိန်စံညွှန်းမြင့်မားလာမည်ဖြစ်ကာ တစ်ဧကအထွက်နှုန်းကိုလည်း တိုးတက်စေနိုင်သည်။ သို့မှသာ ပြည်တွင်းချည်မျှင်နှင့် အထည်အလိပ်စက်ရုံများအတွက်လည်း အရည်အသွေးမီကုန်ကြမ်းများကို စဉ်ဆက်မပြတ်ထောက်ပံ့ပေးနိုင်မည်။ အထွက်နှုန်းကောင်းပြီး ပိုးမွှားဒဏ်ခံဝါမျိုးကောင်းများကို မဟာဗျူဟာမြောက် ပြောင်းလဲစိုက်ပျိုးခြင်းသည် မြန်မာ့ဝါကဏ္ဍအဆင့်အတန်းမြင့်မားလာစေရန်နှင့် သွင်းကုန်အစားထိုးကာ နိုင်ငံ့စီးပွားရေးကို အားကောင်းမောင်းသန်ဖြစ်စေရန် မဖြစ်မနေလုပ်ဆောင်ရမည့် ပဓာနကျသောလုပ်ငန်းစဉ်ကြီးတစ်ခုဖြစ်သည်။

ဝါစိုက်ပျိုးမှုအဆင့်မြှင့်တင်ရုံတင်မကဘဲ “ဝါမှသည် အထည်အလိပ်ဆီသို့” ထုတ်လုပ်မှုကွင်းဆက်ကြီးတစ်ခုလုံးကို စနစ်တကျချိတ်ဆက်တည်ဆောက်ရန်လိုအပ်သည်။ စိုက်ခင်းထဲမှထွက်လာသည့် ဝါဂွမ်းကုန်ကြမ်းများကို အရည်အသွေးမီ အချောထည်ဖြစ်စေရန် ခေတ်မီဆန်းသစ်သော ဝါဂွမ်းသန့်စင်စက်ရုံများနှင့် အဆင့်မြင့်ချည်ငင်စက်ရုံများဖြစ်လာအောင် တွန်းအားပေးရမည်။ တောင်သူ၊ စက်ရုံပိုင်ရှင်နှင့် အထည်ချုပ်လုပ်ငန်းရှင်များကြားတွင် တိုက်ရိုက်ချိတ်ဆက်မှုများ အားကောင်းလာပါက ဝါဂွမ်းစျေးကွက်မတည်ငြိမ်မှုကိုကျော်လွှားနိုင်မည်။

ကမ္ဘာ့ဝါထုတ်လုပ်မှုအပြောင်းအလဲလှိုင်းများသည် မြန်မာ့ဝါစိုက်ပျိုးရေးကဏ္ဍအတွက် စိန်ခေါ်မှုများသယ်ဆောင်လာသကဲ့သို့ နိုင်ငံ့စီးပွားရေးကိုတစ်ခေတ်ဆန်းစေမည့် အခွင့်အလမ်းကောင်းများကိုပါ လမ်းဖွင့်ပေးလျက်ရှိသည်။ မြန်မာနိုင်ငံအနေဖြင့် ခေတ်မီဝါမျိုးကောင်းများကို ပြောင်းလဲစိုက်ပျိုးပြီး ကွင်းဆက်တစ်ခုလုံးကို ဟန်ချက်ညီညီ ချိတ်ဆက်နိုင်မည်ဆိုပါက ပြည်တွင်း၌ ချည်ထည်တင်သွင်းမှုကို အလုံးအရင်းဖြင့်လျှော့ချနိုင်မည့် သွင်းကုန်အစားထိုးမှုမှသည် ပြည်ပသို့အရည်အသွေးမီဝါဂွမ်းကုန်ကြမ်းများတင်ပို့နိုင်မည့်အဖြူရောင်လှိုင်းသစ်ကြီးကိုဖန်တီးနိုင်မည်။ ဤသို့သွင်းကုန်လျှော့ချပြီး ပြည်ပပို့ကုန်မြှင့်တင်နိုင်ခြင်းသည် နိုင်ငံခြားဝင်ငွေကို တိုးတက်ရရှိစေကာ နိုင်ငံ့စီးပွားရေးကို အခြေခံမှစ၍ ခိုင်မာတောင့်တင်းလာစေမည်ဖြစ်သည်။

ထို့ပြင် နိုင်ငံတော်အဆင့် စီးပွားရေးကို သာမက လယ်ယာမြေပြင်ရှိ ဝါစိုက်တောင်သူများ၏ လူနေမှုဘဝကိုပါ ကဏ္ဍသစ်တစ်ရပ်ဆီသို့ မြှင့်တင်ပေးမည့် အဖြူရောင်မောင်းနှင်အားတစ်ခုလည်းဖြစ်သည်။ ကမ္ဘာ့အလှည့်အပြောင်းလှိုင်းတံပိုးများကြားတွင် မိရိုးဖလာစနစ်မှ ခေတ်မီစနစ်သို့ အောင်မြင်စွာကူးပြောင်းကာ အရေအတွက်မှ အရည်အသွေးဦးတည် ထုတ်လုပ်မှုကို အသက်သွင်းခြင်းသည် နိုင်ငံ့စီးပွားမြှင့်တင်ရေးနှင့် ကျေးလက်လူနေမှုဘဝသာယာဝပြောရေးဆီသို့ ဦးတည်သွားမည့် ဖြောင့်တန်းလှပသော ရှေ့ခရီးလမ်းပင်ဖြစ်ပေတော့သည်။ ။

ကျမ်းကိုး

SunSirs: ICAC October Forecast: Global Cotton Fundamentals Will Tighten in 2026/27 https://www.sunsirs.com/commodity-news/petail-36615.html

OECD/FAO (2026), OECD-FAO Agricultural Outlook 2026–2035, Paris and Rome, https://doi.org/10.1787/47874669-en.

Ken Research (September 2026). Southeast Asia Cotton Yarn Market Size, Share and Forecast, 2025–2032. https://www.kenresearch.com/industry-reports/southeast-asia-cotton-yarn-market

ModorINtelligence. ASIA Pacific cotton market size and share analysis-growth trends and forecasts (2025–2030) https://www.mordorintelligence.com/industry-reports/asia-pacific-cotton-market

Textile Focus (October 7, 2026) Global Cotton Comsumption Trending Up, Production Trending Down for 2026/27 Season. https://textilefocus.com/global-cotton-consumption-trending-up-production-trending-down-for-2026-27-season/

ကျွန်းလှမြို့နယ်၌ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကျင်းပ

ကျွန်းလှ နိုဝင်ဘာ ၁၁

စစ်ကိုင်း တိုင်းဒေသကြီး ကျွန်းလှမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဖလားအမျိုးသားအလွတ်တန်းပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို နိုဝင်ဘာလ ၁၁ ရက်တွင် ကျွန်းလှမြို့နယ် ရွှေကျွန်းမြေ မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည်။

ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲတွင် ဟိန်း (၁) အသင်းနှင့် ဟိန်း (၃) အသင်းတို့ယှဉ်ပြိုင်ကစားကြရာ ဟိန်း (၃) အသင်းက နှစ်ပွဲပြတ်ဖြင့် အနိုင်ရရှိသည်။

ဆုချီးမြှင့်ပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ရဲမှူးမိုးဇော်သူနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ပထမဆုရအသင်းအား တံခွန်စိုက်ဖလား၊ ငွေသားဆု၊ တစ်ဦးချင်းဆု တံဆိပ်၊ ဒုတိယဆုရအသင်းအား ငွေသားဆုနှင့် တစ်ဦးချင်းဆုတံဆိပ်တို့ကို ချီးမြှင့်ပေးကြသည်။

အဆိုပါပြိုင်ပွဲကို ပြိုင်ပွဲဝင် အသင်း ၂၅ သင်း ဝင်ရောက်ယှဉ်ပြိုင်ကြပြီး အားကစားသမားများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် အားကစားဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေးကြကြောင်း သိရသည်။

မျိုးဝင်းညို(ကျွန်းလှ)

သဇင်(FM)အသံလွှင့်အစီအစဉ်

၁၂-၁၁-၂၀၂၆(ကြာသပတေးနေ့)

၁။ ဝ၆:၃၀ ခံစားနားဆင် မြန်မာသံစဉ်
၂။ ၀၈:၀၀ For Youth
၃။ ၁၃:၃၀ Live For You
၄။ ၁၇:၀၀ Business Tips
၅။ ၁၈:၂၀ Thazin Request Song
၆။ ၂၁:၂၀ လွမ်းသဝဏ်လွှာ

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဒေါက်တာမင်းသိဏ်း ကို ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၁၁-၁၁-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၇,၁၀၀,၀၀၀) ကျပ်**ဖြစ်သည်။ **ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးများ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ် ၈၇/၂၀၂၆
၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၂ ရက်
(၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်)


တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးများ ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၀၈၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၄)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၂၊ ပုဒ်မခွဲ(ဃ)၊ ပြည်ထောင်စုတရားစီရင်ရေးဥပဒေ ပုဒ်မ ၄၅ နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေ ပုဒ်မ ၁၈၊ ပုဒ်မခွဲ(ဃ)တို့အရ အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ယှဉ်တွဲပါ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) ဒေါ်စန္ဒာကျော် — ပဲခူးတိုင်းဒေသကြီး
(၂) ဒေါ်မြတ်သီတာအောင် — မန္တလေးတိုင်းဒေသကြီး

(ပုံ)မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ ဆဋ္ဌမအကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ နာဂပုရသာသနာလက်ံာရသာမဏေကျော်စာမေးပွဲ ဒုတိယနေ့တွင် ရဟန်း၊ သာမဏေ၊ သီလရှင် စုစုပေါင်းအပါး ၃၀၀၀ ကျော် ဝင်ရောက်ဖြေဆို



ဟိုပုံး နိုဝင်ဘာ ၁၁

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်တွင် နာဂပုရသာသနာလက်ံာရအသင်းကြီးမှ ကြီးမှူးကျင်းပသည့်မြန်မာနိုင်ငံလုံးဆိုင်ရာ ဆဋ္ဌမအကြိမ် နာဂပုရသာသနာလက်ံာရသာမဏေကျော်စာမေးပွဲ ဒုတိယနေ့ကို ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် နောင်တောင်းပရဟိတတပ်ဦးဘုန်းတော်ကြီးသင်ဃညာရေးကျောင်း၌ ဆက်လက်ဖြေဆိုလျက်ရှိရာ အလှူရှင်များက လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများ လာရောက်လှူဒါန်းခဲ့ကြပြီး ဆရာတော်၊ သံဃာတော်များ၊ စာဖြေရဟန်း၊ သာမဏေ၊ သီလရှင်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

အဆိုပါစာမေးပွဲတွင် မြန်မာနိုင်ငံအရပ်ရပ်မှ ရဟန်း၊ သာမဏေ၊ သီလရှင်များ ဝင်ရောက်ဖြေဆိုကြပြီး ဥပစာတန်း ရဟန်း၊ သာမဏေ၊ သီလရှင် ၆၅ ပါး၊ မူလတန်း ရဟန်း၊ သာမဏေ၊ သီလရှင် ၂၈၅ ပါး၊ ပထမအဆင့် ရဟန်း၊ သာမဏေ၊ သီလရှင် ၁၈၄၂ ပါး၊ ဒုတိယအဆင့် ရဟန်း၊ သာမဏေ၊ သီလရှင် ၈၆၉ ပါး၊ တတိယအဆင့် ရဟန်း၊ သာမဏေ၊ သီလရှင် ၃၇၉ ပါး စုစုပေါင်း ရဟန်း၊ သာမဏေ၊ သီလရှင် ၃၄၄၀ ပါး ဝင်ရောက်ဖြေဆိုခဲ့ကြပြီး အဆိုပါစာမေးပွဲကို နိုဝင်ဘာလ ၁၀ ရက်မှ ၁၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ရပ်နီးရပ်ဝေးမှ ဒေသခံပြည်သူများလည်း အလှူငွေများ ဆက်ကပ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **ပအိုဝ်းဒေသ(ပြန်/ဆက်)**

လွှတ်တော်အသီးသီးအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းခြင်း၊ ရုပ်သိမ်းခြင်း၊ စိစစ်ခြင်းတို့နှင့်စပ်လျဉ်းသည့် နေ့ရက်များသတ်မှတ်ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် (၇၁ / ၂၀၂၆)
၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၂ ရက်
(၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်)

လွှတ်တော်အသီးသီးအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းခြင်း၊ ရုပ်သိမ်းခြင်း၊ စိစစ်ခြင်းတို့နှင့်စပ်လျဉ်းသည့် နေ့ရက်များသတ်မှတ်ကြေညာခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေ ၁၆ ပါလုပ်ပိုင်ခွင့်များကိုကျင့်သုံးလျက် အောက်ပါနေ့ရက်များကို သတ်မှတ်ကြေညာလိုက်သည် -

(၁) လွှတ်တော်အသီးသီး၏ မဲဆန္ဒနယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်း စတင်တင်သွင်းနိုင်သည့်နေ့ရက် — **၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်**

(၂) လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းနိုင်သည့်နောက်ဆုံးနေ့ရက် — **၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်**

(၃) လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်း တင်သွင်းလွှာများကို ရုပ်သိမ်းလိုက ရုပ်သိမ်းနိုင်သည့် နောက်ဆုံးနေ့ရက် — **၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၅ ရက်**

(၄) လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းလွှာများ စိစစ်မည့်နေ့ရက် — **၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်မှ ၂၀၂၇ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်အထိ (ပုံ) သန်းစိုး**
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ဖလမ်းမြို့ ဆူရှ်ဘုန်လေဆိပ်နှင့် ရာနှုန်းပြည့်ပြုပြင်ပြီးစီးသည့်ဝန်ထမ်းအိမ်ရာများ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ကျော်ဟန် ကြည့်ရှုစစ်ဆေး

ဖလမ်း နိုဝင်ဘာ ၁၁

အကြမ်းဖက်ဖြစ်စဉ်များကြောင့် ပျက်စီးသွားသည့် ဆူရှ်ဘုန်လေဆိပ်အတွင်းရှိလေဆိပ်အဆောက်အအုံ၊ လေကြောင်းထိန်းမျှော်စင်၊ လေကြောင်း လမ်းညွှန်စက်များထားရှိသည့်နေရာတို့တွင် ပျက်စီးမှုများ သန့်ရှင်းရေးပြန်လည်ဆောင်ရွက်ထားရှိမှုနှင့် လေဆိပ်လုံခြုံရေးဆောင်ရွက်ထားရှိမှုများ၊ လေယာဉ်ပြေးလမ်းတစ်လျှောက်နှင့် လေယာဉ်ရပ်နားရာနေရာများကို ယနေ့တွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ကျော်ဟန်သည် ချင်းပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ခင်မောင်ထွေး၊ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့်ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကော်မတီဝင်များနှင့်အတူ ကြည့်ရှုစစ်ဆေးပြီး ထပ်မံသန့်ရှင်းရေးဆောင်ရွက်ရန် လိုအပ်သည့်နေရာများတွင် သန့်ရှင်းသပ်ရပ်စွာဆောင်ရွက်ထားရှိရေး ပေါင်းစပ်ညှိနှိုင်းမှာကြားသည်။



ထို့မှတစ်ဆင့် ဖလမ်းမြို့ ဖါရ်ထောဂ်ရပ်ကွက်ရှိတစ်စိတ်တစ်ပိုင်း ပျက်စီးခဲ့သည့် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန လေးခန်းတွဲ နှစ်ထပ် အိမ်ရာတစ်လုံးနှင့် နှစ်ခန်းတွဲ နှစ်ထပ်အိမ်ရာနှစ်လုံး ရာနှုန်းပြည့်ပြုပြင်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းမိသားစုများကို နေရာချထားပေးနိုင်ရေးနှင့် အိမ်ရာပတ်ဝန်းကျင်သန့်ရှင်းရေး၊ ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်ရန်မှာကြားသည်။

ဆက်လက်၍ တစ်စိတ်တစ်ပိုင်း ပျက်စီးသွားသည့်ပညာရေးဝန်ထမ်းအိမ်ရာများပြုပြင်ပြီးစီး၍ ဝန်ထမ်းမိသားစုများ နေထိုင်နေမှုအခြေအနေများကို ကြည့်ရှုပြီး ဝန်ထမ်းမိသားစုများစိုက်ပျိုးရေးဆောင်ရွက်ထားရှိမှု၊ ရေရရှိမှုအခြေအနေများကို ရင်းရင်းနှီးနှီးနှုတ်ဆက်မေးမြန်းကာ လိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့ပြင် ဖလမ်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းအတွင်းရှိ အကြမ်းဖက်ဖြစ်စဉ်များကြောင့် တစ်စိတ်တစ်ပိုင်း ပျက်စီးသွားသည့် စာသင်ဆောင်ပြုပြင်ထားရှိမှုအခြေအနေ၊ တစ်စိတ်တစ်ပိုင်းပျက်စီးသွားသည့် ပင်မစာသင်ဆောင် ရာနှုန်းပြည့်ပြုပြင်ပြီးစီးမှုနှင့် ကျောင်းဆောင်များအား လှည့်လည်ကြည့်ရှုစစ်ဆေးကာ ကျောင်းတက်ရောက်နေသည့် ကျောင်းသား၊ ကျောင်းသူများ စာသင်ကြားနေမှုကို ကြည့်ရှုအားပေးပြီး ဆရာ၊ ဆရာမများအား ချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

မြို့	အနိမ့်ဆုံး /	အမြင့်ဆုံးအပူချိန်
နေပြည်တော်	၂၁°c /	၂၅°c
ရန်ကုန်	၂၂°c /	၂၈°c
မန္တလေး	၁၉°c /	၂၄°c

လျှပ်စစ်မီးကို ခွေတာသုံးစွဲပါ

အဝိုးတန်ရေချိုကို ခွေတာကြပါစို့

ရေကြည်လင်မှု စိတ်အေးချမ်း ရေချိုထိန်းမှု ကမ္ဘာစိမ်းလန်း။

ဥရောပအာရှစီးပွားရေးကော်မရှင်ဘုတ်အဖွဲ့ဝင် မေခရီ(အကြီးစား)စီးပွားရေးနှင့်ပေါင်းစည်းရေးဝန်ကြီး မစ္စတာ ဒါနီရာ အီမာနာလီယက် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ လက်ခံတွေ့ဆုံ



နေပြည်တော် နိုဝင်ဘာ ၁၁

နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေသည် ဥရောပအာရှစီးပွားရေးကော်မရှင်ဘုတ်အဖွဲ့ဝင် မေခရီ(အကြီးစား)စီးပွားရေးနှင့်ပေါင်းစည်းရေးဝန်ကြီး မစ္စတာ ဒါနီရာ အီမာနာလီယက်ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်၁၀နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနခွဲ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ်မြန်မာနိုင်ငံအား ဥရောပအာရှစီးပွားရေးသမဂ္ဂတွင် လေ့လာသူနိုင်ငံအဖြစ် ဝင်ရောက်နိုင်ရေးနှင့်စပ်လျဉ်းသည့် ကိစ္စ၊ အာဆီယံနှင့်ဥရောပအာရှစီးပွားရေးကော်မရှင်တို့အကြား ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများနှင့် ဥရောပအာရှပေါင်းစည်းရေးဆိုင်ရာ အစည်းအဝေးများနှင့် ပြွဲအခမ်းအနားများ၌ မြန်မာနိုင်ငံမှ ပါဝင်တက်ရောက်ပြသရေးတို့နှင့် ပတ်သက်၍ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ၊ သက်ဆိုင်ရာဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဥရောပအာရှစီးပွားရေးကော်မရှင်မှ ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး မစ္စတာ အစ်ဇ်ကန်ဒါ အဇီဇော့ဗ်နှင့် ရန်ကုန်မြို့ရှိ ရုရှားသံရုံးနှင့် နေပြည်တော်ရှိ ဘယ်လာရုစ်သံရုံးတို့မှ ကိုယ်စားလှယ်တို့တက်ရောက်ကြသည်။

မြဝတီ

ဥရောပအာရှစီးပွားရေးကော်မရှင်ဘုတ်အဖွဲ့ဝင် မေခရီ(အကြီးစား) စီးပွားရေးနှင့် ပေါင်းစည်းရေးဝန်ကြီး မစ္စတာ ဒါနီရာ အီမာနာလီယက် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး လက်ခံတွေ့ဆုံ



နေပြည်တော် နိုဝင်ဘာ ၁၁

အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုးသည် ဥရောပအာရှစီးပွားရေးကော်မရှင်၊ ဘုတ်အဖွဲ့ဝင် မေခရီ (အကြီးစား) စီးပွားရေးနှင့် ပေါင်းစည်းရေးဝန်ကြီး မစ္စတာ ဒါနီရာ အီမာနာလီယက် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိအမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနခွဲ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ဥရောပအာရှစီးပွားရေးသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားဆက်သွယ်မှုများ တိုးမြှင့်ဆောင်ရွက်သွားရေး၊ နှစ်ဖက် စီးပွားရေးအသိုက်အဝန်းများအကြား ချိတ်ဆက်ဆောင်ရွက်မှုများ ပိုမိုအားကောင်းလာစေရေး၊ အာဆီယံမူဘောင်အတွင်း ပူးပေါင်းဆောင်ရွက်မှုဖွံ့ဖြိုးတိုးတက်ရေး၊ ပူးတွဲလုပ်ငန်းအဖွဲ့အစည်းအဝေးများမှတစ်ဆင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်စေရေးတို့အပါအဝင် ရှေ့ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးပွဲသို့မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး၊ မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်သံရုံးယာယီတာဝန်ခံနှင့် အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဥရောပအာရှစီးပွားရေးကော်မရှင် ဘုတ်အဖွဲ့ဝင် မေခရီ (အကြီးစား) စီးပွားရေးနှင့် ပေါင်းစည်းရေးဝန်ကြီး မစ္စတာ ဒါနီရာ အီမာနာလီယက်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်သက်ဆိုင်ရာ ဝန်ကြီးဌာနများမှဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး၊ မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်သံရုံးယာယီတာဝန်ခံ၊ ရုရှားသံရုံးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

မြဝတီ

ဥရောပအာရှစီးပွားရေးကော်မရှင်ဘုတ်အဖွဲ့ဝင် မေခရီ(အကြီးစား) စီးပွားရေးနှင့်ပေါင်းစည်းရေးဝန်ကြီး မစ္စတာ ဒါနီရာ အီမာနာလီယက်နှင့် အဖွဲ့အား ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ လက်ခံတွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၁၁

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံသည်ယနေ့ညနေပိုင်းတွင် ဥရောပအာရှစီးပွားရေးကော်မရှင် ဘုတ်အဖွဲ့ဝင် မေခရီ(အကြီးစား) စီးပွားရေးနှင့်ပေါင်းစည်းရေးဝန်ကြီး မစ္စတာ ဒါနီရာ အီမာနာလီယက်နှင့် အဖွဲ့အား စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဥရောပအာရှစီးပွားရေးသမဂ္ဂအဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ရုရှား၊ ဘယ်လာရုစ်၊ ကာဂျစ်စတန်၊ ကာဇက်စတန်နှင့် အာမေနီးယားနိုင်ငံတို့နှင့် မြန်မာနိုင်ငံ



အကြား ပေါ်ဆန်းဆန်နှင့် ပဲ၊ နှမ်းတို့အပါအဝင်လယ်ယာထွက်ကုန်ပစ္စည်းများ၊ CMP ပစ္စည်းများ၊ ရေထွက်ပစ္စည်းများအား တိုးမြှင့်တင်ပို့နိုင်ရေး၊ ထားဝယ်အထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံမှုများလာရောက်ဆောင်ရွက်နိုင်ရေး၊ အခွန်ကောက်ခံမှုဆိုင်ရာကိစ္စရပ်များတွင် ဒီဂျစ်တယ်အသွင်ကူးပြောင်းရေး၊ ဥရောပအာရှစီးပွားရေးကော်မရှင်နှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အာဆီယံ ဒီဂျစ်တယ်စီးပွားရေးမူဘောင်သဘောတူညီချက်(ASEAN Digital Framework Agreement-DIFA) တွင် ပါဝင်ဆောင်ရွက်သွားနိုင်ရေး ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်း သိရသည်။

မြဝတီ

နိုဝင်ဘာလ၏ မိုးရေချိန်စံချိန်သစ်များ

စဉ်	စခန်းအမည်	စံချိန်သစ် တင်သည့် ရက်စွဲ	မိုးရေချိန် စံချိန်သစ်		ယခင် ကျိုးခဲ့သည့် ရက်စွဲ	မိုးရေချိန် စံချိန်ဟောင်း		စခန်းဖွင့်သည့် နှစ်မှစ၍ လွန်ခဲ့သော နှစ်ပေါင်း
			မီလီမီတာ	လက်မ		မီလီမီတာ	လက်မ	
၁။	မာန်အောင်	၁၁-၁၁-၂၀၂၆	၁၆၁	၆.၃၄	၂၀-၁၁-၁၉၈၁	၁၄၀	၅.၅၁	၅၃
၂။	တောင်ကြီး	၁၁-၁၁-၂၀၂၆	၁၀၃	၄.၀၅	၁၂-၁၁-၁၉၇၄	၈၀	၃.၁၅	၇၆

နေပြည်တော်နှင့်တိုင်းဒေသကြီး၊ ပြည်နယ်များ၏စိုက်ပျိုးထုတ်လုပ်မှုမြင့်မားရေးဆွေးနွေး



နေပြည်တော် နိုဝင်ဘာ ၁၁

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ယနေ့ညနေပိုင်းတွင်နေပြည်တော်နှင့်တိုင်းဒေသကြီး၊ ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးများအား အွန်လိုင်းစနစ်ဖြင့် တွေ့ဆုံ၍ ဒေသအလိုက်စိုက်ပျိုးထုတ်လုပ်မှုမြင့်မားရေး ဆွေးနွေးသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတစ်ဝန်း ဆန်စပါးစိုက်ပျိုးထုတ်လုပ်ရာတွင် လယ်ယာလုပ်သားရှားပါးမှုနှင့် အစွန်းရောက်ရာသီဥတုသက်ရောက်မှုကို ကျော်ဖြတ်နိုင်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအပါအဝင် စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ လိုအပ်ချက်များ၊ ကိန်းဂဏန်းအချက်အလက်မှန်ကန်ရေးဆိုင်ရာ ကိစ္စရပ်များကို အကျယ်တဝင့်ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ နိုင်ငံအတွင်း စိုက်ပျိုးထုတ်လုပ်မှုဖြင့် ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက်ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးရေးကို နိုင်ငံတော်နှင့်ဝန်ကြီးဌာနကလိုအပ်သော နည်းပညာနှင့် ချေးငွေများပံ့ပိုးအားပေးဆောင်ရွက်လျက်ရှိရာ နှမ်းစိုက်ပျိုးထုတ်လုပ်လျက်ရှိသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်များအားလုံး အထွက်နှုန်းကောင်းမွန်ရေး၊ ကာလအလိုက် သတ်မှတ်ထားသည့် ဆီထွက်နေကြာစိုက်ဧရိယာတိုးတက်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် မျိုးမြေ၊ ရေ၊ နည်းလိုအပ်ချက်များအပေါ် တာဝန်ရှိသူများကိုယ်တိုင်ကွင်းဆင်း၍ တောင်သူများ၏ လိုအပ်ချက်များ ညှိနှိုင်းဆောင်ရွက်ပေးရန်၊ စိုက်ပျိုးမြေများ အကျိုးရှိထိရောက်စွာ အသုံးပြုနိုင်ရေးအတွက် တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ တိတိကျကျ စိစစ်ကြပ်မတ်ရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။


ထို့နောက် နေပြည်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးများက ဒေသအလိုက်ဆောင်ရွက်ဆဲလုပ်ငန်းများနှင့်ဘာဏ္ဍာရေးနှစ်အလိုက် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများ၊ ပြည်တွင်းထုတ်လက်ဆွဲကောက်စိုက်စက်များ၊ လက်ဆွဲမျိုးစေ့ချကိရိယာများ အသုံးပြုဆောင်ရွက်နေမှုတို့ကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

မြဝတီ

ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းဝင်း ဦးဆောင်သော တပ်မတော်(လေ)ကိုယ်စားလှယ်အဖွဲ့ ထိုင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ်သွားရောက်



ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းဝင်း ထိုင်းဘုရင့်လေတပ်အောက်မှေဖွယ် အထိမ်းအမှတ်နေရာ၌ ဂုဏ်ပြုပန်းခွေချအလေးပြုစဉ်။



ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းဝင်းနှင့် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal Sakesan Kantha တို့ တွေ့ဆုံဆွေးနွေးစဉ်။

နေပြည်တော် နိုဝင်ဘာ ၁၁

မြန်မာနှင့် ထိုင်းလေတပ်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်နိုင်ရန် အတွက် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းဝင်း ဦးဆောင်သော တပ်မတော်(လေ)ကိုယ်စားလှယ်အဖွဲ့သည် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal Sakesan Kantha ၏ဖိတ်ကြားချက်အရ နိုဝင်ဘာလ ၉ ရက်နံနက်ပိုင်းတွင် ထိုင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ရာ တပ်မတော်(လေ)ကိုယ်စားလှယ်အဖွဲ့အား ထိုင်းနိုင်ငံ၊ ဒွန်မောင်းအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ထိုင်းဘုရင့်လေတပ်ဌာနချုပ်မှ Deputy Chief of the Air Staff(Civil and Special Affair) ဖြစ်သူ Air Marshal Theerawat Intarapiroj၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းလေတပ်စစ်သံမှူး Group Captain Trisanat Palakawong Na Ayudhya နှင့်တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာမြန်မာသံအမတ်ကြီး ဦးဇော်ဇော်စိုးနှင့် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာစစ်သံရုံးမှတာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ကာကွယ်ရေးဦးစီးချုပ်(လေ) ဦးဆောင်သော တပ်မတော်(လေ) ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာလ ၁၀ ရက်နံနက်ပိုင်းတွင် ထိုင်းဘုရင့်လေတပ်ဌာနချုပ်သို့ သွားရောက်ရာ ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal Sakesan Kantha က ဂုဏ်ပြုတပ်ဖွဲ့ဖြင့်ကြိုဆိုပြီး ထိုင်းဘုရင့်လေတပ်အောက်မှေဖွယ်အထိမ်းအမှတ်နေရာ၌ ဂုဏ်ပြုပန်းခွေချအလေးပြုကြသည်။ ထို့နောက် ထိုင်းဘုရင့်လေတပ်ဌာနချုပ်ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုး၍ ထိုင်းဘုရင့်လေတပ်ဦးစီးချုပ်နှင့် နှစ်နိုင်ငံလေတပ်များအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်နိုင်ရေးကိစ္စရပ်များနှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေးကြပြီး အမှတ်တရလက်ဆောင်များ အပြန်အလှန်ပေးအပ်ကြသည်။

ဆက်လက်၍ ကာကွယ်ရေးဦးစီးချုပ်(လေ)ဦးဆောင်သော တပ်မတော်(လေ) ကိုယ်စားလှယ်အဖွဲ့သည် Air Technical Training School သို့ သွားရောက်ကြရာ Director of Intelligence နှင့် Deputy Director of Education and Training တို့က ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် Air Technical Training School မှ တာဝန်ရှိသူတစ်ဦးက သင်တန်းကျောင်း၏ သမိုင်းကြောင်း၊ ဖွဲ့စည်းပုံ၊ ရည်မှန်းချက်တာဝန်၊ သင်ရိုးညွှန်းတမ်း၊ သင်ကြားမှုနည်းစနစ်များ၊ သင်တန်းသားအရည်အချင်းသတ်မှတ်ချက်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး သင်တန်းကျောင်းအတွင်းရှိ Aircraft Maintenance Simulation Center အား ကြည့်ရှုလေ့လာကြသည်။ ညပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်(လေ)ဦးဆောင်သော တပ်မတော်(လေ) ကိုယ်စားလှယ်အဖွဲ့သည် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ်က တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ကာကွယ်ရေးဦးစီးချုပ်(လေ) ဦးဆောင်သော တပ်မတော်(လေ) ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာလ ၁၁ ရက်နေ့လယ်ပိုင်းတွင် RTAF Museum သို့ သွားရောက်လေ့လာကြပြီး ဗန်ကောက်မြို့မှ ပြန်လည်ထွက်ခွာရာ နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိ၍ နေပြည်တော်တိုင်းစစ်ဌာနချုပ်၊ တိုင်းမှူးနှင့်တပ်မတော်(လေ)မှ အရာရှိကြီးများက ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိပါသည်။ (၁၀၀)

ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သည့်နေရာများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆောင်ရွက်



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်နိုင်ဦး ရေဘေးသင့်ပြည်သူများအား စားသောက်ဖွယ်ရာများပေးအပ်စဉ်။

နေပြည်တော် နိုဝင်ဘာ ၁၁

ရှမ်းပြည်နယ်(တောင်ပိုင်း) ရွှေညောင်မြို့၊ ညောင်ရွှေမြို့နှင့် ရပ်စောက်မြို့များ၌ နိုဝင်ဘာလ ၉ ရက်နေ့မှစ၍ မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် မြစ်၊ ချောင်းများအတွင်း ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ကာ မြို့ပေါ်ရပ်ကွက်များအတွင်း ရေဝင်ရောက်မှုများဖြစ်ပွားလျက်ရှိကြောင်းသိရှိရသည်။

ထိုသို့ ရေဝင်ရောက်မှုများဖြစ်ပေါ်လျက်ရှိသည့် ရွှေညောင်မြို့၊ မင်္ဂလာရွှေဗဟိုရပ်ကွက်၊ ရွှေဘုံသာရပ်ကွက်၊ ရတနာရပ်ကွက်၊ သုခချမ်းသာရပ်ကွက်၊ မင်္ဂလာအောင်မြေရပ်ကွက်နှင့် လှိုင်ဘုံသာရပ်ကွက်များရှိ ဒေသခံပြည်သူများအား ကုန်းလှိုင်ဘုန်းတော်ကြီးကျောင်းနှင့် ဇေယျာသီရိဓမ္မာရုံသို့ လည်းကောင်း၊ ညောင်ရွှေမြို့၊ ကန်သာယာ(စ) ရပ်ကွက်ရှိ ဒေသခံပြည်သူများအား မြို့လယ်ဓမ္မာရုံသို့ လည်းကောင်း၊ ရပ်စောက်မြို့၊ ဇော်ဂျီရပ်ကွက်နှင့် ဥတ္တိုတားရပ်ကွက်များရှိ ဒေသခံပြည်သူများအား ရပ်စောက်မြို့၊ မိုးလုံလေလုံအားကစားခန်းမနှင့် ဇော်ဂျီကွေ့ဓမ္မာရုံသို့လည်းကောင်း ယာယီရွှေ့ပြောင်းနေထိုင်နိုင်ရေးအတွက် ကူညီရွှေ့ပြောင်းပေးခြင်း၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းနှင့် အရေးပေါ်ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးခြင်းတို့ကို အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နှင့် မောက်မယ်မြို့တို့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေဝင်ရောက်မှုဖြစ်ပေါ်ခဲ့သည့် မြို့ပေါ်ရပ်ကွက်များမှ ဒေသခံပြည်သူများအား ရေဘေးလွတ်ရာနေရာများသို့ ယာယီရွှေ့ပြောင်းနေထိုင်နိုင်ရေးအတွက် ကူညီရွှေ့ပြောင်းပေးခြင်း၊ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးခြင်းနှင့်အရေးပေါ်ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းတို့ကို တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်နိုင်ဦးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး ရေဘေးသင့်ပြည်သူများ ယာယီနေထိုင်နိုင်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် နိုဝင်ဘာ ၁၁

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ၌ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

(မိုး/၈လ)

အမျိုးသားပြတိုက် (နေပြည်တော်)၌ ပြခန်းခုနစ်ခန်းကိုပြန်လည်ဖွင့်လှစ်ပြသလျက်ရှိပြီး သီဟသနပလ္လင်ပြခန်းကို မကြာမီထပ်မံဖွင့်လှစ်ပြသနိုင်ရေးဆောင်ရွက်လျက်ရှိ



နေပြည်တော် နိုဝင်ဘာ ၁၁

အမျိုးသားပြတိုက်(နေပြည်တော်)ကို ယခင်က ပရိုင်းမိတ်နှင့်ကျောက်ဖြစ်ရုပ်ကြွင်းပြခန်း၊ သမိုင်းမတင်မီခေတ်ပြခန်း၊ သမိုင်းတင်ခေတ်ဦးပြခန်း၊သမိုင်းတင်ခေတ်(အေဒီ ၁၁ ရာစု မှ ၁၄ ရာစု) ပြခန်း၊ မြန်မာ့ပန်းချီပြခန်း၊ မြန်မာ့အနုသုခုမပြခန်း၊ ဗုဒ္ဓအနုပညာပြခန်း၊ သီဟာသနပလ္လင်ပြခန်း၊ နိုင်ငံတော်သမ္မတများ အသုံးပြုခဲ့သည့် မော်တော်ယာဉ်များပြခန်း၊ လက်မှုအနုပညာပြခန်း၊ အာဆီယံပြခန်း၊ကလေးသူငယ်ပညာပေးပြခန်း၊ လက်ဆောင်ပစ္စည်းပြခန်း အစရှိသည်ဖြင့် ပြခန်း ၁၃ ခန်း ခင်းကျင်းပြသခဲ့ရာမှ ၂၀၂၅ ခုနှစ်ငလျင်ကြောင့် ထိခိုက်ပျက်စီးမှုများအား ပြန်လည်ပြုပြင်၍ ယခုအခါပရိုင်းမိတ်နှင့်ကျောက်ဖြစ်ရုပ်ကြွင်းပြခန်း၊ သမိုင်းမတင်မီခေတ်ပြခန်း၊ သမိုင်းတင်ခေတ်ဦးပြခန်း၊ သမိုင်းတင်ခေတ်(အေဒီ ၁၁ ရာစု မှ ၁၄ ရာစု) ပြခန်း၊ မြန်မာ့ပန်းချီပြခန်း၊ မြန်မာ့အနုသုခုမပြခန်း၊ လက်ဆောင်ပစ္စည်းပြခန်း အစရှိသည်ဖြင့် ပြခန်းခုနစ်ခန်းကို ပြန်လည်ဖွင့်လှစ်ပြသလျက်ရှိပြီး သီဟာသနပလ္လင်ပြခန်းကို မကြာမီထပ်မံဖွင့်လှစ်ပြသနိုင်ရေးအတွက် ခင်းကျင်းလျက်ရှိကြောင်း သိရသည်။

ထိုသို့အမျိုးသားပြတိုက်(နေပြည်တော်)တွင် ခင်းကျင်းပြသထားမှုများကို ယနေ့နံနက်ပိုင်းတွင် ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများက ပြခန်းအလိုက်ခင်းကျင်းပြသသော ပြကွက်များ၊ ပြသပစ္စည်းများ၏ သမိုင်းကြောင်းများ၊ မြန်မာနိုင်ငံတွင် တွေ့ရှိရသောနှစ်သန်း ၄၀ ရှိ ပရိုင်းမိတ်ရုပ်ကြွင်းများတွေ့ရှိမှုနှင့်နောက်ခံသမိုင်းကြောင်း၊ ကျောက်ခေတ်၊ ကြေးခေတ်နှင့် သံခေတ် ယဉ်ကျေးမှုအား တစ်ဆက်တစ်စပ်တည်း တွေ့ရှိမှုသမိုင်းကြောင်းနှင့် ပြသထားမှုများ၊ ပျူခေတ်နှင့်ပုဂံခေတ်ယဉ်ကျေးမှု ထွန်းကားခဲ့သည့် အထောက်အထားများ ခင်းကျင်းပြသထားမှုများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ပြတိုက်များသည် အသိပညာဗဟုသုတများဖြန့်ဝေပေးရာ နေရာဖြစ်သဖြင့် မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားမှုများ၊ စဉ်ဆက်မပြတ် သမိုင်းကြောင်းများ၊ ကြွယ်ဝသည့် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များကို ကျောင်းသား၊ ကျောင်းသူများအပါအဝင် ပြည်သူလူထုတစ်ရပ်လုံး သိရှိနိုင်စေရန် အသိပညာဖြန့်ဝေခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ လက်ဆောင်ပစ္စည်း ပြခန်းတွင် နိုင်ငံတော်သမ္မတကြီးအား ပြည်ပ နိုင်ငံသမ္မတများ၊ ဝန်ကြီးချုပ်များက ပေးအပ်ခဲ့သည့် လက်ဆောင်ပစ္စည်းများအား ခင်းကျင်းပြသရာ၌ အကြောင်းအရာရှင်းလင်းချက်များ ပြည့်ပြည့်စုံစုံ ဖော်ပြရေးသားပြသရန် လမ်းညွှန်မှာကြားခဲ့သည်။

အမျိုးသားပြတိုက်(နေပြည်တော်)ကို တနင်္လာနေ့နှင့်ပြန်တမ်းဝင် ရုံးပိတ်ရက်များမှအပ နေ့စဉ် နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ ဖွင့်လှစ်ပြသလျက်ရှိပြီး ဌာနဆိုင်ရာများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ပြည်တွင်း၊ ပြည်ပဧည့်သည်များ လာရောက်ကြည့်ရှု လေ့လာပါက ပြတိုက်ဝန်ထမ်းများက ရှင်းလင်းပြသဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရသည်။

မြဝတီ

▼ ကျောဖုံးမှအဆက်

ထိုသို့ ဥပဒေဘောင်အတွင်း လက်နက်/ခဲယမ်းများ နှင့်အတူ ပြန်လည်ဝင်ရောက်လာကြသည့် KIA၊ KPDF နှင့် PDF အဖွဲ့ဝင်များအား မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ ဗလမင်းထင်ခန်းမ၌ ပြုလုပ်ရာ ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခဲ့ကြသူများနှင့် ၎င်းတို့၏မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းမှူးက ဥပဒေဆိုင်ရာ အသိပညာပေး စကားများ ရှင်းလင်းပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူပါရှိလာသည့် M-79 LL ၄၀ မမ ဆုံလည်သေနတ် ၁ လက်၊ K-25 သေနတ် ၂ လက်၊ KA သေနတ် ၁ လက်၊ ၄၀ မမ ဗုံးသီး ၂၀ လုံး၊ လက်ပစ်ဗုံး ၁ လုံး၊ ဂ.၆၂ ကျည် ၂၇၀ တောင့်၊ ကျည်အိမ်မျိုးစုံ ၅ ခု၊ ကျည်ကာအင်္ကျီ ၁ ထည်နှင့် ဆက်စပ်ပစ္စည်းများကို လွှဲပြောင်းအပ်နှံရာ တိုင်းမှူးနှင့်တာဝန်ရှိသူများက လက်ခံရယူကြသည်။

ယင်းနောက်ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား M-79 LL ၄၀ မမ ဆုံလည်သေနတ် ၁ လက်အတွက် ငွေကျပ် ၇၅ သိန်း၊ မောင်းပြန်ရိုင်ဖယ် သေနတ် ၃ လက်အတွက် ငွေကျပ် သိန်း ၁၅၀၊ ၄၀ မမဗုံးသီး ၂၀ လုံး အတွက် ငွေကျပ် သိန်း ၆၀၊ လက်ပစ်ဗုံး ၁ လုံးအတွက် ငွေကျပ် ၃ သိန်း၊ ကျည်ကာအင်္ကျီ ၁ ထည်အတွက် ငွေကျပ် ၂ သိန်း၊ အလင်းဝင်ရောက်လာသူများ ၆ ဦးအတွက် ငွေကျပ် သိန်း ၉၀ တို့ကိုပေးအပ်ပြီး ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ခံဝန်ကတိလက်မှတ် ရေးထိုးစေကာ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပေးသည်။



ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန် လက်နက်၊ ခဲယမ်းများနှင့် အတူ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူတစ်ဦးအား ဆုကြေးငွေများပေးအပ်စဉ်။



ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးတို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအပ်နှံထားသော လက်နက်၊ ခဲယမ်း များကို လိုက်လံကြည့်ရှုစစ်ဆေးစဉ်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် KIA၊ KPDF နှင့် PDF အဖွဲ့ဝင်များသည် မိသားစုဝင် ဆွေမျိုးများနှင့် အကျပ်ကိုင်၍ အတင်းအဓမ္မ စုဆောင်းခံကြရသူများဖြစ်ပြီး အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့်နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ် မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် အထက်အောက်အဆင့် အတန်းခွဲခြားခြင်း၊ အချင်းချင်းဗိုလ်ကျနှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာ နေထိုင်ရခြင်းနှင့် တပ်မတော်၏တိုက်စစ်ကို ခုခံနိုင်တော့ခြင်းမရှိဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာ နေထိုင်၍ ၎င်းတို့ကြောင့် နှစ်နာဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်အားစွန့်လွှတ်၍ ယခုကဲ့သို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ပြန်လည်ဝင်ရောက်ရန်ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရသည်။ ထိုသို့ ဥပဒေဘောင် အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါကကြိုဆိုလက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများကို ထိုက်တန်စွာပေးအပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-

“သင်တန်းကတော့ နှစ်လတက်ခဲ့ရပါတယ်။ သင်တန်းဆင်းပြီးနောက် တာဝန်ထမ်းဆောင်တဲ့အခါ ဂိတ်မှာ ပို့တယ်။ ဂိတ်ကနေပြီးတော့ ဒီအပေါ်ကို ပါခဲ့တာပါ။ အဖွဲ့အစည်းကလည်း အဆင်မပြေဘူး။

သူတို့ပြောတာတစ်မျိုး၊ လုပ်တာတစ်မျိုး၊ လုပ်ရပ်တွေကမဟုတ်ဘူး။ အဲ့ဒါကြောင့် ကျွန်တော်မကြိုက်လို့ ဒီဘက်ကို လာရောက်ပြီးတော့ အလင်းဝင်ရောက်ခြင်းဖြစ်ပါတယ်။ ဟိုဘက်မှာအခက်အခဲတွေ ကြုံတွေ့တာရှိပါတယ်။ အခက်အခဲတွေက တော့ကြမ်းတမ်းတယ်။ တစ်ခါတလေ မသွားချင်တဲ့လမ်းလည်း လွှတ်တယ်။ လွှတ်တဲ့လမ်းကိုတော့ သွားခဲ့ရပါတယ်။ စိတ်မပါလည်းသွားရတယ်။ ကိုယ်ကမလုပ်ချင်လည်းလွှတ်တာပဲ။





အဲ့ဒါကြောင့်မို့ သူတို့ကိုလည်း မကြိုက်လို့ ဒီဘက်ကိုလာရခြင်းဖြစ်တယ်။ သူငယ်ချင်းတွေ အမြင်မှန်ရပြီးတော့ ဒီလိုလေးအလင်းဝင်ပေးဖို့ပေါ့နော်။ နောက်ထပ်ပြောချင်တာက ကျွန်တော်တို့ကို ကြည့်ပေါ့။ နွေးနွေးထွေးထွေးကြိုဆိုတဲ့အကြောင်းကို မှာကြားချင်ပါတယ်” ဟုပြောသည်။

“ပဲခင်းမှာ ပေါင်းနုတ်နေတုန်း PDF အဖွဲ့အစည်းက လာပြီးတော့ ခေါ်ဆောင်ဖမ်းဆီးသွားပြီးတော့ သင်တန်းတွေပေးပြီးတော့ ဒီလို ရှေ့တန်းတွေ ဘာတွေ ပို့ခဲ့ရတာပေါ့။ အခက်အခဲတွေကတော့ ရှိပါတယ်။ ဘယ်လိုအခက်အခဲတွေလဲဆိုတော့ သူတို့တစ်ယောက်နဲ့ တစ်ယောက် မတူညီမှုတွေ နောက်ပြီးတော့ လူမျိုးရေးခွဲခြားတာတွေပေါ့။ အဲ့လိုမျိုးတွေလည်းရှိတယ်။ တစ်ယောက်နဲ့ တစ်ယောက် အထက်က အငယ်ကို နှိပ်စက်တာမျိုးတွေပေါ့။ ဒါမျိုးတွေ အများကြီးရှိပါတယ်။

အလင်းဝင်လာတဲ့အကြောင်းရင်းက သူတို့တွေ အဲ့ဒီလိုနှိပ်စက်တာတွေလည်းပါလာတယ်။ နောက်ပြီး တော့ ရိက္ခာပိုင်း ဘာညာတွေလည်း နောက်ဆုံးအဆင်ကမပြေလာတော့ ဘူး။ သူတို့နှိပ်စက်တာတွေဘာတွေနဲ့ ဆိုတော့ သူတို့နဲ့သဘောထားချင်း ကလည်း တအား ကွဲလွဲတော့ ဒီဘက်ကို အလင်းဝင်လာဖြစ်တာပေါ့။ ကျွန်တော့်သူငယ်ချင်းနဲ့နှစ်ယောက် လာခဲ့ပါတယ်။ သူက သပ်သပ်တစ်နေရာပေါ့နော်။ ကျွန်တော်က တစ်နေရာအတူတူစုပြီးတော့ တိုင်ပင်ခဲ့ကြတာပေါ့။ သူငယ်ချင်းအတူသွားမလား ဘယ်လိုဘယ်ညာပေါ့။ ဒီဘက်မှာကတော့စိတ်ချမ်းသာပါတယ်။ ဂရုတစိုက်လည်း ကြိုဆိုသလို ဝမ်းမြောက်ဝမ်းသာနဲ့ အကုန်လုံး ဂရုတစိုက်နေပေးတော့ စိတ်ချမ်းသာပါတယ်။ ဝမ်းလည်းသာပါတယ်။

ဟိုဘက်ကပြောတဲ့ မင်းတို့တွေကို အလင်းဝင်ရင် သတ်ပစ်မယ်တွေ၊ ထောင်ချထားမှာတွေ အဲ့လိုတွေ ပြောတာတွေ မယုံကြပါနဲ့လို့။ နိုင်ငံတော်ကလည်း လူငယ်တွေအတွက် အကုန်လုံး အလုပ်ကစ အကုန်လုံး တာဝန်ယူပြီးတော့ လုပ်ဆောင်ပေးနေတဲ့အချိန်မှာ အလင်းမြန်မြန်ဝင်ဖို့ ပြောချင်ပါတယ်” ဟု ပြောကြားခဲ့ကြောင်းသိရသည်။

(၁၀၀)

တက္ကသိုလ် ဥပဒေအထူးပြုကျောင်းသားများအတွက် ဥပဒေပညာရပ်ဆိုင်ရာ လက်တွေ့သင်တန်းအမှတ်စဉ်(၃)သင်တန်းဆင်း



နေပြည်တော် နိုဝင်ဘာ ၁၁

သင်တန်းသားများအနေဖြင့် ဥပဒေရေးရာဝန်ကြီးဌာန ဝန်ကြီးရုံးနှင့်ဦးစီးဌာနလေးခုတို့၏ လက်ဆွဲ လုပ်ငန်းများကိုရက်ဆတ္တဆြေကာ်ဟတ် ကြာလေ့လာခွင့်ရရှိခဲ့ပြီး ဥပဒေရေးရာဝန်ကြီးဌာန၏ များပြားလှသည့်လုပ်ငန်းတာဝန်များကို အချိန်တိုအတွင်း လေ့လာရသည့်အတွက် ပြည့်စုံစွာသိရှိနိုင်မည် မဟုတ်သော်လည်းတက္ကသိုလ်မှ ဘွဲ့ရပြီးပါက ဥပဒေပညာရှင်အဖြစ် လုပ်ငန်းများ ဆောင်ရွက်သည့်အခါ သင်တန်းမှ ရရှိမည့် အတွေ့အကြုံများသည် လက်တွေ့လုပ်ငန်းနယ်ပယ်တွင် များစွာအထောက်အကူပြုမည်ဟု မျှော်လင့်ပါကြောင်း ယနေ့နံနက် ပိုင်းတွင် ဥပဒေရေးရာဝန်ကြီးဌာန ဥပဒေအသိပညာ ပြန့်ပွားရေး သင်တန်းကျောင်း (LAC)၊ MOLA LECTURE HALL သင်တန်းခန်းမ ပထမထပ်၌ကျင်းပသည့်တက္ကသိုလ် ဥပဒေအထူးပြုကျောင်းသားများ အတွက် ဥပဒေပညာရပ်ဆိုင်ရာ လက်တွေ့သင်တန်းအမှတ်စဉ် (၃) သင်တန်းဆင်းပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးနှင့်ပြည်ထောင်စု ရှေ့နေချုပ် ဒေါက်တာသီတာဦးက အမှာစကားပြောကြားသည်။

ဥပဒေပညာရပ်ဆိုင်ရာလက်တွေ့ သင်တန်းအမှတ်စဉ်(၃)အား Naypyitaw State Academy ဥပဒေပညာဌာနမှ တတိယနှစ် ဥပဒေပညာကျောင်းသား၊ ကျောင်းသူ ၁၃ ဦးနှင့် BA(Law)အထူးပြုကျောင်းသား၊ ကျောင်းသူရှစ်ဦးတို့အား ၂၀၂၆ ခုနှစ် အောက်တိုဘာလ ၂ ရက်မှ နိုဝင်ဘာလ ၁၃ ရက်အထိ ရက်သတ္တခြောက်ပတ်ကြာ လုပ်ငန်းခွင်လက်တွေ့ သင်ကြားပေးနိုင်ခဲ့ခြင်းဖြစ်သည်။

သင်တန်းဆင်းပွဲသို့ဥပဒေရေးရာဝန်ကြီးဌာန ညွှန်ကြားရေးမှူးများ၊ Naypyitaw State Academy မှ ပါမောက္ခချုပ်၊ ဥပဒေပညာဌာန ပါမောက္ခ(ဌာနမှူး) ညွှန်ကြားရေးမှူးများ၊ Naypyitaw State Academy မှ ပါမောက္ခချုပ်၊ ဥပဒေပညာဌာန ပါမောက္ခ(ဌာနမှူး) နှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

မြဝတီ

မဲခေါင်-ဂင်္ဂါပူးပေါင်းဆောင်ရွက်မှုအစီအစဉ်ဖြင့် သမဝါယမအသင်းသားတောင်သူများကို သတ်မှတ်အရည်အသွေးရှိသောဝါနှင့် မတ်ပဲမျိုးစေ့များ ပံ့ပိုးခြင်းဖြင့် လယ်ယာကုန်ထုတ်စွမ်းအား မြှင့်တင်ရေးစီမံချက်ပြီးမြောက်ခြင်းအခမ်းအနားကျင်းပ



နေပြည်တော် နိုဝင်ဘာ ၁၁

မဲခေါင်-ဂင်္ဂါပူးပေါင်းဆောင်ရွက်မှုအစီအစဉ်မှ အိန္ဒိယနိုင်ငံအကူအညီဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် မြန်ဆန်စွာအကျိုးဖြစ်ထွန်းစေမည့် စီမံချက်များအနက် သမဝါယမအသင်းသားတောင်သူများကို သတ်မှတ်အရည်အသွေးရှိသော ဝါနှင့်မတ်ပဲမျိုးစေ့များပံ့ပိုးခြင်းဖြင့်လယ်ယာကုန်ထုတ်စွမ်းအားမြှင့်တင်ရေး စီမံချက်ပြီးမြောက်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင်ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် စည်ပင်သာယာခန်းမ၌ ကျင်းပသည်။

အဆိုပါ မဲခေါင်-ဂင်္ဂါ ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေဖြင့် သမဝါယမဦးစီးဌာနက ဆောင်ရွက်ပေးခဲ့သည့် စီမံချက်ဖြစ်ပြီး ၎င်းစီမံချက်မှ ဝါမျိုးစေ့ 450 g အိတ် ၈၀၀ နှင့် မတ်ပဲမျိုးစေ့ 1kg အိတ် ၃၅၀၀ တို့ကို ပျော်ဘွယ်၊ ရမည်းသင်း၊ ဖြူးနှင့် ကျောက်တံခါးမြို့နယ်လေးမြို့နယ်မှသမဝါယမအသင်းသားတောင်သူပေါင်း ၅၄၇ ဦး၏ စိုက်ပျိုးမြေ ၁၅၅ ဧကပေါ်တွင် အပြည့်အဝ စိုက်ပျိုးအောင်မြင်နိုင်ရေး အချိန်မီထောက်ပံ့ပေးနိုင်ခဲ့ပြီး စီမံချက်ကာလ ပြီးမြောက်သွားသော်လည်း သမအသင်းများမှတစ်ဆင့် မတ်ပဲမျိုးစေ့များ ပြန်လည် မျိုးပွားထုတ်လုပ်ခြင်း၊ နည်းပညာပံ့ပိုးခြင်းနှင့် စောင့်ကြည့်စစ်ဆေးခြင်းများကို သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်း၍ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

အခမ်းအနားတွင် စီမံချက် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုမှတ်တမ်းဗီဒီယိုကို ပြသပြီး ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်းက ယနေ့အခမ်းအနားသည် အိန္ဒိယ - မြန်မာ နှစ်နိုင်ငံအကြား မဲခေါင် - ဂင်္ဂါ ပူးပေါင်းဆောင်ရွက်မှု မူဘောင်အောက်မှ အပြန်အလှန် ချစ်ကြည်ရင်းနှီးမှုနှင့် သမဝါယမကဏ္ဍ၊ စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်ရေးကို လက်တွေ့ကျကျပူးပေါင်းဆောင်ရွက်နိုင်ခဲ့သည့် အောင်မြင်မှုမှတ်တိုင်တစ်ခုကို စိုက်ထူနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်သမ္မတက စိုက်ပျိုးရေးကုန်ထုတ်လုပ်ငန်းများ မြှင့်တက်လာစေရေး စီမံဆောင်ရွက်ရန်လိုအပ်သလို သမဝါယမအစုအဖွဲ့စနစ်ဖြင့် ဆောင်ရွက်သွားရန်နှင့် လယ်ယာမြေအားလုံးတွင် ပန်းတိုင်အထွက်နှုန်းရရှိအောင် ဆောင်ရွက်ရန် လမ်းညွှန်ထားပါကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင် ရွက်ရာတွင် အရေးပါသည့် မျိုး၊ မြေ ရေ၊ နည်းဆိုသည့်အချက်(၄) ချက်အနက် အဓိကအကျဆုံးဖြစ်သော မျိုးကောင်းမျိုးသန့်ရရှိရေးအတွက် ယခုစီမံချက်ကအထောက်အကူဖြစ်ပါကြောင်း၊ ယခုစီမံချက်ကြောင့် အရည်အသွေးကောင်းပြီး သီးနှံများ အထွက်တိုးလာခြင်း၊ မိသားစုဝင်ငွေတိုးတက်မြင့်မားလာခြင်းနှင့် စိုက်ပျိုးရေးစီးပွားကောင်းများ ချမှတ်နိုင်ခြင်း စသည့်အကျိုးကျေးဇူးများရရှိမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Abhay Thakur က မြန်မာ - အိန္ဒိယနှစ်နိုင်ငံ မဲခေါင် - ဂင်္ဂါပူးပေါင်းဆောင်ရွက်မှု မူဘောင်အောက်မှ စီမံချက်အကောင်အထည်ဖော်မှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး သမဝါယမဦးစီးဌာနညွှန်ကြားရေးမှူးချုပ်က စီမံချက်ဆောင်ရွက်ခဲ့မှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကာ စီမံချက်ကျေးရွာမှ အသင်းသားတစ်ဦးက ကျေးဇူးတင်စကား ပြောကြားကြောင်းသိရသည်။

မြဝတီ

NSSA အနေဖြင့် ၂၀၁၄ ခုနှစ်မှ ၂၀၂၆ ခုနှစ် အောက်တိုဘာလအထိ အလုပ်အကိုင် ၄၂ မျိုးတွင် ကျွမ်းကျင်မှု(အဆင့်-၁) ၃၀၃၁၆ ဦး၊ (အဆင့်-၂) ၃၂၃၉ ဦးနှင့် (အဆင့်-၃) ၂၅ ဦးကို အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်များပေးအပ်နိုင်ခဲ့

ရန်ကုန် နိုဝင်ဘာ ၁၁

NSSA အနေဖြင့် ၂၀၁၄ ခုနှစ်မှ ၂၀၂၆ ခုနှစ် အောက်တိုဘာလအထိ အလုပ်အကိုင် ၄၂ မျိုးတွင် ကျွမ်းကျင်မှု(အဆင့်-၁) ၃၀၃၁၆ ဦး၊ (အဆင့်-၂) ၃၂၃၉ ဦးနှင့် (အဆင့်-၃) ၂၅ ဦး၊ စုစုပေါင်း ၃၃၅၈၀ ဦးတို့အား အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်များပေးအပ်နိုင်ခဲ့ပြီးဖြစ်ပြီး ယနေ့ရေးရာဝန်ကြီး၊ လွတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး အလုပ်အကိုင် ၁၀ မျိုးအတွက် စစ်ဆေးအကဲဖြတ်ရာတွင် ဝင်ရောက်ဖြေဆိုအောင်မြင်ခဲ့သည့် အရည်အသွေးပြည့်မီသူ ၈၆၅ ဦး၊ စစ်ဆေးအကဲဖြတ်သူ ခုနှစ်ဦးနှင့် စစ်ဆေးအကဲဖြတ်ရေးဌာန နှစ်ခုကို အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာကျွမ်းကျင်မှု



တွင် မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှုစံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့(National Skills Standards Authority-NSSA)၏ အမျိုးသားအဆင့် ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်ပေးအပ်ပွဲ အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)၌ ကျင်းပသည်။

အခမ်းအနားသို့ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးမောင်မြင့်၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ကရင်တိုင်းရင်းသားအသိအမှတ်ပြု လက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

အခမ်းအနားတွင် အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ကုန်ထုတ်လုပ်မှုစွမ်းအား တိုးတက်စေရေး၊ ကျွမ်းကျင်မှု အခြေပြုကုန်ထုတ်လုပ်မှု မြှင့်တင်ရေးအတွက် လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေး၊ လုပ်သားစွေးကွက်လိုအပ်ချက်နှင့် ကိုက်ညီသောကျွမ်းကျင်လုပ်သားများရရှိစေရေးတို့အတွက်ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်းများတည်ထောင်ကာ ဒေသလိုအပ်ချက်နှင့်ကိုက်ညီသော ကျွမ်းကျင်မှု သင်တန်းများ ဖွင့်လှစ်ရုံသာမက စက်ရုံ၊ အလုပ်ရုံများ၊ စက်မှုဇုန်တာဝန်ရှိသူများနှင့် ပူးပေါင်း၍ အလုပ်သင်စနစ် (Apprenticeship)၊ လုပ်ငန်းခွင်တွင်း ကျွမ်းကျင်မှု မြှင့်တင်ရေး(In-Company Training) နှင့် နှစ်လမ်းသွားပညာရေး(Dual VET System) လုပ်ငန်းစဉ်များကို တိုးမြှင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

NSSA အနေဖြင့် မြန်မာနိုင်ငံ အမျိုးသား ပညာရေးအဆင့် မူဘောင်(Myanmar National Qualification Framework - MNQF) နှင့်ချိတ်ဆက်ပြီး ပညာရေးကဏ္ဍနှင့် လုပ်ငန်းခွင်ကျွမ်းကျင်မှုတို့ကို တစ်သားတည်းပေါင်းစပ်ပေးနိုင်သော (Lifelong Learning Pathway) စနစ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ကျွမ်းကျင်လုပ်သားများအနေဖြင့် အိမ်နီးချင်းနိုင်ငံများနှင့်ဒေသတွင်းနိုင်ငံများတွင် မိမိတို့၏ ကျွမ်းကျင်မှုကို တရားဝင်အသိအမှတ်ပြုခံရစေရန် (Cross-Border Labour Mobility)၊ ဒေသတွင်းစံနှုန်းများနှင့်ကိုက်ညီစေရေး အကဲဖြတ်စစ်ဆေးမှုများကို ဆောင်ရွက်နိုင်ရန် နိုင်ငံအချင်းချင်း ကျွမ်းကျင်မှုအသိအမှတ်ပြုရေး(Mutual Recognition of MRS)ကိုလည်း အိမ်နီးချင်းထိုင်းနိုင်ငံနှင့် စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း ကျွမ်းကျင်လုပ်သားများရရှိရေး ဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားကြောင်း သိရသည်။

မြဝတီ

အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် နိုဝင်ဘာ ၁၁

ယနေ့ည နေ ၄ နာရီ ၀၇ မိနစ် ၁၅ စက္ကန့်အချိန်တွင် တောင်ငူမြေငလျင်စခန်းမှ မြောက်-အနောက်မြောက်ဘက် မိုင် ၃၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ရေတာရှည်မြို့၏ မြောက်-အရှေ့မြောက်ဘက် ၂၁ မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၁၉ ဒသမ ၃၆ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၄၁ ဒီဂရီ၊ အနက် ၁၂ ကီလိုမီတာကိုဗဟိုပြု၍ ပမာဏ ၄ ဒသမ ၂ (M)အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

(မိုး/၈လ)

ရမည်းသင်းမြို့နယ် သာစည်ခေတ်မီစံပြကျေးရွာ၌ လူထုအသိပညာပေးဟောပြောပွဲကျင်းပ

ရမည်းသင်း နိုဝင်ဘာ ၁၁

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ ကျေးလက်နေပြည်သူများ ကျန်းမာရေးဆိုင်ရာ အသိပညာနှင့်ဗဟုသုတများတိုးပွားရရှိစေရန်ရည်ရွယ်သည့် လူထုအသိပညာပေးဟောပြောပွဲကို ယနေ့ နံနက်ပိုင်းတွင် သာစည်ခေတ်မီစံပြကျေးရွာ၌ ကျင်းပသည်။

ထိုသို့ကျင်းပရာ ခရိုင်လူမှုဝန်ထမ်းဦးစီးဌာန မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန တာဝန်ရှိသူများက ကျား-မ ရေးရာအသိပညာပေးခြင်း၊ ကျန်းမာရေးအသိပညာပေးခြင်း၊ မွေးမြူရေးဆိုင်ရာ အသိပညာပေးခြင်းနှင့် အယ်လ်နီညိုရာသီဥတုကာကွယ်ရေးဆိုင်ရာ ကြိုတင်ပြင်ဆင်ရမည့်အချက်များ၊ ဆောင်ရန်၊ ရှောင်ရန်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးဝင်းက မီးခိုးမြွေ့လျှော့ချရေး၊ စနစ်တကျ အမှိုက်စွန့်ပစ်ရေး၊ ပတ်ဝန်းကျင်လေထုညစ်ညမ်းမှုနှင့် အိမ်တွင်း လေထုညစ်ညမ်းမှုတို့ကြောင့်ဖြစ်ပေါ်လာနိုင်သည့် ကူးစက်ရောဂါများနှင့် ကြိုတင်ကာကွယ်ရေးနည်းလမ်းများ၊ အယ်လ်နီညိုရာသီဥတုကြောင့် ဖြစ်ပွားလာနိုင်သည့်ရေရှားမှုများနှင့်သောက်သုံးရေများ ကြိုတင်စုဆောင်းထားရှိကြရန် ရှင်းလင်းပြောကြားသည်။

အဆိုပါ လူထုအသိပညာပေးဟောပြောပွဲတွင် ကျန်းမာရေးနှင့် အယ်လ်နီညိုရာသီဥတု အသိပညာပေးလက်ကမ်းစာစောင်များကို တာဝန်ရှိသူများက သာစည်ခေတ်မီစံပြကျေးရွာရှိ ကျေးရွာသူ၊ ကျေးရွာသားများထံသို့လက်ဝယ်အရောက်ဖြန့်ဝေပေးခဲ့ကြောင်းသိရသည်။

ချမ်းမြေ့



ဘီးလင်းမြို့နယ်၌ အသက် ၉ လမှ ၅၉ လအတွင်း ကလေးငယ်များအား ဝက်သက်၊ ဂျုံကိုက်သိုးရောဂါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံ

ဘီးလင်း နိုဝင်ဘာ ၁၁

မွန်ပြည်နယ် ဘီးလင်းမြို့နယ်ကန်သာယာရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ယနေ့နံနက် ၉ နာရီတွင် အသက် ၉ လမှ ၅၉ လအတွင်း ကလေးငယ်များအား ဝက်သက်၊ ဂျုံကိုက်သိုးရောဂါ ထပ်ဆောင်း ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံနေ့မှုကို မြို့နယ်အုပ်ချုပ်ရေးမှူးဦးမင်းဇရာထိုက်က သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး မြို့နယ်ကျန်းမာရေးမှူး ဒေါက်တာမျိုးမင်းအား ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်နိုင်ရေး၊ သတ်မှတ်အသက်အရွယ်အတွင်းရှိ ကလေးငယ်များ မကျန်ရှိစေရေးနှင့် လိုအပ်သည်များကို မှာကြားသည်။

အဆိုပါလုပ်ငန်းသည် ကလေးငယ်များတွင် ဝက်သက်နှင့်ဂျုံကိုက်သိုးရောဂါများဖြစ်ပွားမှုမှ ကာကွယ်နိုင်ရေးနှင့် ကာကွယ်ဆေးလွှမ်းခြုံမှုမြှင့်တင်နိုင်ရေးအတွက် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

(၄၀၆)

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် နိုဝင်ဘာ ၁၁

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့်ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည် ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက် ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက် စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “ Moe That ” Tiktok အကောင့်ပိုင်ရှင်ဖြစ်သူ ဇရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမြို့နယ်၊ (၃)မိုင်မြို့သစ်၊ အောင်ချမ်းသာ(၄)ရပ်ကွက်နေ အောင်စည်သူ(ခ)မိုးသက်အား မွန်းလွဲ ၁ နာရီ ၅၅ မိနစ်တွင် (၃)မိုင်နယ်မြေရဲစခန်း(ပ) ၂၉/၂၀၂၆၊ ရာဇသတ်ကြီး ပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

(၁၀၀)

အယ်လ်နီညိုရာသီဥတုဒဏ်ကို ကြိုတင်ကာကွယ်နိုင်ရေး တောင်သူအသိပညာပေး ဟောပြောပွဲကျင်းပ

မြဝတီ နိုဝင်ဘာ ၁၁

ကရင်ပြည်နယ် မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် အယ်လ်နီညိုရာသီဥတုဒဏ်ကိုကြိုတင်ကာကွယ်နိုင်ရေး တောင်သူအသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းတွင်ဖားချောင်းကျေးရွာ၌ ကျင်းပသည်။

အဆိုပါအသိပညာပေးဟောပြောပွဲတွင် မြဝတီမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူရနှင့် ဝန်ထမ်းများက အယ်လ်နီညိုရာသီဥတုအခြေအနေကြောင့် အပူချိန်မြင့်တက်ခြင်းနှင့် ရေအရင်းအမြစ်များ လျော့နည်းလာနိုင်ခြင်းတို့ဖြစ်ပေါ်နိုင်သဖြင့် ကျေးလက်နေပြည်သူများအနေဖြင့်ရေကို ချွေတာသုံးစွဲကြရန်၊ ရေကို အလေအလွင့်နှင့် ဆုံးရှုံးမှုများမရှိစေရန် ကန်ရေ၊ တွင်းရေများကို စနစ်တကျထိန်းသိမ်းစုဆောင်းကာကွယ်ထားကြရန်၊ သောက်သုံးရေများကို ကြိုတင်စုဆောင်းထားရှိကြရန်နှင့် ရေသိုလှောင်ကန်များကို သန့်ရှင်းစွာထိန်းသိမ်းထားရှိရန် အသိပညာပေးဆွေးနွေးသည်။

ထို့နောက် ဟောပြောပွဲသို့တက်ရောက်လာကြသူများအား အယ်လ်နီညိုရာသီဥတုနှင့် အပူဒဏ်ကာကွယ်ရေးဆိုင်ရာအသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးကြောင်း မြဝတီမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

မိနန်းလေး

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၂-၁၁-၂၀၂၆ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ဝဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်ကိုင်း	တာချံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၄၅၃၀	၄၆၈၅	၄၆၃၅	၄၅၄၅	၄၆၈၅	၄၇၀၀	၄၇၃၅	၄၆၀၅	၄၉၈၀	၅၀၁၀	၄၆၃၅	၄၇၉၀	၄၇၂၅	၄၆၈၅	၄၆၉၅	၄၉၂၅
95 Ron	၄၅၅၀	၄၇၀၅	၄၆၆၀	၄၅၆၅	၄၇၁၀	၄၇၂၅	၄၇၆၀	၄၆၃၅	၅၀၀၅	၅၀၃၅	၄၆၆၀	၄၈၁၅	၄၇၅၀	၄၇၀၅	၄၇၁၅	၄၉၄၅
HSD (500 ppm)	၄၅၅၅	၄၇၀၅	၄၆၅၅	၄၅၇၀	၄၇၁၀	၄၇၂၀	၄၇၅၅	၄၆၄၀	-	၅၀၂၀	၄၆၅၅	၅၂၂၀	၄၇၄၅	၄၇၀၅	၄၇၁၅	၄၉၃၅
HSD (50 ppm)	၅၁၂၀	၅၆၇၅	၅၆၂၅	၅၁၃၅	၅၆၈၀	၅၆၉၅	၅၇၂၅	၅၆၀၅	၅၉၇၅	၆၀၀၅	၅၆၂၅	၅၈၂၀	၅၇၁၅	၅၆၇၅	၅၆၈၅	၅၉၁၅
HSD (10 ppm)	၅၁၂၀	၅၆၇၅	၅၆၂၅	၅၁၃၅	၅၆၈၀	၅၆၉၅	၅၇၂၅	၅၆၀၅		၆၀၀၅	၅၆၂၅	၅၈၂၀	၅၇၁၅	၅၆၇၅	၅၆၈၅	၅၉၁၅

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါကကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်းအသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇-၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၄၃၀၄	၄၄၂၄
95 Ron	၄၃၂၇	၄၄၄၈
HSD (500 ppm)	၄၃၄၆	၄၄၆၂
HSD (50 ppm)	၅၂၆၅	၅၄၀၀
HSD (10 ppm)	၅၂၆၅	၅၄၀၀

❐ **MFF ယူ-၁၉ဖူဆယ်လိဂ်ပြိုင်ပွဲမှ**

MIU အသင်းနှင့်အဆင့်(၂)နေရာမှ PACIFIC SUN FAR အသင်းတို့နိုင်ပွဲရရှိကြပြီး အမှတ်ပေးဇယား၌ ဆက်လက်ဦးဆောင်လျက်ရှိသည်။

ယင်းပြိုင်ပွဲ၏ နံနက်၈ နာရီခွဲတွင် ယှဉ်ပြိုင်ကစားသည့် အဆင့်(၁၀)နေရာမှ SHWE PYI THAR UTD အသင်းနှင့်အဆင့်(၂)နေရာမှ PACIFIC SUN FAR အသင်းတို့ပွဲတွင် PACIFIC SUN FAR အသင်းက ၁၁ ဂိုး ၄ ဂိုးဖြင့် လည်းကောင်း၊ နံနက် ၁၀ နာရီတွင် ယှဉ်ပြိုင်သည့် အဆင့်(၁၂)နေရာမှ BURMESE WARRIORS အသင်းနှင့် အဆင့်(၆)နေရာမှ ULAD အသင်းတို့ပွဲတွင် ULAD အသင်းက ၁၃ ဂိုး ၃ ဂိုးဖြင့်လည်းကောင်း၊ နံနက် ၁၁ နာရီခွဲတွင် ယှဉ်ပြိုင်ကစားသည့် အဆင့်(၃)နေရာမှ YRG အသင်းနှင့် အဆင့်(၁၁)နေရာမှ MINGALARDON CITY အသင်းတို့ပွဲတွင် YRG အသင်းက ၃၃ ဂိုး ၂ ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိကြသည်။

ထို့အတူ မွန်းလွဲ ၁ နာရီတွင်ယှဉ်ပြိုင်သည့်အဆင့်(၈)နေရာမှ UNITED CITY အသင်းနှင့် အဆင့် (၄)နေရာမှ YCDC DREAM TEAM အသင်းတို့ပွဲတွင် YCDC DREAM TEAM အသင်းက ၇ ဂိုး ၄ ဂိုးဖြင့် လည်းကောင်း၊ မွန်းလွဲ ၂ နာရီခွဲတွင် ယှဉ်ပြိုင်ကစားသည့် အဆင့်(၉)နေရာမှ ROYAL NOKA အသင်းနှင့် အဆင့်(၁)နေရာမှ MIU အသင်းတို့ပွဲတွင် MIU အသင်းက ၁၃ ဂိုး ၃ ဂိုးဖြင့် လည်းကောင်း အနိုင်ရရှိခဲ့ကြပြီး ညနေ ၄ နာရီတွင်ယှဉ်ပြိုင်သည့် အဆင့်(၅)နေရာမှ GOLD DREAM အသင်းနှင့် အဆင့်(၇)နေရာမှ JV အသင်းတို့ပွဲတွင် တစ်ဖက်နှစ်ဂိုးစီဖြင့် သရေကျခဲ့ကြောင်းသိရသည်။

ဝန်းရံခ

ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဖလား အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကျင်းပ



မအူပင် နိုဝင်ဘာ ၁၁

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့၌ ၂၀၂၆ ခုနှစ် မအူပင်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဖလား အသက် ၂၂ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းက မအူပင်ခရိုင်ပြည်သူ့အားကစားကွင်းအတွင်း၌ ကျင်းပခဲ့သည်။

အဆိုပါ အသက် ၂၂ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲကို နိုဝင်ဘာလ ၃ ရက်မှစတင်ယှဉ်ပြိုင်ကစားခဲ့ရာ ဗိုလ်လုပွဲစဉ်အဖြစ် ပန်းတနော်မြို့နယ်အသင်းနှင့် ဓနုဖြူမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပန်းတနော်မြို့နယ်အသင်းက ဓနုဖြူမြို့နယ်အသင်းကို ၂ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ပထမဆုရရှိခဲ့သည်။ ဆက်လက်၍ ဆုပေးပွဲအခမ်းအနားကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးကျော်သက်ခိုင်နှင့် တာဝန်ရှိသူများက ဒိုင်လူကြီးများအား ဂုဏ်ပြုလက်ဆောင်ပေးအပ်ခြင်း၊ နေရာအလိုက် အကောင်းဆုံးဆုရရှိသူများအား ဆုတံဆိပ်နှင့် ငွေသားဆုပေးအပ်ခြင်း၊ ပူးတွဲတတိယဆုရရှိသောအသင်းအား ဆုတံဆိပ်နှင့် ငွေသားဆုပေးအပ်ခြင်း၊ ဒုတိယဆုရရှိသောအသင်းအား ဆုတံဆိပ်နှင့် ငွေသားဆုပေးအပ်ခြင်း၊ ပထမဆုရရှိသောအသင်းအား တံခွန်စိုက်ဆု ဖလားနှင့် ငွေသားဆုပေးအပ်ခြင်း တို့ကို ဆောင်ရွက်ခဲ့သည်။

အဆိုပါဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲသို့ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်သက်ခိုင်နှင့်အဖွဲ့ဝင်များ၊ မအူပင်၊ ပန်းတနော်၊ ညောင်တုန်း၊ ဓနုဖြူမြို့နယ်တို့မှ မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် တာဝန်ရှိသူများ၊ မအူပင်ခရိုင်အားကစားနှင့်ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ၊ အားကစားကော်မတီအဖွဲ့ဝင်များ၊ အားကစားသမားများနှင့် ဒေသခံပြည်သူများတက်ရောက်ကြည့်ရှုအားပေးကြကြောင်းသိရသည်။

စန်းစန်း

❍ **ကျောဖုံးမှအဆက်**

နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ အားကစားရုံ(B)၌ ဆက်လက်ကျင်းပသည်။

အဆိုပါ ဝန်ကြီးဌာနပေါင်းစုဘော်လီဘော(အမျိုးသား၊ အမျိုးသမီး)ပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ် ယှဉ်ပြိုင်ကစားနေမှုများကို နယ်စပ်ရေးရာဝန်ကြီးဌာနပြည် ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်၊ ဌာနဆိုင်ရာများမှ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် အရာထမ်း၊ အမှုထမ်းများ၊ မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်မှ တာဝန်ရှိသူများ တက် ရောက် ကြည့် ရှု အားပေးသည်။

ယနေ့ ဝန်ကြီးဌာနပေါင်းစုဘော်လီဘောပြိုင်ပွဲ အမျိုးသား ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်များအဖြစ် ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်အသင်းကို သုံးပွဲပြတ်ဖြင့် လည်းကောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအသင်းက သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းကို ၃ ပွဲ ၁ ပွဲ ဖြင့်လည်းကောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့် လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့်ပညာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ပညာရေးဝန်ကြီးဌာနအသင်းကို ၃ ပွဲ ၁ ပွဲ ဖြင့်လည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းနှင့် ကျန်းမာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းက ကျန်းမာရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့် လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

ဆက်လက်၍ အမျိုးသမီးပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်များအဖြစ် ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့် လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် ပညာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက ပညာရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

၂၀၂၆ ခုနှစ် နိုဝင်ဘာလ ၁၂ ရက် နံနက် ၉ နာရီမှစတင်၍ ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုဘော်လီဘော ပြိုင်ပွဲ အမျိုးသားပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်များအဖြစ် အားကစားရေးရာ ဝန်ကြီးဌာနအသင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအသင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအသင်းနှင့် သာသနာရေးဝန်ကြီးဌာနအသင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအသင်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအသင်း၊ အမျိုးသမီးပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲစဉ်များအဖြစ် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်း၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းနှင့် အားကစားရေးရာဝန်ကြီးဌာနအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်၍ အားကစားဝါသနာ့ဂိမ်ဘာပြည်သူများအနေဖြင့် မည်သူ့ဆို **"အခမဲ့"** လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

မြဝတီ

ပန်ဆန်းမြို့နယ်၌ ဝက်သက်၊ ဂျိုက်သိုးရောဂါ ကာကွယ်ဆေး ထပ်ဆောင်းထိုးနှံ



ပန်ဆန်း နိုဝင်ဘာ ၁၁

ရှမ်းပြည်နယ် (မြောက်ပိုင်း) "ဝ" အထူးဒေသ ပန်ဆန်းမြို့နယ်၊ မိုင်းမောမြို့နယ်၊ ပန်ဝိုင်မြို့နယ်နှင့် နားဖန့်မြို့နယ်တို့တွင် ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံခြင်းကို ယမန့်နေ့မှစ၍ ၎င်းမြို့နယ်များရှိ စုရပ်အသီးသီး၌ စတင်ထိုးနှံပေးလျက်ရှိသည်။

အဆိုပါကာကွယ်ဆေးထိုးနှံရာတွင် ပန်ဆန်းမြို့နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး၏ ဦးဆောင်မှုဖြင့် မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများ၊ "ဝ"ကျန်းမာရေးဌာနမှ တာဝန်ရှိသူများနှင့်ပူးပေါင်း၍ ဝက်သက်၊ ဂျိုက်သိုးရောဂါ ကာကွယ်ဆေး ထပ်ဆောင်းထိုးနှံပေးခြင်း၊ Vitamin A နှင့်သန်ချဆေးများတိုက်ကျွေးခြင်းများအား ရည်မှန်းလူဦးရေအတိုင်းပြည့်မီအောင် ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မိုင်းရယ်(ပြန်/ဆက်)

ထူးခြားသည့်နေ့အပူချိန်များ

၁၁-၁၁-၂၀၂၆

မြိတ်	၃၄	ဒသမ	၅	ဒီဂရီဆဲလ်စီးယက်
ထားဝယ်	၃၄	ဒသမ	၀	ဒီဂရီဆဲလ်စီးယက်
မော်လမြိုင်	၃၂	ဒသမ	၀	ဒီဂရီဆဲလ်စီးယက်
ရေး	၃၁	ဒသမ	၅	ဒီဂရီဆဲလ်စီးယက်
ကော့ကရိတ်	၃၀	ဒသမ	၅	ဒီဂရီဆဲလ်စီးယက်
ကိုကိုးကျွန်း	၃၀	ဒသမ	၄	ဒီဂရီဆဲလ်စီးယက်
ဘားအံ	၂၉	ဒသမ	၈	ဒီဂရီဆဲလ်စီးယက်
ကော့သောင်း	၂၉	ဒသမ	၇	ဒီဂရီဆဲလ်စီးယက်
မုဒုံ	၂၉	ဒသမ	၇	ဒီဂရီဆဲလ်စီးယက်

⇨ **U – 20 လူငယ်လိဂ်ပြိုင်ပွဲမှ**

ယှဉ်ပြိုင်ကစားကြရာ ISPE အသင်းက မြဝတီအသင်းကို ၄ ဂိုး ၂ ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ပထမပိုင်းတွင် လူငယ်ကစားသမားများပီပီ လျင်လျင်မြန်မြန်ဖြင့် နှစ်ဖက်အပြန်အလှန်ယှဉ်ပြိုင်ကစားခဲ့ကြသည်။ ပွဲကစားချိန်ကြာလာသည်နှင့် အချိတ်အဆက်မိလာသည့် ISPE အသင်းသည်ဘောလုံးပိုင်ဆိုင်မှုအသာစီးရယူပြီး အဖွင့်ဂိုးရရှိရန် တိကျသောအမြင့်ကန်ချက်များဖြင့် မြဝတီအသင်းကိုဖိအားပေးတိုက်စစ်ဆင်လာသည်။ ပွဲကစားချိန် ၁၆ မိနစ်တွင် စစ်ငြိမ်းချမ်းဦးက အရှိန်ပြင်းစွာကန်သွင်းပြီး ISPE အသင်းအတွက် ဦးဆောင်ဂိုးရယူသွားသည်။

မြဝတီအသင်းဦးဆောင်ထိုးခွင့်ပြုပေးလိုက်၍ ချေပဂိုးရရှိရန်တိုက်စစ်မြှင့်ကစားခဲ့သော်လည်း ပြိုင်ဘက်နောက်တန်းကို ကောင်းစွာကျော်ဖြတ်နိုင်ခြင်းမရှိဘဲ အဆုံးသတ်မသေချာမှုများကြောင့် ဘောလုံးအပျက်များကာ ချေပဂိုးနှင့်ဝေးခဲ့ရသည်။ ISPE အသင်း၏အမြင့်ကန်ချက်များသည် ထိရောက်မှုရှိပြီး မြဝတီဂိုးသမား ချစ်ဖူး ဟန့်တားကာကွယ်နိုင်ခဲ့သော်လည်းထောင့်ကန်ဘောများမကြာခဏခွင့်ပြုပေးခဲ့ရသည်။ နှစ်ဖက်ယှဉ်ပြိုင်ရင်း ပွဲကစားချိန် ၂၂ မိနစ်တွင် ဇေယျာဦးက ဒုတိယဂိုး၊ ပွဲကစားချိန် ၃၉ မိနစ်တွင် ထွန်းကိုကိုဦးက တတိယဂိုးနှင့် ပွဲကစားချိန် ၄၃ မိနစ်တွင် စစ်ငြိမ်းချမ်းဦးက စတုတ္ထဂိုးများ ISPE အသင်းအတွက် သွင်းယူနိုင်ခဲ့၍ ပထမပိုင်းအပြီးတွင် ISPE အသင်းက ၄ ဂိုး ဂိုးမရှိဖြင့် ပွဲကိုဦးဆောင်ထားသည်။

ဒုတိယပိုင်းတွင် မြဝတီအသင်းချေပဂိုးပြန်လည်ရရှိရန်တိုက်စစ်မြှင့်ကစားခဲ့ပြီး ISPE အသင်းကလည်း ဦးဆောင်ဂိုးထပ်မံရရှိရေး တိုက်စစ်မြှင့်ကစားလာ၍ နှစ်ဖက်အကြိတ်အနယ်ယှဉ်ပြိုင်ကစားလာကြသည်။ နှစ်ဖက်အသင်းတွန်းတွန်းတိုက်တိုက်ကစားကြ၍ အနာတရများလည်း ရရှိကြသည်။ နှစ်ဖက်ယှဉ်ပြိုင်ကစားရင်း ပွဲကစားချိန်မိနစ် ၇၀ တွင် ထောင့်ကန်ဘောမှတင်ပို့သည့် ဘောလုံးကို ကျော်ဇေယျာခန့်က ပိတ်သွင်းပြီးမြဝတီအသင်းအတွက် ချေပဂိုးတစ်ဂိုး ပြန်လည်သွင်းယူနိုင်ခဲ့သည်။ ပွဲကစားချိန် ၈၉ မိနစ်တွင် ပြစ်ဒဏ်ဘောမှရရှိသည့်ဘောလုံးကို ဖိုးချစ်လုံးက ခေါင်းတိုက်သွင်းကာ ဒုတိယချေပဂိုးထပ်မံသွင်းယူနိုင်ခဲ့သည်။ လက်ကျန်ပွဲကစားချိန်အား ဆက်လက်ယှဉ်ပြိုင်ကြသော်လည်း ဂိုးထပ်မံသွင်းယူနိုင်ခြင်းမရှိသည့်အတွက် ပွဲအပြီးတွင် ISPE အသင်းက ၄ ဂိုး ၂ ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဝန်းရံခ

MYAWADY IN ENGLISH DAILY EDITION

Vice President U Nyo Saw delivers an address at the coordination meeting on boosting exports and accumulating reserve rice, and inspects conditions of warehouses storing export-based reserve rice

NAY PYI TAW November 11

A coordination meeting on boosting exports and accumulating reserve rice took place at the meeting hall of the Yangon Region government office this afternoon, with an address by Vice President U Nyo Saw.

The meeting was also attended by Yangon Region Chief Minister U Aung Naing Thu, Deputy Minister for Commerce U Win Myint Khaing, the deputy commander of Yangon Command, region ministers, departmental officials, the president of the Union of Myanmar Federation of Chambers of Commerce and Industry, the president of Myanmar Rice Federation and officials from export companies.



Vice President U Nyo Saw inspects stockpiling of reserve rice in the warehouse.

The Vice President stated that as paddy is the nation's principal crop and staple agricultural produce, work is being carried out in accordance with the President's guidance to improve paddy yields, enhance production in the rice sector, secure foreign markets, and boost exports. He detailed the successful convening of the Myanmar Rice Conference 2022 and the subsequent action plans identified for the development of the rice sector; the progress in implementing measures to systematically, easily, and swiftly verify and register warehouses on the Myanmar Rice Online platform; the issuance of digital certificates for approved warehouse licences; and "the annual accumulation of an appropriate volume of reserve rice through public-private partnerships to ensure domestic rice price stability and provide effective relief to disaster-affected regions". He further explained in detail the conditions regarding domestic rice self-sufficiency, securing overseas markets and systematically exporting produce, stabilizing domestic prices, systematically cataloging and registering rice storage facilities, stockpiling efforts to distribute and supply the staple rice to people in disaster-hit areas, and the ongoing measures to ramp up reserve rice stockpiles to prepare for erratic weather patterns that may arise from Super El Niño. He urged all departments concerned and organizations to coordinate the ramp up reserve rice stockpiles.

The President of Myanmar Rice Federation reported on conditions of rice market, storage of reserve rice, and export of rice and broken rice abroad. Officials from relevant federations, departments and export companied presented information about storage of reserve rice, distribution of rice to natural disaster-hit areas, and increase of export goods.

The Vice President reviewed the discussions and reports, coordinated necessities and gave the concluding remarks.

After the meeting, the Vice President inspected storage of reserve rice at the relevant export-based warehouses in Shwepyitha and Hlaingthaya townships and gave necessary instructions.

Myawady

Wuntho Township People's Hospital attacked with drop bombs by combined so-called PDF terrorist insurgent groups

NAY PYI TAW November 11

With the senseless aims of sabotaging regional development, disrupting the government's administrative machinery, and undermining regional peace and stability, combined so-called PDF terrorist insurgent groups have been committing heinous acts of detonating mines, destroying critical infrastructure such as roads, bridges, schools, and hospitals, launching remote attacks with improvised rockets, and dropping bombs from drones. In such ongoing acts, the combined terrorist insurgent groups, with depraved intent, launched a drop-bomb drone attack this afternoon on the Township People's Hospital located in Sitkaegyi Ward, Wuntho, Sagaing Region. The dropped bombs exploded in the





Buildings damaged inside the Wuntho People's Hospital following a drop-bomb attack by terrorist insurgents.

SEE PAGE - 22

●● FROM PAGE - 21

hospital compound, hitting the monks' treatment ward and the hospital conference hall.

The explosions damaged window panes, ceilings, building walls, water pipelines, and furniture from shrapnel. No local patients undergoing medical treatment or healthcare personnel were injured in the incident.

Attacking a non-military hospital providing medical healthcare to local ethnic civilians with such depraved intent constitutes a war crime under the Geneva Conventions and international law. Local residents strongly object to and condemn these terrorist acts, and security forces are continuing to take necessary area security measures. **100**



Buildings damaged inside the Wuntho People's Hospital following a drop-bomb attack by terrorist insurgents.

Systematic demolition of illegal buildings used in online scam/gambling in Shwe Kokko (Part-II) continues






Ongoing systematic demolition of a 6-storey illegal building used in online scams and gambling in Shwe Kokko (Part-II).

NAY PYI TAW November 11

In cooperation with neighbouring and regional countries, the government has taken measures to completely eradicate online scams and gambling, which have posed a threat to the global socio-economic arena and national security, and carried out total and systematic demolition of illegal buildings in Shwe Kokko, where most of online scams and gambling were operated, so that they cannot be used again in such crimes.

In doing so, a 5-storey illegal building and a 6-storey one among those being mechanically demolished and left for dismantling in Shwe Kokko (Part-II) completed up to 90 percent and 30 percent respectively today.

Out of 63 buildings used in online scams and left for demolition in Shwe Kokko (Part-II), the dismantling of 10 buildings including four for detonation and six for mechanical demolition have completed and plans are underway to systematically demolish the remaining 53 illegal buildings. **100**





Ongoing systematic demolition of a 6-storey illegal building used in online scams and gambling in Shwe Kokko (Part-II).

Pwintbyu Township to grow more than 2,000 acres of kitchen crops

PWINTBYU November 11

According to the Township Agriculture Department, local authorities earmarked cultivation of 2,458 acres of kitchen crops in Pwintbyu Township, Magway Region, this year.

In Pwintbyu Township, there is a target to plant 2,458 acres of assorted kitchen crops during this year's winter crop planting season. It is reported that the cultivation of these kitchen crops will begin in October of this year.

"We have targeted 2,458 acres for planting various kitchen crops in Pwintbyu Township this winter season, with cultivation starting around October. We will carry out necessary measures to ensure we meet this targeted acreage. To ensure the successful cultivation of these crops, as well as the health safety and high quality of the harvest, we will supervise and provide agricultural technology and education to farmers. This will enable them to farm in accordance with GAP (Good Agricultural Practices) methods and to produce and utilize natural fertilizers and natural pesticides," said Daw Moe Moe Wai, Head of the Pwintbyu Township Department of Agriculture.

During this year's winter crop season in Pwintbyu Township, the Township Department of Agriculture will collaborate with kitchen crop farmers to provide educational awareness. This will focus on expanding planted acreage according to crop type, acquiring high-yielding seeds, cultivating in accordance with Good Agricultural Practices (GAP), and ensuring crops remain free from pests and diseases.

Daw Moe Moe Wai also stated that if kitchen crops are cultivated safely with improved yields, it will not only ensure local food sufficiency but also allow farmers to sell the surplus. This generation of income will help develop and improve their socio-economic livelihoods, which is why concerted efforts should be made to expand the cultivation of kitchen crops. **SK**

Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including school teachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

Yinmabin District to plant more than 10,000 acres of black gram this year

YINMABIN November 11

According to the district Agriculture Department, local farmers make arrangements to grow more than 10,000 acres of black gram as cold season crops in Yinmabin District of Sagaing Region this year.

During the 2026-2027 winter crop cultivation season, the target area for black gram cultivation in Yinmabin District is 10,501 acres, comprising 610 acres in Yinmabin Township, 112 acres in Kani Township, 6,710 acres in Salingyi Township and 3,069 acres in Pale Township.

"This year, more than 10,000 acres of black gram cultivation is planned in Yinmabin District during the winter crop cultivation season. We will make arrangements to ensure that the targeted acreage of black gram is achieved. During the black gram cultivation period, we will also conduct field activities to provide farmers with the necessary agricultural techniques, quality seeds and methods for preventing and controlling pests and diseases," said Daw Sandar Moe, Head of the Yinmabin District Agriculture Department.

The Township Agriculture Departments in Yinmabin District will provide farmers cultivating black gram with guidance on obtaining quality and pure seeds suitable for local conditions, adopting proper cultivation methods, preventing pest infestations, applying fertilizers systematically and improving crop yields.

During this year's winter crop cultivation season, the respective Township Agriculture Departments are cooperating with farmers to provide quality and pure seeds, agricultural inputs, post-harvest technologies and other necessary assistance to improve the yield and quality of various pulse crops.

SMK

Onion trading booms at domestic market in Einme Township

EINME November 11

Daw Swe Swe, the owner of foodstuff trading depot in Einme Township of Ayeyawady Region, said that trading of onion is booming at the domestic market with high demand in Einme Township.

In Einme Township, onions have been in strong demand and trading well since the first week of September this year up to the present, with daily trading volumes ranging from 1,500 to 4,000 viss, according to reports.

"The onions currently being traded are fresh and of good quality. As demand for onions has increased, trading has also improved. With the improvement in onion trading, not only onion traders but also workers and truck drivers are benefiting from increased employment opportunities," said Daw Swe Swe.

In Einme Township, daily onion trading has reached 4,000 to 5,000 viss since the first week of September this year up to the present. Onion prices range from Ks-4,000, Ks-5,500 and Ks-7,000 per viss, depending on freshness and size.



SK

Plan underway to place more than 7,000 acres of croplands under lablab bean

KALAY November 11

Statistics of Kalay District Agriculture Department stated that local farmers will grow 7,060 acres of lablab bean as cold seasons crops in Kalay District of Sagaing Region this year.

During the 2026-2027 winter crop cultivation season, the target area for lablab bean cultivation in Kalay District is 7,060 acres, comprising 351 acres in Kalay Township, 540 acres in Kalewa Township and 6,169 acres in Mingin Township.

"This year, 7,060 acres of lablab bean are planned to be cultivated in Kalay District during the coming winter crop cultivation season. We will make arrangements to ensure that the targeted acreage for lablab bean cultivation is achieved. To improve the yield and quality of pulse crops, we will work together with farmers to provide quality and pure seeds, agricultural inputs, post-harvest technologies and other necessary assistance," said Daw May Kywe Win, Head of the Kalay District Agriculture Department.

The Township Agriculture Departments in Kalay District are conducting awareness-raising activities for lablab bean growers to encourage the expansion of lablab bean cultivation areas, improve yields, adopt Good Agricultural Practices (GAP), use quality and pure seeds, and cultivate high-yielding varieties.

Crops cultivated using GAP methods are of better quality than those grown using other methods and can command higher prices. Their quality is also sufficiently high to enable them to be marketed not only in domestic markets but also exported to international markets. Therefore, farmers adopting GAP methods can achieve greater economic benefits.

SMK

Farmers to grow more than 54,000 acres of chickpea in Wetlet Township



WETLET November 11

Statistics of Wetlet Township Agriculture Department stated that local farmers will cultivate more than 54,000 acres of chickpea in Wetlet Township of Sagaing Region this year.

During the 2026-2027 winter crop season, 54,327 acres of chickpeas are targeted for cultivation in Wetlet Township, with planting scheduled to take place from October to December of this year.

"We have targeted over 54,000 acres of chickpea cultivation in Wetlet Township for the upcoming winter crop season. We will work to ensure this targeted acreage is fully planted. Chickpea cultivation has been increasing year by year. To ensure good crop yields and quality, we will collaborate with farmers to provide the necessary high-quality pure seeds, agricultural inputs, and post-harvest technology," said Daw Kyin San, Head of the Wetlet Township Department of Agriculture.

For chickpea cultivation, farmers typically choose Yezin-8 and Yezin-11 seed varieties, which are well-suited to the region and offer good yields. It is reported that cultivating one acre of chickpeas costs over Ks-300,000.

During the cultivation of various pulses in this year's winter crop season, collaborative efforts are being made with farmers to provide the high-quality seeds, agricultural inputs, and post-harvest technology needed to improve crop yields and quality. Additionally, awareness and educational campaigns to encourage the use of beneficial Trichoderma fungi during the pulse planting period will be conducted in coordination with model farmers.

Sagaing Region holds the highest cultivated area for pulses nationwide. Because pulses can be grown not only as a primary crop but also as a multiple crop or intercrop, farmers widely cultivate them as a reliable cash crop.

SMK

Israel unveils new long-range cruise missile with 1,000-pound warhead

JERUSALEM November 11

Israel's state-owned defence technology company Rafael Advanced Defence Systems on Wednesday unveiled a new long-range cruise missile equipped with a 1,000-pound warhead and designed to strike high-value targets at extended distances.

The missile, named Super Ice, can be launched from air, land and sea platforms, offering greater operational flexibility, the company said in a statement.

Super Ice joins Rafael's Ice Breaker family of long-range precision-guided cruise missiles. It features autonomous navigation, low-altitude flight, all-weather capability and an advanced guidance system that uses image-matching technology to identify targets.

According to Rafael, the missile provides stand-off strike capabilities, allowing forces to conduct precision strikes without entering heavily defended airspace.

The new missile shares technology, launch systems, and mission-planning infrastructure with the broader Ice Breaker family, enabling seamless integration alongside existing operational systems.

Xinhua

Phone call between Netanyahu, Trump about Iran ended in heated argument - reports



MOSCOW November 11

Israeli Prime Minister Benjamin Netanyahu and US President Donald Trump had "a shouting match from hell" during a phone call to discuss further steps regarding Iran, the Ynet news portal reported, citing sources.

On Monday, the Financial Times newspaper reported, citing a diplomat, that Netanyahu calls the US leader daily and urges him to renew the conflict with Iran.

The weekend conversation between Netanyahu and Trump took place amid disagreements between Israel and the US over the possible resumption of hostilities in the Middle East, the report said on Tuesday.

According to the report, Netanyahu's office told the news portal that it was "very much not a difficult conversation."

Sputnik

Iran capable of intercepting control of US UAVs- head of Iran's national security council

BEIRUT November 11

Iran has reached a level of electronic warfare development that makes it possible to intercept control of US drones, Iranian Supreme National Security Council Secretary Mohsen Rezai said on Wednesday.

"We have reached a high level of electronic warfare development, which allows us to intercept control of US drones and forcibly land them," Rezai said, as quoted by Al Mayadeen broadcaster.



Iran will launch retaliatory strikes, including against remote US military bases, in the event of a new US attack, Rezai said.

Iran has notified Russia of its decision to leave all enriched nuclear materials in the country, Rezai said.

"We have informed our Russian friends that the enriched materials will remain in Iran and we will use them ourselves," Rezai said.

Sputnik

Putin calls global biological security situation difficult



MOSCOW November 11

Russian President Vladimir Putin on Wednesday called the global biological security situation challenging.

"The global biological security situation is challenging. Our countries have numerous contacts with the outside world, and the introduction of a pathogen into one of our countries poses a threat to all others," Putin said during an expanded meeting of the Collective Security Treaty Organization (CSTO) Security Council.

Putin pointed out the need to create a system of continuous information exchange in the CSTO space to counter biological threats.

Sputnik

6 crew members missing after oil tank sinks: Thai navy

BANGKOK November 11

The Royal Thai Navy said that six crew members were missing from an oil tanker that sank off the coast of Thailand's eastern Chon Buri province on Wednesday.

In a Facebook statement, the navy said it launched an immediate operation to search for the missing crew members following reports that the oil tanker sank at 9:00 a.m., approximately 27 miles off the coast.

The navy said it coordinated with the marine department to implement oil spill response measures and warned nearby vessels to ensure safe navigation.

The navy confirmed its full readiness to search for victims, closely monitoring and preventing any adverse environmental impacts on the sea. **Xinhua**

More than 300 schools in Northern Ireland receive hoax threat emails

LONDON November 11

Over 300 schools reported receiving the same threat email that the police said was "a hoax," according to a statement released Wednesday by the Police Service of Northern Ireland (PSNI).

"Police investigating the circumstances of threatening emails sent to schools across Northern Ireland this morning, Wednesday 11th November, are treating the matter as a hoax," the statement said, adding that the email was originated from outside Britain.

PSNI Assistant Chief Constable Anthony McNally said the risk to the public at this stage is "low."

"This message bears similarities to a previous threat issued last month, which was investigated by PSNI and declared a hoax," the Department of Education of Northern Ireland said on social media on Wednesday.

It added that unless otherwise advised by the PSNI, schools should stay open. On October 19, about 160 schools across Northern Ireland received bomb threats by email, prompting evacuations and school closures. **Xinhua**

အင်ဒိုနီးရှားတောမီးကြောင့် မြေဟက်တာ ၃ သန်းနီးပါး ပျက်စီး

ဂျကာတာ၊ တောမီးလောင်မှု

အင်ဒိုနီးရှားမှာ ဒီနှစ်အတွင်း တောမီးနဲ့ မြေယာမီးလောင်မှုတွေကြောင့် မြေဧရိယာ ဟက်တာ ၃ သန်းနီးပါးအထိ မီးလောင်ပျက်စီးကြောင်း ဂြိုဟ်တုခေတ်ပုံတွေကို လေ့လာစောင့်ကြည့်တဲ့ Nusantara Atlas အဖွဲ့က နိုဝင်ဘာလ ၁၁ ရက်မှာ ထုတ်ပြန်ပါတယ်။ အဲဒီပမာဏဟာ လန်ဒန်မြို့ အကျယ်အဝန်းထက် ၁၈ ဆခန့် ကြီးမားပြီး စက်တင်ဘာလကထုတ်ပြန်တဲ့ စာရင်းထက် ဟက်တာ ၁ သန်းနီးပါး တိုးလာတာဖြစ်ပါတယ်။

အခုထုတ်ပြန်ထားတဲ့ ကိန်းဂဏန်းဟာ အမှန်တကယ် မီးလောင်ပျက်စီးမှုထက် နည်းနေနိုင်သေးတယ်လို့ Nusantara Atlas တည်ထောင်သူ ဒေးဗစ်ဂါဗိုက သတိပေးပါတယ်။ မီးခိုးလုံးကြီးတွေကြောင့် ဂြိုဟ်တုခေတ်ပုံတွေမှာ မီးလောင်တဲ့နေရာတချို့ကို ရှင်းလင်းစွာ မမြင်နိုင်သေးတာကြောင့်ဖြစ်ပါတယ်။ အင်ဒိုနီးရှားမှာ နှစ်စဉ်ခြောက်သွေ့ရာသီရောက်တိုင်း တောမီးလောင်မှုတွေ ဖြစ်ပွားလေ့ရှိပေမယ့် ဒီနှစ်မှာတော့အပူလွန်ရာသီဥတုဖြစ်စဉ်ကြောင့် မိုးခေါင်ရေရှားမှု ပြင်းထန်လာတာက မီးလောင်မှုတွေ ပိုမိုဆိုးရွားစေခဲ့ပါတယ်။

Ref: ST

အစ္စရေးက ပေါင် ၁၀၀၀ ထိပ်ဖူးတပ် အနိမ့်ပျံ ဒုံးကျည်အသစ်မိတ်ဆက်

ဂျေရုဆလင်၊ စစ်လက်နက်

အစ္စရေးက ပေါင် ၁၀၀၀ ထိပ်ဖူးတပ်ဆင်ထားတဲ့ တာဝေးပစ် အနိမ့်ပျံဒုံးကျည်အသစ်ကို နိုဝင်ဘာလ ၁၁ ရက်မှာ မိတ်ဆက်ခဲ့ပါတယ်။ အဲဒီဒုံးကျည်က အရေးပါတဲ့တာဝေးပစ်မှတ်တွေကို တိကျစွာတိုက်ခိုက်နိုင်ဖို့ ရည်ရွယ်ထုတ်လုပ်ထားတာဖြစ်ပါတယ်။

Super Ice အမည်ရှိ ဒုံးကျည်အသစ်ကို မြေပြင်၊ ရေပြင်၊ ဝေဟင်ကနေ ပစ်လွှတ်နိုင်တယ်လို့ ဒုံးကျည်ကိုထုတ်လုပ်တဲ့ Rafael ကုမ္ပဏီကထုတ်ပြန်ထားပါတယ်။ Super Ice ဟာ Rafael ရဲ့ Ice Breaker တာဝေးပစ် တိကျလမ်းညွှန်အနိမ့်ပျံဒုံးကျည်အုပ်စုမှာ ပါဝင်လာတဲ့ မော်ဒယ်အသစ်တစ်မျိုးဖြစ်ပါတယ်။ အဲဒီဒုံးကျည်မှာ လမ်းကြောင်းကို အလိုအလျောက်ရှာဖွေစနစ်နဲ့ ရာသီဥတုအခြေအနေအမျိုးမျိုးမှာ အသုံးပြုနိုင်တဲ့ စွမ်းရည်တွေ ပါဝင်ပါတယ်။

ဒါ့အပြင် ရုပ်ပုံတိုက်ဆိုင်စစ်ဆေးတဲ့ နည်းပညာကို အသုံးပြုထားတဲ့ အဆင့်မြင့်လမ်းညွှန်စနစ်လည်း တပ်ဆင်ထားရှိပါတယ်။ Super Ice ဟာ ရန်သူလေကြောင်းကာကွယ်ရေးစနစ်အားကောင်းတဲ့ နယ်မြေထဲကို တိုက်လေယာဉ်တွေ ဝင်ရောက်စရာမလိုဘဲ အဝေးကနေ ပစ်မှတ်တွေကို တိုက်ခိုက်နိုင်စွမ်းလည်းရှိပါတယ်။ **Ref: Xinhua**

သတင်းမှတ်စု

အာဘူဒါဘီဆွေးနွေးပွဲကဖော်ပြတဲ့ သုံးနိုင်ငံသဘောထားကွာဟချက်



ယူကရိန်းပဋိပက္ခ အဆုံးသတ်နိုင်ရေး အတွက် ရုရှား၊ အမေရိကန်နဲ့ ယူကရိန်းတို့ အာဘူဒါဘီမြို့မှာ နှစ်ရက်ကြာပြုလုပ်ခဲ့တဲ့ သုံးပွင့်ဆိုင်ဆွေးနွေးပွဲဟာ နိုဝင်ဘာလ ၁၁ ရက်မှာပြီးဆုံးသွားပါပြီ။ ဆွေးနွေးပွဲကနေ အကျဉ်းသားလဲလှယ်ရေးဆိုင်ရာ သဘောတူညီမှုတစ်ခုရရှိခဲ့ပေမယ့် အပစ်အခတ်ရပ်စဲရေး၊ နယ်မြေပိုင်ဆိုင်မှုနဲ့ ဥရောပလုံခြုံရေးစနစ်ဆိုင်ရာ အဓိက ပြဿနာတွေမှာတော့ သဘောတူညီမှု မရခဲ့ပါဘူး။

ဒီဆွေးနွေးပွဲက ယူကရိန်းပဋိပက္ခ စတင်ပြီးနောက် ရုရှားနဲ့ ယူကရိန်း ကိုယ်စားလှယ်တွေ တိုက်ရိုက်တွေ့ဆုံ ဆွေးနွေးတဲ့ အရေးပါသောဆွေးနွေးပွဲ တစ်ခုဖြစ်ပါတယ်။ ကိုယ်စားလှယ်အဖွဲ့ ထဲမှာ အဆင့်မြင့်အရာရှိတွေပါဝင်ခဲ့ပေမယ့် ဆွေးနွေးမှုအများစုဟာ လုပ်ထုံးလုပ်နည်းနဲ့ လုပ်ငန်းဆိုင်ရာကိစ္စတွေကိုသာ အဓိက ထားတာကြောင့် နိုင်ငံရေးအဆင့် အဆုံး အဖြတ်တစ်ခုအထိ ရောက်ရှိဖို့တော့ မလွယ်ကူခဲ့ပါဘူး။

ဒီဆွေးနွေးမှုကနေ အကျဉ်းသား လဲလှယ်ရေးကိုသာ သဘောတူညီမှုရရှိခဲ့တာဖြစ်တဲ့အတွက် စစ်ပွဲအဆုံးသတ်နိုင်ရေး လိုအပ်တဲ့အဓိကအတားအဆီးတွေ ပြေလည်သွားပြီလို့တော့မဆိုလိုနိုင်ပါဘူး။ အထူးသဖြင့် နယ်မြေပိုင်ဆိုင်မှုနဲ့ ယူကရိန်းရဲ့ အနာဂတ်လုံခြုံရေးအာမခံချက်တွေမှာ နှစ်ဖက်ရပ်တည်ချက်တွေ ကွာဟနေဆဲဖြစ်ပါတယ်။ ရုရှားအနေနဲ့ ယူကရိန်း ပဋိပက္ခကို လက်ရှိစစ်မြေပြင်အခြေအနေ တစ်ခုတည်းနဲ့ ဖြေရှင်းလို့မရဘူးလို့ ယူဆထားပါတယ်။ ပဋိပက္ခရဲ့ အရင်းခံ အကြောင်းရင်းအဖြစ် သတ်မှတ်ထားတဲ့ NATO တပ်ဖွဲ့ တိုးချဲ့လာမှုနဲ့ ဥရောပလုံခြုံရေးစနစ်ဆိုင်ရာ ပြဿနာတွေကိုပါ ဖြေရှင်းဖို့လိုတယ်လို့ အစဉ်တောင်းဆိုခဲ့တာပါ။ ဒါကြောင့် ရုရှားအတွက် ဆွေးနွေးပွဲရဲ့အဓိကအကြောင်းအရာဟာ ယူကရိန်းရဲ့နယ်မြေပြဿနာတစ်ခုတည်းမဟုတ်ဘဲ ဥရောပတစ်တိုက်လုံးရဲ့ လုံခြုံရေးအစီအစဉ်ကို ဘယ်လိုပြန်လည်ဖွဲ့စည်းမလဲဆိုတဲ့ ကိစ္စလည်းပါဝင်နေပါတယ်။

အမေရိကန်ရဲ့ ရပ်တည်ချက်မှာတော့ အပြောင်းအလဲတချို့ တွေ့လာရပါတယ်။ ယခင်က အမေရိကန်ရဲ့ဆွေးနွေးမှုတွေဟာ နယ်မြေပြဿနာကို အဓိကထားခဲ့ပေမယ့် ယခုအခါ ပဋိပက္ခမှာပါဝင်ပတ်သက်နေသူ အားလုံးအတွက်လုံခြုံရေးအာမခံချက်တွေ လိုအပ်ကြောင်း အသိအမှတ်ပြုလာပါတယ်။ ဒီအချက်က ရုရှားကနှစ်ပေါင်းများစွာ တင်ပြခဲ့တဲ့ ဥရောပလုံခြုံရေးဆိုင်ရာ စိုးရိမ်ချက်တွေကို ဆွေးနွေးပွဲထဲထည့် သွင်းလာနိုင်တဲ့ အပြောင်းအလဲတစ်ခု လည်းဖြစ်ပါတယ်။ ဒါပေမဲ့ အမေရိကန်နဲ့ အနောက်ဥရောပနိုင်ငံတွေကြားမှာလည်း သဘောထားတူညီမှုမရှိပါဘူး။ အနောက် ဥရောပနိုင်ငံတွေက NATO ကို ဥရောပ လုံခြုံရေးစနစ်ရဲ့ အဓိကအခြေခံအဖြစ် ဆက်လက်ထားရှိလိုကြပြီး ရုရှားကို ဥရောပလုံခြုံရေးစည်းမျဉ်းတွေ ပြန်လည် သတ်မှတ်ခွင့်မပေးနိုင်ဘူးဆိုပြီး ရပ်တည် နေကြပါတယ်။ အမေရိကန်ကတော့ ရုရှား နဲ့ တိုက်ရိုက်ဆွေးနွေးမှုတွေ ပြန်လည်စတင် လာတာကြောင့် အနောက်နိုင်ငံတွေကြား မူဝါဒပိုင်းကွာဟချက် ပိုမိုထင်ရှားလာပါ တယ်။

ယူကရိန်းဘက်မှာလည်း နယ်မြေ စွန့်လွှတ်ရေးကို လက်ခံဖို့ ခက်ခဲနေပါတယ်။ သမ္မတဇီလန်စကီအတွက် နယ်မြေကိစ္စမှာ အလျှော့ပေးခြင်းက နိုင်ငံရေးအရကြီးမား တဲ့အကျိုးဆက်တွေ ဖြစ်ပေါ်စေနိုင်သလို ယူကရိန်းရဲ့ အနာဂတ်လုံခြုံရေးအာမခံ ချက်ကိုလည်း အရေးကြီးတဲ့ကိစ္စအဖြစ် သတ်မှတ်ထားပါတယ်။ တစ်ချိန်တည်းမှာ ယူကရိန်းဟာ စစ်ရေးနဲ့ စီးပွားရေးအတွက် အနောက်နိုင်ငံတွေရဲ့ အကူအညီကို ဆက်ပြီးလိုအပ်နေပါတယ်။ အမေရိကန် အနေနဲ့ထောက်ပံ့မှုအပေါ် သဘောထား ပြောင်းလဲလာနိုင်ခြင်းနဲ့ ဥရောပနိုင်ငံတွေ အနေနဲ့ထောက်ပံ့နိုင်စွမ်း ကန့်သတ် လာခြင်းတို့ကလည်း ယူကရိန်းအတွက် စိန်ခေါ်မှုတွေဖြစ်နေပါတယ်။

အခုဆွေးနွေးပွဲနဲ့ဆက်စပ်ပြီး အနောက် ဥရောပနိုင်ငံတွေရဲ့ ရပ်တည်ချက်မှာလည်း ပြောင်းလဲလာနိုင်တဲ့ လက္ခဏာတွေ တွေ့ရ ပါတယ်။ နော်ဝေနိုင်ငံဝန်ကြီးချုပ်နဲ့ ဖင်လန် သမ္မတတို့က ရုရှားသမ္မတထံ ဖုန်းခေါ်ဆိုခဲ့ ခြင်းဟာ ရုရှားနဲ့ ဆက်သွယ်ဆွေးနွေးဖို့ လိုအပ်ကြောင်း ပိုမိုသတိပြုလာတဲ့ အခြေ အနေတစ်ခုအဖြစ် ရှုမြင်နိုင်ပါတယ်။ အမေ ရိကန်က ရုရှားနဲ့တိုက်ရိုက်ဆွေးနွေးနေချိန် ဥရောပက ဆက်လက်ရှောင်ဖယ်နေပါက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် သြဇာ လွှမ်းမိုးနိုင်မှု လျော့နည်းသွားနိုင်ပါတယ်။ ဒါ့အပြင် ရုရှား၊ တရုတ်နဲ့ အမေရိကန်ခေါင်း ဆောင်တွေ တရုတ်မှာ သုံးနိုင်ငံတွေ့ဆုံ နိုင်မယ့် အလားအလာလည်း ဆက်လက် ရှိနေပါတယ်။ အဲဒီတွေ့ဆုံမှု ဖြစ်ပေါ်လာ ပါက ကမ္ဘာ့အင်အားကြီးနိုင်ငံတွေဟာ ဥရောပရဲ့ တိုက်ရိုက်ပါဝင်မှုမရှိဘဲ နိုင်ငံ တကာလုံခြုံရေးအနာဂတ်ကို ဆွေးနွေး လာနိုင်တဲ့အခြေအနေကို ဖော်ပြရာ ရောက်ပါလိမ့်မယ်။

ဒါကြောင့် သုံးသပ်ရမယ်ဆိုရင် အာဘူဒါဘီ ဆွေးနွေးပွဲရဲ့ အရေးပါမှုက အကျဉ်းသား လဲလှယ်ရေး သဘောတူညီချက်တစ်ခုရရှိ ခဲ့တာထက် ပိုမိုကျယ်ပြန့်ပါတယ်။ ယခင် က ဆွေးနွေးဖို့ပင်ခက်ခဲခဲ့တဲ့ ဥရောပလုံခြုံ ရေးစနစ်နဲ့ လုံခြုံရေးအာမခံချက်ဆိုင်ရာ ကိစ္စတွေဟာ ယခုအခါဆွေးနွေးပွဲအစိတ် အပိုင်းတစ်ခု ဖြစ်လာခဲ့ပါတယ်။ ဒါဟာ ရုရှားရဲ့ အဓိကတောင်းဆိုချက်တွေကို အမေရိကန်က ဆွေးနွေးဖို့လက်ခံလာတဲ့ အပြောင်းအလဲတစ်ခုဖြစ်ပေမယ့် ရုရှားရဲ့ အဆိုပြုချက်အားလုံးကို လက်ခံလိုက်ပြီ လို့တော့မဆိုနိုင်ပါဘူး။ အာဘူဒါဘီဆွေးနွေး ပွဲကဖော်ပြလိုက်တာက သုံးနိုင်ငံစလုံးဟာ ငြိမ်းချမ်းရေးလိုလားတယ်ဆိုတဲ့ အချက် တစ်ခုတည်းမဟုတ်ပါဘူး။ ငြိမ်းချမ်းရေးရဖို့ ဘယ်လိုလမ်းကြောင်းကို ရွေးချယ်မလဲ၊ ဘယ်သူ့ လုံခြုံရေးအကျိုးစီးပွားကို ဘယ်လောက်အထိ ထည့်သွင်းစဉ်းစား ကြမလဲဆိုတဲ့ အခြေခံသဘောထားတွေ မှာ ကွာဟချက်တွေရှိနေဆဲဖြစ်ကြောင်း လည်း ထင်ရှားစေခဲ့ပါတယ်။ ဒါကြောင့် အကျဉ်းသားလဲလှယ်ရေး သဘောတူညီ မှုဟာ အပြုသဘောဆောင်တဲ့ ခြေလှမ်း တစ်ခုဖြစ်ပေမယ့် ယူကရိန်းပဋိပက္ခ အဆုံးသတ်ရေးအတွက် အဓိကအဖြေ ကိုတော့ ဆွေးနွေးပွဲတွေကနေတစ်ဆင့် ဆက်လက်ရှာဖွေနေရဦးမှာ ဖြစ်ပါတယ်။

Ref: RT

ထက်မြတ်

သီရိလင်္ကာတွင် ခရီးသည်တင်လျှပ်စစ်ဒရုန်းယာဉ်ကို ပထမဆုံးအကြိမ် စမ်းသပ်ပျံသန်း



ကိုလံဘို၊ နည်းပညာ

သီရိလင်္ကာနိုင်ငံဟာ ခရီးသည်တွေကို သယ်ယူပို့ဆောင်နိုင်မယ့် လျှပ်စစ်စွမ်းအင် သုံး ဒရုန်းယာဉ်ကို နိုဝင်ဘာလ ၁၁ ရက်မှာ ပထမဆုံးအကြိမ် တရားဝင်စမ်းသပ်ခဲ့ပါ တယ်။ စမ်းသပ်မှုကို ကိုလံဘိုမြို့ရှိပေါ့စီးတီးမှာပြုလုပ်ခဲ့ပြီး ခရီးသည်ပို့ဆောင်ရေးနဲ့ ခရီးသွားလုပ်ငန်းတွေမှာ အသုံးပြုနိုင်မယ့် အလားအလာကိုလေ့လာခဲ့တာဖြစ်ပါတယ်။

အဆိုပါယာဉ်ဟာ လျှပ်စစ်စွမ်းအင်သုံး ဒေါင်လိုက်အတက်အဆင်းပြုလုပ်နိုင်တဲ့ eVTOL အမျိုးအစားဖြစ်ပါတယ်။ ဒရုန်း ယာဉ်ကို ဗဟိုထိန်းချုပ်ရေးစခန်းကနေ အဝေးထိန်းစနစ်နဲ့ မောင်းနှင်သွားမှာဖြစ်ပါ တယ်။ အရေးပေါ်အခြေအနေ ဒါမှမဟုတ် ဆက်သွယ်ရေးပြတ်တောက်မှုဖြစ်ပေါ်လာ ရင်လည်း အလိုအလျောက်ဘေးကင်းရေး အစီအမံတွေ လုပ်ဆောင်နိုင်အောင် ဒီဇိုင်း ထုတ်ထားပါတယ်။

သီရိလင်္ကာအစိုးရဥာနတွေကြားဆွေးနွေး မှုတွေအရ အခုနည်းပညာကို ခရီးသွား လုပ်ငန်း၊ ခရီးသည်ပို့ဆောင်ရေး၊ အရေးပေါ် ကယ်ဆယ်ရေးနဲ့ ကုန်စည်ပို့ဆောင်ရေး လုပ်ငန်းတို့မှာ အသုံးပြုနိုင်ဖို့ လေ့လာနေ တယ် လို့သိရပါတယ်။ အထူးသဖြင့် စီဂီရိယာနဲ့ ပီဒူရန်ဂါလာလို ခရီးသွားနေရာ တွေ၊ အနီးအနားကျွန်းတွေကို လေကြောင်း ကနေ ပို့ဆောင်နိုင်ရေးအထိ စဉ်းစား ထားပါတယ်။ ဒီစီမံကိန်းအောင်မြင်လာမယ် ဆိုရင်တော့ သီရိလင်္ကာရဲ့ ခရီးသွားနဲ့ သယ်ယူပို့ဆောင်ရေးကဏ္ဍမှာ လျှပ်စစ် လေယာဉ်အသုံးပြုမှုအတွက် လမ်းစတစ်ခု အဖြစ်ထွက်ပေါ်လာနိုင်ကြောင်းသိရပါတယ်။

Ref: Xinhua

အောက်တိုဘာလအတွက် တစ်လတာအကောင်းဆုံး နည်းပြဆုနှင့်ကစားသမားဆုတို့ကို နည်းပြမော်ရင်ဟိုနှင့် အမ်ဘာတ်ပီတို့ဆွတ်ခူး

မက်ဒရစ် နိုဝင်ဘာ ၁၁

စပိန်လာလီဂါပြိုင်ပွဲ၏ အောက်တိုဘာလအတွက် တစ်လတာအကောင်းဆုံးနည်းပြဆုနှင့် ကစားသမားဆုတို့ကို ရီးယဲလ်မက်ဒရစ် အသင်းမှ နည်းပြမော်ရင်ဟိုနှင့် တိုက်စစ်ကစားသမား အမ်ဘာတ်ပီတို့က ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

နည်းပြမော်ရင်ဟိုသည် အောက်တိုဘာလအတွင်းကစားခဲ့သည့် စပိန်လာလီဂါပွဲစဉ်များတွင် ရလဒ်ကောင်းများ ဆက်တိုက်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီး ဗီလာရီးယဲလ်အသင်းကို ၁ ဂိုး - ဂိုးမရှိ၊ ဆီဗီလာအသင်းကို ၄ ဂိုး - ၁ ဂိုး၊ ဘာစီလိုနာအသင်းကို ၂ ဂိုး - ၁ ဂိုးဖြင့် အနိုင်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည်။ စပိန်လာလီဂါပြိုင်ပွဲတွင် အဓိကပြိုင်ဘက်အသင်းဖြစ်သည့် ဘာစီလိုနာအသင်းကိုပင် အနိုင်ရရှိအောင် စွမ်းဆောင်နိုင်ပြီးနောက် ဘာစီလိုနာအသင်းနည်းပြ ဟန်ဆီဖလစ်ကိုကျော်ဖြတ်ပြီး အောက်တိုဘာလအတွက် တစ်လတာအကောင်းဆုံးနည်းပြဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

အလားတူ အမ်ဘာတ်ပီသည်လည်း အောက်တိုဘာလအတွင်းကစားခဲ့သည့် စပိန်လာလီဂါပွဲစဉ်များတွင် အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြသနိုင်ကာ ဘာစီလိုနာအသင်းနှင့်ပွဲစဉ်တွင်သွင်းဂိုးနှစ်ဂိုးသွင်းယူနိုင်သည့်အပြင် ဆီဗီလာအသင်းနှင့်ပွဲစဉ်တွင်လည်း သွင်းဂိုးနှစ်ဂိုးသွင်းယူပြီးနောက် ဘာစီလိုနာအသင်းမှ ရာဖင်ဟာကိုကျော်ဖြတ်ပြီး အောက်တိုဘာလအတွက် တစ်လတာအကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref;Fabrizio Romano

Golden Boy ဆုကို ဆွတ်ခူးနိုင်ခဲ့သည့် ခြောက်ဦးမြောက် စပိန်ကစားသမားအဖြစ် ကျူဘာစီရပ်တည်



ဘာစီလိုနာ နိုဝင်ဘာ ၁၁

ဘာစီလိုနာအသင်းလူငယ်ခံစစ်ကစားသမား ကျူဘာစီသည် ၂၀၂၆ ခုနှစ်အတွက် Golden Boy ဆုကို ဆွတ်ခူးနိုင်ပြီးနောက် Golden Boy ဆုဆွတ်ခူးနိုင်ခဲ့သည့် ခြောက်ဦးမြောက် စပိန်ကစားသမားအဖြစ် ရပ်တည်နိုင်ခဲ့သည်။

Golden Boy ဆုကို အီတလီနိုင်ငံအခြေစိုက် ထိပ်တန်းသတင်းစာတစ်ခုဖြစ်သည့် Tuttosports က ဥရောပတစ်ဝန်းရှိ လိဂ်များတွင် ကစားနေသော အသက် ၂၁ နှစ်အောက် ကစားသမားများထဲမှ စိစစ်ရွေးချယ်ချီးမြှင့်ပေးအပ်သည့် ဆုဖြစ်သည်။ လူငယ်ကစားသမားများအတွက် ထိပ်တန်းဆုတစ်ခုဖြစ်ကာ ကစားသမားတစ်ဦးကို တစ်ကြိမ်သာ ပေးအပ်သည့်ဆုဖြစ်သည်။

ကျူဘာစီမတိုင်မီက Golden Boy ဆုကို ဆွတ်ခူးနိုင်ခဲ့သည့်စပိန်ကစားသမားအဖြစ် ၂၀၀၆ ခုနှစ်တွင် ဖာဖရီဂတ်ကလည်းကောင်း၊ ၂၀၁၂ ခုနှစ်တွင် အစ္စကိုကလည်းကောင်း၊ ၂၀၂၁ ခုနှစ်တွင် ပက်ဒရီကလည်းကောင်း၊ ၂၀၂၂ ခုနှစ်တွင် ဂါဗီကလည်းကောင်း၊ ၂၀၂၅ ခုနှစ်တွင် လမိုင်းယာမယ်ကလည်းကောင်း၊ ယခုအခါ ၂၀၂၆ ခုနှစ်တွင် ကျူဘာစီကလည်းကောင်း ဆွတ်ခူးနိုင်ခဲ့သည်။

ကျူဘာစီသည် ပြီးခဲ့သည့်ဘောလုံးရာသီက ဘာစီလိုနာအသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ကာ အဓိကကစားသမားအဖြစ် ပါဝင်ခဲ့သကဲ့သို့ ပြီးခဲ့သည့် ၂၀၂၆ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း စပိန်အသင်း ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ရာတွင် အသင်း၌ အရေးပါသည့် ခံစစ်ကစားသမားအဖြစ်ပါဝင်ကာ ခြေစွမ်းပြသနိုင်ပြီးနောက် Golden Boy ဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ကျူဘာစီသည် Golden Boy ဆုအပြင် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က ချီးမြှင့်ပေးအပ်သည့် ဖီဖာတစ်နှစ်တာ အကောင်းဆုံးလူငယ်ကစားသမားဆုကိုလည်း ဆွတ်ခူးနိုင်ခဲ့သည်။

Golden Boy ဆုကို စပိန်ကစားသမားခြောက်ဦးဆွတ်ခူးနိုင်ခဲ့သည့် အတွက် နိုင်ငံအလိုက်ဆုရရှိမှုတွင် အကြိမ်ရေအများဆုံးအဖြစ်ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

Ref;Fabrizio Romano



မေဝဲလ်သာနှင့်ယှဉ်ပြိုင်ရန်သတင်းထွက်ပေါ်နေသည့် လက်ဝှေ့သမားလေးဦး၌ ပြိုင်ဘက်ဟောင်းများဖြစ်သည့် ပက်ကီအိုနှင့် မက်ဂရီဂေါ်တို့လည်းပါဝင်နေ

ဝါရှင်တန် နိုဝင်ဘာ ၁၁

အမေရိကန်ထိပ်တန်းလက်ဝှေ့သမားတစ်ဦးဖြစ်သည့် မေဝဲလ်သာက ၂၀၂၇ ခုနှစ်တွင် လက်ဝှေ့လောကသို့ပြန်လည်ဝင်ရောက်ကာ ယှဉ်ပြိုင်ရန်အတွက် စီစဉ်ထားပြီး ယှဉ်ပြိုင်မည့်ပြိုင်ဘက်လက်ဝှေ့သမားများတွင် ပြိုင်ဘက်ဟောင်းများဖြစ်ကြသည့် ဖိလစ်ပိုင်ထိပ်တန်းလက်ဝှေ့သမား ပက်ကီအိုနှင့် မြောက်အိုင်ယာလန် ထိပ်တန်း UFC ဖိုက်တာ မက်ဂရီဂေါ်တို့လည်းပါဝင်နေကြောင်း သိရသည်။

မေဝဲလ်သာသည် လက်ဝှေ့လောကမှ ကာလအတန်ကြာအနားယူပြီးနောက် ၂၀၂၇ ခုနှစ်တွင် လက်ဝှေ့လောကသို့ ပြန်လည်ဝင်ရောက်မည်ဟုအတည်ပြုခဲ့ကာ လက်ရှိတွင် ပြိုင်ဘက်လက်ဝှေ့သမားများကို ချိတ်ဆက်နေခြင်းဖြစ်ပြီး ချိတ်ဆက်နေသူများတွင် ပြိုင်ဘက်ဟောင်းများဖြစ်ကြသည့် ပက်ကီအိုနှင့်မက်ဂရီဂေါ်တို့လည်းပါဝင်နေခြင်းဖြစ်သည်။ မေဝဲလ်သာနှင့်ပက်ကီအိုတို့သည် ၂၀၁၅ ခုနှစ်က ယှဉ်ပြိုင်ခဲ့ဖူးပြီး ကမ္ဘာ့လက်ဝှေ့လောကတွင် လူစိတ်ဝင်စားမှုအများဆုံးပွဲစဉ်အဖြစ် ရပ်တည်နိုင်ကာ မေဝဲလ်သာက ဒိုင်မှတ်ဖြင့်အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အလားတူ မေဝဲလ်သာသည် ၂၀၁၇ ခုနှစ်က UFC ထိပ်တန်းဖိုက်တာတစ်ဦးဖြစ်သည့် မက်ဂရီဂေါ်နှင့်ယှဉ်ပြိုင်ခဲ့ပြီး မေဝဲလ်သာက ၁၀ ချီမြောက်တွင် အလဲထိုးဖြင့် အနိုင်ရရှိကာ လက်ရှိသတင်းထွက်ပေါ်နေသူများတွင် မက္ကဆီကိုလက်ဝှေ့သမား ရိုင်ယန်ဂါစီယာနှင့် အမေရိကန်လက်ဝှေ့သမား ဒီလာဟိုယာတို့လည်းပါဝင်လျက်ရှိကြောင်း သိရသည်။

Ref;World Boxing

ပဲရစ်မာစတာအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် စပိန်တင်းနစ်ကစားသမား အယ်ကာရက်ဇ် ချန်ပီယံဆုဆွတ်ခူး


ပဲရစ် နိုဝင်ဘာ ၁၁

ပြင်သစ်နိုင်ငံ၌ကျင်းပသည့် ပဲရစ်မာစတာအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် စပိန်ထိပ်တန်းတင်းနစ်ကစားသမား အယ်ကာရက်ဇ်က အမေရိကန်တင်းနစ်ကစားသမား ဘင်ချဲလ်တန်ကိုအနိုင်ရရှိပြီး ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါဗိုလ်လုပွဲစဉ်၌ အယ်ကာရက်ဇ်က ပထမပွဲငယ်တွင်(၇-၆)ရလဒ်ဖြင့် အနိုင်ရရှိသကဲ့သို့ ဒုတိယပွဲတွင်လည်း (၇-၅) ရလဒ်ဖြင့် ထပ်မံအနိုင်ရရှိသည့်အတွက် နှစ်ပွဲပြတ်ဖြင့်အနိုင်ရရှိပြီး ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

အယ်ကာရက်ဇ်သည် ပဲရစ်မာစတာအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးနိုင်သည့်အတွက် ATP Masters 1000 အဆင့်ရှိ ပြိုင်ပွဲတို့တွင် ကိုးကြိမ်မြောက် ချန်ပီယံဆုဆွတ်ခူးနိုင်သည့်အပြင် ပရော်ဖက်ရှင်နယ် တင်းနစ်ကစားသမား ဘဝ (၂၉) ကြိမ်မြောက်ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် အယ်ကာရက်ဇ်သည် ပဲရစ်မာစတာအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သည့်အတွက် ၂၀၁၂ ခုနှစ်က ဒေးဗစ်ဖာရာနောက်ပိုင်း ပဲရစ်မာစတာအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သည့် စပိန်တင်းနစ်ကစားသမားအဖြစ်ရပ်တည်နိုင်ခဲ့သည်။



အယ်ကာရက်ဇ်သည် ယခုနှစ်တင်းနစ်ရာသီတွင် ငါးကြိမ်မြောက် ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref;AGTP Tennis

ကျန်းမာရေးပြန်လည်ကောင်းမွန်လာသည့် နည်းပြကွန်ပနီ အသင်းနှင့်ပြန်လည်ပူးပေါင်း

ဘာလင် နိုဝင်ဘာ ၁၁

ဘိုင်ယန်မြူးနစ်အသင်းနည်းပြ ကွန်ပနီသည် ကျန်းမာရေးပြန်လည်ကောင်းမွန်လာသည့်အတွက် အသင်းနှင့်ပြန်လည်ပူးပေါင်းခဲ့ကာ နိုင်ငံတကာပြိုင်ပွဲကာလ အပြီးတွင် အသင်းကို ပြန်လည်ကြီးကြပ်တာဝန်ယူမည်ဖြစ်ကြောင်း သိရသည်။

နည်းပြကွန်ပနီသည်ပြီးခဲ့သည့်အောက်တိုဘာလအတွင်းက လူငယ်အသင်းလေ့ကျင့်ရေးကွင်း သွားရောက်ချိန်တွင် ကွင်းအတွင်းရုတ်တရက်သတိလစ်မေ့မြောပြီးနောက် ဆေးရုံတက်ရောက်ကာ ဆေးကုသမှုခံယူခဲ့ရခြင်းဖြစ်သည်။

ကွန်ပနီအနေဖြင့် ဦးနှောက်အမြှေးရောင်မှုကြောင့် အရေးပေါ်ဆေးရုံတက်ရောက်ကုသမှုများ လုပ်ဆောင်ရခြင်းဖြစ်သည်။ ထို့နောက် ဘိုင်ယန်မြူးနစ်အသင်းက ဆက်လက်အနားယူရန်အတွက် နည်းပြကွန်ပနီအား ခွင့်ပေးခဲ့ပြီး ကျန်းမာရေးနှင့်ပတ်သက်၍ စိတ်ချရသည့်အခြေအနေရောက်မှသာ ပြန်လည်ကြီးကြပ်စေမည်ဟု ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

နည်းပြကွန်ပနီအနေဖြင့် ယခုအခါတွင် ကျန်းမာရေးအခြေအနေအရ အလုံးစုံသက်သာလာပြီဖြစ်သည့်အတွက် အသင်းနှင့် ပြန်လည်ပူးပေါင်းပြီး စခန်းသွင်းလေ့ကျင့်မှုများကို ပြန်လည်လုပ်ဆောင်မည်ဖြစ်သည်။

နည်းပြကွန်ပနီ အနားယူနေခဲ့သည့် ကာလတွင် ယာယီနည်းပြအဖြစ် လက်ထောက်နည်းပြ အေရွှန်ဒန့်က တာဝန်ယူကိုင်တွယ်ခဲ့ပြီး ငါးပွဲတာဝန်ယူကိုင်တွယ်ရာ လေးပွဲနိုင်၊ တစ်ပွဲသရေရလဒ်ထွက်ပေါ်အောင် စွမ်းဆောင်နိုင်ခဲ့သည်။

နိုဝင်ဘာလ ၂၁ ရက်တွင် ကစားမည့် ကိုလုံးအသင်းနှင့်ပွဲစဉ်မှစတင်ပြီး ကွန်ပနီက ပြန်လည်ကိုင်တွယ်မည်ဖြစ်ကြောင်း သိရသည်။

Ref;Topskillsport UK

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ကျင်းပသည့် “အပြည်ပြည်ဆိုင်ရာ ဆောက်လုပ်ရေးသီတင်းပတ်နှင့် အခြေခံအဆောက်အအုံနည်းပညာဆိုင်ရာ ကုန်စည်ပြပွဲ ၂၀၂၆”သို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၁၁

“အပြည်ပြည်ဆိုင်ရာဆောက်လုပ်ရေးသီတင်းပတ်နှင့်အခြေခံအဆောက်အအုံနည်းပညာဆိုင်ရာ ကုန်စည်ပြပွဲ ၂၀၂၆ (International Construction Week (ICW) and BuildXpo 2026)” ကို နိုဝင်ဘာလ ၁၀ ရက်မှ ၁၁ ရက်အထိ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးမျိုးသန့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ကြသည်။



မြန်မာကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာလ ၁၀ ရက် နံနက်ပိုင်းတွင် “အပြည်ပြည်ဆိုင်ရာဆောက်လုပ်ရေးသီတင်းပတ်နှင့် အခြေခံအဆောက်အအုံနည်းပညာဆိုင်ရာ ကုန်စည်ပြပွဲ ၂၀၂၆ (International Construction Week (ICW) and BuildXpo 2026)” ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတကာမှ ဖိတ်ကြားထားသောဧည့်သည်တော်များနှင့်အတူ တက်ရောက်ပြီး ခင်းကျင်းပြသထားသည့်နိုင်ငံတကာမှ အခြေခံအဆောက်အအုံဆိုင်ရာ စီမံကိန်းများနှင့် စွမ်းဆောင်ရည်များ၊ ဆောက်လုပ်ရေးကဏ္ဍဆိုင်ရာ နည်းပညာများနှင့် ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်း ပြခန်းများကို လိုက်လံကြည့်ရှုလေ့လာကာ မလေးရှားနိုင်ငံ ဆောက်လုပ်ရေးဝန်ကြီးက တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုနေ့လယ်စာစားပွဲသို့ တက်ရောက်ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သောအဖွဲ့နှင့် မလေးရှားနိုင်ငံ ဆောက်လုပ်ရေးဝန်ကြီး Mr. Dato Sri Alexander Nanta Linggi ဦးဆောင်သောအဖွဲ့သည် အလွတ်သဘောသီးသန့် ဆွေးနွေးခဲ့ကြပြီး ICW & BuildXpo Malaysia 2026 သို့ တက်ရောက်ခြင်းမှတစ်ဆင့် နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုခိုင်မာစေပြီး ပူးပေါင်းဆောင်ရွက်မှုများကို တိုးချဲ့နိုင်ရန်၊ အင်ဂျင်နီယာများနှင့် လုပ်ငန်းရှင်များအနေဖြင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကျွမ်းကျင်မှုဖလှယ်ရေးအစီအစဉ်များကို နောင်အနာဂတ်တွင် အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်ရန် မျှော်လင့်ပါကြောင်း။

နည်းပညာနှင့်အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နှစ်ဦးနှစ်ဖက်ဘုံ စိတ်ပါဝင်စားသည့်နယ်ပယ်များကို ဖော်ထုတ်သတ်မှတ်နိုင်ရန်နှင့် နှစ်နိုင်ငံကြား ဆောက်လုပ်ရေးကဏ္ဍချိတ်ဆက်မှုလမ်းကြောင်းများကိုပိုမိုအားကောင်းလာစေရန် ရည်ရွယ်ပါကြောင်း၊ ဒေသတွင်း မိတ်ဖက်နိုင်ငံများအနေဖြင့် ချစ်ကြည်ရေး၊ နှစ်ဦးနှစ်ဖက် နားလည်မှုနှင့် အပြန်အလှန်အကျိုးရှိစေမည့် အစိုးရအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ကျွမ်းကျင်ပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်မှုများကိုမြှင့်တင်ခြင်းသည် ဆောက်လုပ်ရေးကဏ္ဍ၏ စွမ်းဆောင်ရည်၊ ထုတ်လုပ်မှုစွမ်းအားနှင့် ယှဉ်ပြိုင်နိုင်စွမ်းတို့ကို တိုးတက်စေရန်များစွာ အထောက်အကူပြုမည်ဖြစ်ကြောင်း။

နှစ်နိုင်ငံအကြား ချစ်ကြည်ရေး ပိုမိုခိုင်မာစေရန်၊ အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆောက်လုပ်ရေးကဏ္ဍများတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရန်နှင့် အတွေ့အကြုံဗဟုသုတများကို အပြန်အလှန်ဖလှယ်နိုင်ရန် ရှေ့ဆက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာလ ၁၁ ရက် နံနက်ပိုင်းတွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ပတ်ဝန်းကျင်တွင် ဆောင်ရွက်ထားရှိသော လမ်း၊ တံတားတည်ဆောက်ရေးနည်းပညာများ၊ မြို့ပြဖွံ့ဖြိုးရေးနှင့် ပတ်ဝန်းကျင်အခြေအနေတို့ကို ကြည့်ရှုလေ့လာပြီး မွန်းလွဲပိုင်းတွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့မှ လေကြောင်းခရီးစဉ်ဖြင့် ထွက်ခွာကြရာ ရန်ကုန်မြို့သို့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။

အဆိုပါ “အပြည်ပြည်ဆိုင်ရာဆောက်လုပ်ရေးသီတင်းပတ်နှင့် အခြေခံအဆောက်အအုံ နည်းပညာဆိုင်ရာကုန်စည်ပြပွဲ ၂၀၂၆ (International Construction Week (ICW) and BuildXpo 2026)”သို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၊ မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းချုပ်(MCEF)၊ မြန်မာနိုင်ငံလိုင်စင်ရ ကန်ထရိုက်တာများအသင်း(MLCA) နှင့် မြန်မာမြို့ပြနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးလုပ်ငန်းရှင်များအသင်း (MDA)တို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

မြဝတီ

အာဆီယံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့၏ (၂၂) ကြိမ်မြောက် အကြီးအမှူးများအစည်းအဝေး ဆက်လက်ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၁

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပသည့် အာဆီယံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့၏ (၂၂) ကြိမ်မြောက် အကြီးအမှူးများအစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Jasmine Naypyitaw Hotel ၌ ဆက်လက်ကျင်းပသည်။



အစည်းအဝေးသို့ မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ဦးကျော်ဝင်းသိန်း၊ ဦးဝင်းဇော်မိုး၊ ဦးတင်အောင်ဝင်းနှင့် ဦးလွန်းဘော်၊ ဘရူနိုင်းနိုင်ငံနှင့် စင်ကာပူနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဗျူရို၊ ကမ္ဘောဒီးယားနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့၊ အင်ဒိုနီးရှားနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် တီမောလက်စ်တေနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၊ လာအိုနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံ အစိုးရစုံစမ်းစစ်ဆေးရေးဌာနနှင့် ဖိလစ်ပိုင်နိုင်ငံ တိုင်ကြားစာများစုံစမ်းစစ်ဆေးရေးဌာနတို့မှအကြီးအကဲများနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ မလေးရှားနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှတာဝန်ရှိသူတစ်ဦးက ကုလသမဂ္ဂအဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်း (UNCAC) ဆိုင်ရာ လုပ်ငန်း ဆောင်ရွက်ချက်များ၊ ASEAN–PAC တရားဝင်သီချင်းနှင့် Web Portal တို့နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးအဆိုပြုတင်ပြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက အာဆီယံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့ (ASEAN–PAC) ၏ လုပ်ငန်းဆောင်ရွက်မှုများ၊ အဖွဲ့ဝင်နိုင်ငံများအကြား ဆက်သွယ်ညှိနှိုင်းပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ မူဝါဒနှင့်လုပ်ငန်းစဉ်များ၊ ဆွေးနွေးဆုံးဖြတ်ချက်များကို ဆွေးနွေးကြသည်။

ယင်းနောက် ဖိလစ်ပိုင်နိုင်ငံ တိုင်ကြားစာများစုံစမ်းစစ်ဆေးရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ASEAN–PAC ၏ (၂၃) ကြိမ်မြောက် အကြီးအမှူးများအစည်းအဝေးကိုအိမ်ရှင်အဖြစ်လက်ခံကျင်းပနိုင်ရေးကြိုတင်ပြင်ဆင်မှုများနှင့်စပ်လျဉ်း၍လည်းကောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများဖြစ်သည့် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့်ပြစ်မှုဆိုင်ရာရုံး (UNODC)နှင့် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအာဏာပိုင်များအသင်း (IAACA) တို့က လုပ်ငန်းအတွေ့အကြုံများနှင့် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များ၊ ပူးပေါင်းဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းဆွေးနွေးကြပြီး ASEAN–PAC ၏ (၂၃) ကြိမ်မြောက် အကြီးအမှူးများအစည်းအဝေး သဘာပတိဖြစ်သည့် မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရာတွင် ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုမြှင့်တင်ဆောင်ရွက်နိုင်ရေး အတွက်ဒေသတွင်းအဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့အစည်းတစ်ခုဖြစ်သည့် ASEAN–PAC သို့ ၂၀၁၃ ခုနှစ် နိုဝင်ဘာလ ၁၄ ရက်တွင် ၁၀ နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် ASEAN–PAC ၏ (၂၂) ကြိမ်မြောက် အကြီးအမှူးများအစည်းအဝေးသို့ တက်ရောက်ခဲ့ကြသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အကြီးအကဲများနှင့် တာဝန်ရှိသူများသည် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အမျိုးသားပြတိုက်၊ အမျိုးသား စာကြည့်တိုက်နှင့် ဥပဒေတသန္တိစေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်းရှိ ရတနာဆင်ဖြူတော်ဆောင်တို့ကို လေ့လာကြည့်ရှုခဲ့ကြပြီး ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဥဏ္ဍာတော်အမြင့်ဆုံးဖြစ်တော်မူသည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်လေ့လာ ဖူးမြော်ကြည်ညိုခဲ့ကြကြောင်း သိရသည်။

မြဝတီ

အယ်လ်နီညိုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်နိုင်သော ရာသီဥတုအကျိုးသက်ရောက်မှုများ



▲ ကျောဖုံးမှအဆက်

ဒေသတွင်းနိုင်ငံများနှင့်ပူးပေါင်းကာ အပြီးတိုင်လုံးဝပပျောက်သွားစေရေး ဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်းမရှိစေရန် အဆိုပါအဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများလုပ်ကိုင်ခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင်အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ၅ ထပ် အဆောက်အအုံ ၁ လုံးအား ယနေ့အထိ ၉၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ၆ ထပ်အဆောက်အအုံတစ်လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမှုမှာ ယနေ့အထိ ၃၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေ၊ ဒုတိယပိုင်းအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများကျူးလွန်ရာတွင်အသုံးပြုခဲ့သည့်ဖြိုချဖျက်ဆီးရန်ကျန်အဆောက်အအုံ ၆၃ လုံးအနက် ဖောက်ခွဲ၍ ဖြိုချမည့်အဆောက်အအုံ ၄ လုံးနှင့် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၆ လုံး၊ စုစုပေါင်း အဆောက်အအုံ ၁၀ လုံးတို့ကို စနစ်တကျဖြိုချဖျက်ဆီးခဲ့ပြီးဖြစ်ပြီး ကျန်ရှိသည့် တရားမဝင်အဆောက်အအုံ ၅၃ လုံးကိုလည်း စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင်အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှုနေရာပြမြေပုံ။









■ ဝန်းသိုမြို့မှ

ယနေ့မွန်းလွဲပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ဝန်းသိုမြို့၊ စစ်ကဲကြီးရပ်ကွက်ရှိ မြို့နယ်ပြည်သူ့ဆေးရုံသို့ ယုတ်မာရိုင်းစိုင်းသော ရည်ရွယ်ချက်ဖြင့် Drop Bomb ချတိုက်ခိုက်ခဲ့ရာ ဆေးရုံဝင်းအတွင်းရှိ သံဃာကုသဆောင်နှင့်ဆေးရုံအစည်းအဝေးခန်းမနေရာများသို့ ကျရောက်ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ Drop Bomb ကျရောက်ပေါက်ကွဲမှုကြောင့်ဆေးရုံအဆောက်အအုံရှိ ပြတင်းပေါက်မှန်တံခါးများ၊ မျက်နှာကြက်များ၊ အဆောက်အအုံနံရံများ၊ ရေပိုက်လိုင်းများနှင့် အခြားပရိဘောဂပစ္စည်းများ ဗုံးစထိမှန်ပျက်စီးခဲ့ပြီး ဆေးရုံတက်ရောက်ကုသမှု ခံယူလျက်ရှိသည့် ဒေသခံပြည်သူများနှင့် ကျန်းမာရေးဝန်ထမ်းများ ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်းသိရှိရသည်။

ယခုကဲ့သို့ စစ်ရေးနှင့်မသက်ဆိုင်သော ဒေသခံတိုင်းရင်းသားပြည်သူများအတွက် ကျန်းမာရေး စောင့်ရှောက်မှု ဆောင်ရွက်ပေးလျက်ရှိသည့်ဆေးရုံအား ယုတ်မာရိုင်းစိုင်းသော ရည်ရွယ်ချက်ဖြင့် တိုက်ခိုက်ခြင်းသည် ကျိန်ဗာကွန်ဗင်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာဥပဒေတို့အရ စစ်ရာဇဝတ်မှု (War Crime)ကို ကျူးလွန်ခြင်းဖြစ်ပြီး ၎င်းတို့၏အကြမ်းဖက်လုပ်ရပ်များအပေါ် ဒေသခံပြည်သူများက စက်ဆုပ်ရွံရှာစွာကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့် လုံခြုံရေး တပ်ဖွဲ့ဝင်များအနေဖြင့် လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများအား ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)

ဝန်းသိုမြို့ရှိ ပြည်သူ့ဆေးရုံအား PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များက Drop Bomb ချတိုက်ခိုက်ခဲ့သည့်ဖြစ်စဉ်နေရာပြမြေပုံ။











အကြမ်းဖက်သောင်းကျန်းသူများမှ Drop Bomb ချတိုက်ခိုက်ခဲ့မှုကြောင့် ဝန်းသိုမြို့၊ ပြည်သူ့ဆေးရုံအတွင်း အဆောက်အအုံများထိခိုက်ပျက်စီးခဲ့မှု။

၁၁-၁၁-၂၀၂၆

မှတ်သားဖွယ်ရာ မိုးရေချိန်များ

မာန်အောင်	၆	ဒသမ	၃၄	လက်မ	ပင်လုံ	၄	ဒသမ	၀၀	လက်မ	လင်းခေး	၃	ဒသမ	၄၀	လက်မ
ညောင်ရွှေ	၄	ဒသမ	၂၁	လက်မ	ကျောက်ဖြူ	၃	ဒသမ	၈၄	လက်မ	လွိုင်လင်	၃	ဒသမ	၃၁	လက်မ
တောင်ကြီး	၄	ဒသမ	၀၆	လက်မ	လွိုင်ကော်	၃	ဒသမ	၄၅	လက်မ	ပင်လောင်း	၃	ဒသမ	၂၃	လက်မ

ရွာငံမြို့နယ်တွင် ငွေကျပ်သိန်း ၆၀၀၀ တန်ဖိုးရှိ စိတ်ကြွဆေးပြားများ ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၁၁

ရွာငံမြို့နယ်တွင် ငွေကျပ်သိန်း ၆၀၀၀ တန်ဖိုးရှိ စိတ်ကြွဆေးပြားများ ဖမ်းဆီးရမိပြီး ဖမ်းဆီးရမိသူ သန်းထိုက်အောင်နှင့် မခင်သီတာအောင်(ခ)မီးမီးတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာလ ၉ ရက် မွန်းလွဲ ၂ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ရွာငံမြို့နယ် မြို့ကြီးရွာအနီးတွင် ပုသိမ်ကြီးမြို့နယ် ကန်ကောက်ရွာနေ သန်းထိုက်အောင်၃၈ နှစ်မောင်းနှင်ပြီး အောင်မြေသာစံမြို့နယ် ဒေါနဘွားရပ်ကွက်နေ မခင်သီတာအောင်(ခ)မီးမီး ၅၄ နှစ် လိုက်ပါလာသော SUZUKI CARRY အမျိုးအစားယာဉ်အား ရပ်တန့်စစ်ဆေးရာဖွေရာ ယာဉ်ပေါ်မှ ၎င်းတို့ ၂ဦး သယ်ဆောင်လာသည့် စိတ်ကြွဆေးပြား ၆၀၀၀၀ (တစ်ပြားလျှင်ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၆၀၀၀) အား ဖမ်းဆီးရမိသဖြင့် သန်းထိုက်အောင်နှင့်မခင်သီတာအောင်(ခ)မီးမီးတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။



တရားခံ သန်းထိုက်အောင်နှင့် မခင်သီတာအောင်(ခ)မီးမီးတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွဆေးပြားများနှင့်အတူတွေ့ရစဉ်။

အလားတူနိုဝင်ဘာလ ၁၀ ရက် နံနက် ၁၀ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ မိုးကောင်းမြို့နယ် ဖိုးချစ်ကုန်းရပ်ကွက်အနီးတွင်ဟိုပင်မြို့မြေဖေယျာရပ်ကွက်နေ သူများဖြစ်သည့် စိန်ဝင်း ၄၅ နှစ် မောင်းနှင်ပြီး မကေကေဝင်း(ခ) မကေ ၄၁ နှစ် လိုက်ပါလာသော KENBO-125 အမျိုးအစားဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာဖွေရာ ၎င်းတို့ ၂ဦးထံမှ စိတ်ကြွဆေးပြား ၁၁၇၀၀ (တစ်ပြားလျှင်ငွေကျပ် ၁၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ် ၁၇၅၁၀၀၀ သိန်း) ဖမ်းဆီးရမိသဖြင့် စိန်ဝင်းနှင့် မကေကေဝင်း(ခ)မကေတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

မြဝတီ

လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်နိုင်

နေပြည်တော် နိုဝင်ဘာ ၁၁

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတွင် ၁၃-၁၁-၂၀၂၆ ရက်နေ့၌ လေဖိအားနည်းရပ်ဝန်း(Low Pressure Area) တစ်ခုဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။ (မိုး/၈လ)

မူပိုင်ခွင့်ဆိုင်ရာမေတ္တာရပ်ခံအသိပေးခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် အကျိုးအမြတ်ရယူခြင်းမရှိသော နိုင်ငံပိုင်ပြည်သူ့ဝန်ဆောင်မှုမီဒီယာဖြစ်သည်နှင့်အညီ (Free to Air – FTA)ဖြင့် အခမဲ့ထုတ်လွှင့်လျက်ရှိရာ (MRTV-HD Channel)နှင့် (MRTV Entertainment Channel)တို့မှ အများပြည်သူများ ပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိပါသည်။

၂။ မကြာမီ တန်ဆောင်တိုင်ကာလသို့ရောက်ရှိမည်ဖြစ်၍ (၁၃-၁၁-၂၀၂၆)ရက်၊ သောကြာနေ့ညတွင် တန်ဆောင်တိုင်ပွဲတော်ကာလနှင့် သက်ဆိုင်သည့်တေးသီချင်းများကို မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့၏တီးခတ်မှုနှင့်အတူ ပြင်ပ/ဌာနအဆိုရှင်များစုပေါင်း၍ **"မြိုင်မြိုင်ဆိုင်ဆိုင် လတန်ဆောင်တိုင်"** တေးဂီတဖျော်ဖြေပွဲ ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည်ဖြစ်၍ အောက်ပါတေးသီချင်းများအား အခမဲ့အသုံးပြုမည်ဖြစ်ကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံအသိပေးအကြောင်းကြားပါသည်-

(၁၃-၁၁-၂၀၂၆)ရက်နေ့တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအစီအစဉ်မှ "မြိုင်မြိုင်ဆိုင်ဆိုင် လတန်ဆောင်တိုင်" တေးဂီတဖျော်ဖြေပွဲ ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည့် တေးသီချင်း(၁၀)ပုဒ်

စဉ်	သီချင်းအမည်	အဆိုရှင်
၁။	အိပ်မက်ဆောင်းည	ဌာနအဆိုရှင်
၂။	ရှမ်းရိုးမကအိုးစည်သံ	ပြင်ပအဆိုရှင်
၃။	ကျွန်တော်မပါရင်ပွဲမစည်	ပြင်ပအဆိုရှင်
၄။	ပွဲပြီးရင်လွမ်းရတော့မယ်	ပြင်ပအဆိုရှင်
၅။	ဘုံကထိန်	ပြင်ပအဆိုရှင်
၆။	ကြည်နူးခွင့်	ပြင်ပအဆိုရှင်
၇။	ကောင်းကင်ကမ္ဘာ	ပြင်ပအဆိုရှင်
၈။	စံပယ်	ပြင်ပအဆိုရှင်
၉။	တောင်ကြီးထာဝရလှသော တန်ဆောင်တိုင်	ပြင်ပအဆိုရှင်
၁၀။	မြိုင်မြိုင်ဆိုင်ဆိုင်လတန်ဆောင်တိုင်	Group Song

ခရေပင်သစ်ဆိပ်နှင့်ကင်းသာသစ်ဆိပ်တို့၌ ၂၀၂၅-၂၀၂၆ ခုနှစ် သစ်ထုတ်ရာသီတွင် ထုတ်လုပ်ထွက်ရှိခဲ့သည့် သစ်မာသစ်လုံးများနှင့်ဖမ်းဆီးရမိ ကျွန်း၊ သစ်မာသစ်လုံး၊ ခွဲသားများ ထိန်းသိမ်းထား



နေပြည်တော် နိုဝင်ဘာ ၁၁

နေပြည်တော်၊ ဥတ္တရရခရိုင်၊ တပ်ကုန်းမြို့နယ်၊ တပ်ကုန်း-ပင်လောင်းကားလမ်းမိုင်တိုင်အမှတ်(၃/၀)။ ကင်းသာကျေးရွာအနီး နေပြည်တော်သစ်ထုတ်ရေးဒေသ၊ ကင်းသာသစ်ဆိပ်များ၌ ၂၀၂၅-၂၀၂၆ ခုနှစ် သစ်ထုတ်ရာသီတွင် ထုတ်လုပ်ထွက်ရှိခဲ့သည့် သစ်မာသစ်လုံးများနှင့် သစ်တော ဦးစီးဌာနမှ လွှဲပြောင်းပေးအပ်ခဲ့သည့် ဖမ်းဆီးသစ်ကျွန်း၊ သစ်မာသစ်လုံး၊ ခွဲသားများ စုပုံထိန်းသိမ်းထားရှိမှုအခြေအနေကို ယနေ့နံနက် ပိုင်းတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်ဦး ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် အယ်လ်နီညိုဖြစ်စဉ် ဖြစ်ပေါ်လာနိုင်သည့်အခြေအနေအပေါ် သက်ရောက်မှုအနည်းဆုံးဖြစ်စေရေးအတွက် သစ်ဆိပ်အားလုံးကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြရန်၊ ဝန်ထမ်းများအား နေ့ညအပိုင်းလိုက်အချိန်များခွဲ၍ တာဝန်ပေးအပ်သွားရန်၊ သစ်ဆိပ်ဝန်ထမ်းများအနေဖြင့် တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ဖြင့် မိမိတို့အားပေးအပ်သည့်တာဝန်များကို ကျေပွန်အောင်ထမ်းဆောင်သွားကြရန်၊ မီးဘေး၊ ရေဘေးနှင့် အခြားသဘာဝဘေးအန္တရာယ်များကြိုတင်ကာကွယ်နိုင်ရေးအတွက် လိုအပ်သည့်ကြိုတင်ပြင်ဆင်မှုများ၊ အရေးပေါ်တုံ့ပြန်ရေးအစီအမံများကို စနစ်တကျဆောင်ရွက်ထားရှိကြရန်မှာကြားခဲ့ပြီးနောက် သစ်ဆိပ်မီးဘေးကာကွယ်ရေးလုပ်ငန်းများကြိုတင်စီမံဆောင်ရွက်ထားရှိမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့၊ အ.ဝ.က(၂) လက်ပံကိုင်းကျောင်းတွင် တတိယတန်းထိ ပညာသင်ကြားခဲ့သော အဘ ဦးဇော်မင်းထွန်း၏သား မောင်ဝေယံဖြိုးဇော်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ မောင်ဝေယံကျော်ဖြစ်ပါကြောင်း။

မောင်ဝေယံကျော်

အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ သဲပုံအရှေ့မူလွန်ကျောင်းတွင် Grade-3 အထိ ပညာသင်ကြားခဲ့သော အဘ ဦးဖိုးကောင်း၏သား မောင်ဇော်ဝင်းမောင်း၏အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ မောင်အောင်ဇော်ဝင်းမော်ဖြစ်ပါကြောင်း။

မောင်အောင်ဇော်ဝင်းမော်

မွေးသက္ကရာဇ်အမှန်

လယ်ဝေးမြို့၊ အ.လ.က(၃)၊ မြို့မ Grade-7 မှ အဘ ဦးဝင်းဇော်ဦး၏သမီး မအိမ့်ရတီဖြိုး ၉/အမရ(နိုင်)၂၂၇၀၄၂ ၏ မွေးသက္ကရာဇ်အမှန်မှာ ၂၀-၃-၂၀၁၃ ဖြစ်ပါကြောင်း။

၂၀-၃-၂၀၁၃

ပျောက်ဆုံးကြောင်း

သီသီအောင်(ဘ)ဦးသန်းလွင် ၅/ဘတလ(နိုင်)၁၀၀၀၀၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၃၁၆၂

ဖခင်အမည်မှန်

အထက(၅)ပုသိမ်၏ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်၊ Grade-11 မှ နေ်ထားမူဂေးဏ်ဖခင် ဦးအေးလေမူး၏အမည်မှန်မှာ စောအေးလေမူး ၁၄/သပန(နိုင်)၀၉၇၃၉၃ ဖြစ်ပါကြောင်း။

စောအေးလေမူး

ဖခင်အမည်မှန်

အထက(၅)ပုသိမ်၏ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်၊ Grade-11 မှ နေ်ထူးသွီဖေဖြာ်၏ဖခင် စောနံဒါဇာ်အမည်မှန်မှာ စောနယ်တာ ၃/သတန(နိုင်)၀၂၁၆၂၇ ဖြစ်ပါကြောင်း။

စောနယ်တာ

ဖခင်အမည်မှန်

အထက(၅)ပုသိမ်၏ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်၊ Grade-11 မှ နေ်စာအယ်မူးသိန်း၏ဖခင် ဦးစောအယ်တလယ်၏အမည်မှန်မှာ စောအယ်တလယ် ၁၄/ပသန(နိုင်)၁၉၆၅၆၆ ဖြစ်ပါကြောင်း။

စောအယ်တလယ်

တစ်ဦးတည်းဖြစ်ပါကြောင်း

အထက၊ ရွှေမြင်တင်၊ ပုသိမ်မှ အလယ်တန်းပြဆရာမ ၁၄/ကခန(နိုင်)၀၅၇၇၄၃ ကိုင်ဆောင်သူ ဒေါ်တင်ဦး(ခ)ဒေါ်တင်တင်ဦးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဒေါ်တင်ဦး(ခ)ဒေါ်တင်တင်ဦး

ပျောက်ဆုံးကြောင်း

နော်အယ်ဝါးထူး(ဘ)စောချစ်ဆွေ ၁၂/အစန(နိုင်)၁၈၂၂၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၆၂

ပျောက်ဆုံးကြောင်း

အဲ့ဝလီသော်(ဘ)ဦးကျော်မြင့် ၇/ပခန(နိုင်)၂၈၅၉၃၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

ပျောက်ဆုံးကြောင်း

ဒေါ်ခင်ခင်မူ(ဘ)ဦးကျင် ၇/၀မန(နိုင်)၀၄၇၁၂၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

ပျောက်ဆုံးကြောင်း

ကျော်ရဲလွင်(ဘ)ဦးမာကြာချီ ၁၃/လရန(နိုင်)၂၁၈၄၃၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၆၂

ပျောက်ဆုံးကြောင်း

အောင်မိုးသူ(ဘ)ဦးကြည်သင်း ၅/လဝန(နိုင်)၂၃၇၇၁၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၆၁၅၀၇၉၀

ပျောက်ဆုံးကြောင်း

မြမြအေး(ဘ)ဦးစိန်သာ ၁၂/မဘန(နိုင်)၀၁၆၁၈၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(A 132585)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၀၃၃၆၅၈၁၃၃

ပျောက်ဆုံးကြောင်း

ရဲရင့်ထွန်း(ဘ)ဦးအောင်ကျော်စိုး ၃/မဝတ(နိုင်)၀၉၃၀၀၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၆၈၀၅၃၂၇

ပျောက်ဆုံးကြောင်း

ဦးကြည် (ဘ)ဦးလှကျော် ၉/ညဥန(နိုင်)၀၀၁၈၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၁၂၀၈၀၆

ပျောက်ဆုံးကြောင်း

သီဟကျော်(ဘ)ဦးကျော်ကျော် ၁၂/ရပသ(နိုင်)၀၈၆၀၄၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 034500)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၈၁၃၆၅၅၉

ပျောက်ဆုံးကြောင်း

လိအိုက်ညွန့်(ခ)မမွေးမွေး(ဘ)လီဝင်ချောင်(ခ)ဟီလုံ(ခ)ဦးတင် ၁၂/လသန(ပြု)၀၀၀၀၀၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ဖုန်း-၀၉-၄၅၀၂၈၅၅၇

ပျောက်ဆုံးကြောင်း

ဝေငြိမ်း(ဘ)ဦးကျော်သန်း ၁၀/သထန(နိုင်)၂၆၄၈၀၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၇၄၈၀၅၃၂၇

ပျောက်ဆုံးကြောင်း

ထန်ဦးက်ခွမ်းကျိန်(ဘ)ဦးခုပ်ခင်းပေါင် ၄/တဇန(နိုင်)၀၃၃၀၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၀၇၄၈၀၅၃၂၇

ပျောက်ဆုံးကြောင်း

နော်ကထူးရာ(ဘ)စောအယ်မိုး(ခ)မိုးလွင် ၁၂/လသယ(နိုင်)၀၅၅၆၁၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၇၄၈၀၅၃၂၇

အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း
တင်ဒါအမှတ်စဉ်[၃(လင)/၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်]

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ လမ်းဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် တိုင်းဒေသကြီးဖြည့်စွက်ခွင့်ပြုရန်ပုံငွေများဖြင့် ကသာခရိုင်တွင်ဆောင်ရွက်မည့် လမ်း-တံတားတည်ဆောက်ရေးလုပ်ငန်းများနှင့် အဆောက်အဦလုပ်ငန်းများအား ဆောင်ရွက်နိုင်ရန်အတွက် တိုင်းရင်းသားပုဂ္ဂလိကဆောက်လုပ်ရေးလုပ်ငန်းရှင်များသို့ တတိယအကြိမ် အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာပုံစံများကို လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးတွင် အောက်ပါအစီအစဉ်အတိုင်း ဝယ်ယူတင်သွင်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်-

(က) အိတ်ဖွင့်တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်/အချိန် - ၂၅-၁၁-၂၀၂၆(ရုံးချိန်အတွင်း)
(ခ) အိတ်ဖွင့်တင်ဒါလျှောက်လွှာ ရောင်းချမည့်နောက်ဆုံးရက် - ၃၀-၁၁-၂၀၂၆)မွန်းတည့်(၁၂:၀၀)နာရီထိ
(ဂ) တင်ဒါအာမခံကြေး (PO Cheque)မူရင်းများအား နောက်ဆုံးထား၍ တင်သွင်းရမည့်ရက်/အချိန် - (၁-၁၂-၂၀၂၆)မွန်းတည့်(၁၂:၀၀)နာရီထိ
(ဃ) အိတ်ဖွင့်တင်ဒါလျှောက်လွှာ တင်သွင်းရမည့်နေရာနှင့်နေ့ရက် - လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး
(င) အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည့် နေရာနှင့်နေ့ရက် - ထပ်မံကြေညာပါမည်။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တယ်လီဖုန်းနံပါတ်-၀၉-၄၂၇၂၃၇၂ သို့ ဆက်သွယ်၍လည်းကောင်း၊ လူကိုယ်တိုင်လာရောက်၍သော်လည်းကောင်း မေးမြန်းနိုင်ပါသည်။

(တင်ဒါကော်မတီ)

MORITA INSPECTION COMPANY LIMITED
Registration No. 110688113
Myanmar Companies Law Section (345);
Pursuant to Section 151(a) of the Myanmar Incorporation Law and Rule 9(a) of the Myanmar Incorporation Law,
declaring the company to be liquidated at the will of the participants.

1. The Directors of MORITA INSPECTION COMPANY LIMITED has resolved under writen resolution dated 11th November, 2026 to approve the liquidation of the company by way of a member voluntary winding-up under the insolvency law 2020.
2. The Directors have further resolved to officially appoint U Kyawt Mg (NRC.12/MaGaTa(N)036479)B.A, C.P.A.,R.A.,I.C.M.A.,Part II(London)No.3, 105 Street, Mingalar Taung Nyunt Township, Yangon Region as the Liquidator of the company.
3. Therefore, any person claiming to be a creditor of the said company is required to submit relevant evidence of such claim(s)to the liquidator at the appointor at the above address within one month from the date of this notification.

Ma Myin Li Kyi @ Li Myint
Director
MORITA INSPECTION COMPANY LIMITED

ဦးကျော့မောင်
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

အစုရှယ်ယာလျှော့ချခြင်း

"DHANOVA ENGINEERING & SERVICES CO.,LTD." ၏ အစုရှယ်ယာငွေကျပ် ၃၀၀၀၀၀၀၀(ကျပ်သိန်းသုံးရာ)မှ ကျပ် ၂၁၀၀၀၀၀၀(ကျပ်သိန်းနှစ်ရာတစ်ဆယ်)သို့ (၅-၁၁-၂၀၂၆)ရက်နေ့တွင် ကုမ္ပဏီ၏အစည်းအဝေးဆုံးဖြတ်ချက်အရ လျှော့ချလိုက်ကြောင်း ကြေညာအပ်ပါသည်။

DHANOVA ENGINEERING & SERVICES CO.,LTD.

PLUS ONE MYANMAR COMPANY LIMITED
နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ-၂၁(က)အရ ဖျက်သိမ်းဆဲ PLUS ONE MYANMAR COMPANY LIMITED ၏ စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်၍ အစုရှင်များသို့ တင်ပြအတည်ပြုချက်ရယူလိုပါသဖြင့် နောက်ဆုံးအစည်းအဝေးကို အောက်ပါအတိုင်းကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အစုရှင်များမပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်ရက် - ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်
ကျင်းပမည့်အချိန် - နံနက်(၁၀)နာရီ
ကျင်းပမည့်နေရာ - အမှတ်-(ပ-၁၈၅)၊ သပြေကုန်းပွဲရုံတန်း၊ သပြေကုန်းရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်ကောင်စီနယ်မြေ။

ဦးရှင်ငြိမ်း(စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ)
Insolvency Practitioner No.103594
အမှတ်(၅၀)၊ ၅၆ လမ်း၊ (၂)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊

SMOOTH AEROSAPCE COMPANY LIMITED
မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ ၁၄၇ အရ အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် ကုမ္ပဏီအားစာရင်းရှင်းလင်းဖျက်သိမ်းကြောင်းကြေညာခြင်း

၁။ "SMOOTH AEROSAPCE COMPANY LIMITED" အား အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက်စာရင်းရှင်းလင်းဖျက်သိမ်းရန် (၈-၁၁-၂၀၂၆)ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်ခဲ့သော အစုရှယ်ယာရှင်များ၏အထူးအထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပြီးဖြစ်ပါသည်။

၂။ ထိုအစည်းအဝေးမှပင် တိုက်အမှတ်(၂၉၅)၊ အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးဇင်ဝေ[B.Com(AA), C.P.A (210)] လက်မှတ်ရပြည်သူ့စာရင်းကိုင်အား ကုမ္ပဏီ၏စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ(Liquidator)အဖြစ်ခန့်အပ်ရန်ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီထံသို့ပေးရန်နှင့် ရရန်ရှိသည်များကို ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ (၁)လအတွင်း စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ဦးဇင်ဝေ[C.P.A(210)]ထံသို့ ဆက်သွယ်ဆောင်ရွက်ကြပါရန် အသိပေးကြေညာအပ်ပါသည်။

အမည်ပြောင်း

အထက(၅)ပုသိမ်၏ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်၊ Grade-11 မှ စောအယ်ထူး ၁၄/ပသရ(နိုင်)၀၉၇၄၇၆ ၏သမီး နော်အယ်စေးဘလှအား နော်အယ်စိဘလှ ဟုပြောင်းလဲခေါ်ဆိုပါရန်။

နော်အယ်စိဘလှ

အမည်ပြောင်း

အထက(ခွဲ)သူတော်ကုန်း၊ ပုသိမ်၏ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်၊ Grade-9 မှ ဦးဝင်းတင် ၁၄/ပသန(နိုင်)၁၉၁၄၆၆ ၏သား မောင်ဉာဏ်ထက်လင်းအား မောင်ဇွဲလွင်လွင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်ဇွဲလွင်လွင်

ပျောက်ဆုံးကြောင်း

သိန်းဝင်း(ဘ)ဦးလှကြည် ၁၀/ပမန(နိုင်) ၁၉၁၅၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၆၆၆၆၅၄၀၀

ပျောက်ဆုံးကြောင်း

ခင်လှဝင်း(ဘ)ဦးထူးလို ၂/ဒမဆ(နိုင်) ၀၄၆၇၇၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(MD 832541)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၅၀၀၃၃၆

ပျောက်ဆုံးကြောင်း

ဇင်ဝါဝါထွန်း(ဘ)ဦးမြထွန်း ၁၄/ဟကက (နိုင်)၀၁၂၆၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 046782)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၀၀၅၃၇

ပျောက်ဆုံးကြောင်း

ဝေဝေမွန်(ဘ)ဦးဝင်းစိုး ၁၂/ထတပ(နိုင်) ၁၂၉၃၁၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၈၀၃၀၅၅၀

ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ အ.လ.က အရှေ့ဧကနှင်းကျောင်း၊ Grade-9 မှ မောင်မြင့်မြတ်ဦး၏ ဖခင်အမည်မှန်မှာ ဦးဝင်းကျော်ဦး ၇/ညလပ(နိုင်)၁၇၉၄၄၉ ဖြစ်ပါကြောင်း။

ဦးဝင်းကျော်ဦး

ပျောက်ဆုံးကြောင်း

အောင်ကျော်ကျော်(ဘ)ဦးဝင်းအောင် ၇/ကဝန(နိုင်)၁၈၀၂၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၀၁၃၂၇

ပျောက်ဆုံးကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ နဝရတ်လမ်းနေ ဝေလျှံအောင်(ဘ)ဦးသန်းဌေး ၈/ရစက(နိုင်) ၁၇၉၆၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 370793)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၆၆၆၆၄၆၀

ပျောက်ဆုံးကြောင်း

ပိုင်ကျုံမြို့နေ စောမောင်ညွှန့်ကြည် (ဘ)ဦးထွန်းအောင် ၃/ပကန(နိုင်) ၀၆၀၇၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 163603)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၅၁၁၇၇

ပျောက်ဆုံးကြောင်း

ကော့ကရိတ်မြို့နေ မိယဉ်ယဉ်မွန်(ဘ)ဦးနိုင်အောင်လေး ၃/ကကရ(နိုင်) ၁၄၃၇၁၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၅၁၁၇၇

ပျောက်ဆုံးကြောင်း

တံတားမြို့နေ မြင့်မြင့်ဆွေ(ဘ) ဦးကျော်ကျော်နိုင် ၁၂/တတထ(နိုင်) ၀၁၀၁၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (MF 168738)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်း ကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၅၁၁၇၇

ပျောက်ဆုံးကြောင်း

သထုံမြို့နယ်နေ မောင်မျိုးဇော်(ဘ) ဦးလှကြည် ၁၀/သထန(နိုင်)၁၉၁၅၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(ME 602018)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၂

ဓာတ်မြေဩဇာဖြန့်ဖြူးစျေးနှုန်းယှဉ်ပြိုင်စနစ်ဖြင့် တင်သွင်းနိုင်ရေးအတွက်ကြေညာခြင်း

၁။ ယူရီးယားမြေဩဇာဝယ်ယူဖြန့်ဖြူးရောင်းချရေးဦးဆောင်ကော်မတီ၏ လမ်းညွှန်မှုဖြင့် အရည်အသွေးပြည့်ဝပြီး စျေးနှုန်းမှန်ကန်သော ယူရီးယားဓာတ်မြေဩဇာများတင်သွင်းနိုင်ရေးအတွက် မြန်မာနိုင်ငံမြေဩဇာ၊ မျိုးစေ့နှင့်စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်းအနေဖြင့် ဒီဇင်ဘာလအတွက် ဖြန့်ဖြူးစျေးနှုန်းယှဉ်ပြိုင်စနစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ဖြန့်ဖြူးစျေးနှုန်းယှဉ်ပြိုင်စနစ်ဖြင့် ယူရီးယားဓာတ်မြေဩဇာများ တင်သွင်းလိုသောအသင်းဝင်ကုမ္ပဏီများအနေဖြင့် ဦးဆောင်ကော်မတီ Email. ureacommittee@gmail.com နှင့် အသင်း၏အောက်ပါ email များသို့ပေးပို့၍ ၁၅-၁၁-၂၀၂၆ ရက်နေ့၊ မွန်းလွဲ ၂ နာရီထက် နောက်မကျစေဘဲ ဆက်သွယ်လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

info@mfspea.com, vicepresident-1@mfspea.com,
vicepresident-2@mfspea.com, generalsecretary@mfspea.com

မြန်မာနိုင်ငံမြေဩဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်း
ဖုန်း-၀၉-၉၈၈၅၃၉၃၆၀

ပျောက်ဆုံးကြောင်း

ဖြူဖြူမြင့်(ဘ)ဦးတင်၁၂/ကခက(နိုင်)၀၇၉၄၃၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(A 363474)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၆၄၃၆၅၁၂၂

ပျောက်ဆုံးကြောင်း

တင်မောင်ဝင်း(ဘ)ဦးတင်မောင် ၁၂/မဂတ (နိုင်)၀၉၈၀၆၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၀၀၂၂၅၆၇၇

ပျောက်ဆုံးကြောင်း

ငွေလွှဲဖြိုး(ဘ)ဦးကြည်လွင် ၁၄/ကခန(နိုင်) ၁၁၁၀၈၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၈၃၅၇၄၀၈၉

ပျောက်ဆုံးကြောင်း

ကျိုက်မရောမြို့နယ်၊ ဖက်ထေးကုန်း ရွာနေ စိုင်းအောင်(ဘ)ဦးလှဝင်း ၁၀/ကမရ(နိုင်)၁၇၀၁၃၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 353107) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၂

ပျောက်ဆုံးကြောင်း

ကော့ကရိတ်မြို့နေ စောအနိုင်ဖေ့ (ဘ)ဦးသာစိန် ၃/ကကရ(နိုင်)၂၀၁၂၈၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။

ဖုန်း-၀၉-၂၅၀၅၁၁၇၇

ပျောက်ဆုံးကြောင်း

မင်းလှမြို့နေ ကျော်နိုင်ထွန်း(ဘ) ဦးထွန်းအေး ၈/မလန(နိုင်)၁၃၁၉၆၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။

ဖုန်း-၀၉-၂၅၀၅၁၁၇၇

ပျောက်ဆုံးကြောင်း

မိဆွေလာမြို့နေ ဝေယံအောင်(ဘ) ဦးစိန်ကြိုင် ၉/မထလ(နိုင်)၁၃၁၃၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(MC 275239)မှာ ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိက အကြောင်း ကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၅၁၁၇၇

ပျောက်ဆုံးကြောင်း

သရက်မြို့နယ်၊ တောကျောင်းကျေးရွာ နေ ချစ်ကိုဦး(ဘ)ဦးဇော်ဦး ၈/သရန (နိုင်)၁၂၅၈၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 218750)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၂

ပျောက်ဆုံးကြောင်း

နေပြည်တော်၊ ပုဇွဲသီရိမြို့နယ်၊ ညောင်လူးကျေးရွာအုပ်စု၊ ညောင်လူးကျေးရွာနေ မအေးအေးခိုင်(ဘ)ဦးဝင်းနိုင် ၉/ပဗသ(နိုင်) ၀၂၁၃၄၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၉၆၇၇၀၉၀

ပျောက်ဆုံးကြောင်း

တပ်ကုန်းမြို့နေ နှင်းအိဖြိုး(ဘ) ဦးဟန်ထွန်း ၉/တကန(နိုင်)၁၈၄၈၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 961616)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။

ဖုန်း-၀၉-၂၅၀၅၁၁၇၇

ပျောက်ဆုံးကြောင်း

ဘားအံမြို့နေ ခွန်ရန်ပိုင်(ဘ) ဦးအောင်ဌေး ၃/ဘအန(နိုင်)၁၉၉၃၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(MC 471354)မှာ ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိက အကြောင်း ကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၅၁၁၇၇

ပျောက်ဆုံးကြောင်း

ပေါင်မြို့နေ အေးမင်းပိုင်(ဘ) ဦးမြင့်သန်း ၁၀/ပမန(နိုင်)၁၉၆၈၁၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။

ဖုန်း-၀၉-၂၅၀၅၁၁၇၇

ပျောက်ဆုံးကြောင်း

ဒိုက်ဦးမြို့နေ ထက်ထက်လင်း(ဘ) ဦးရင်ထွေး ၇/ဒဥန(နိုင်)၁၉၃၃၁၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(MF 567624)မှာ ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိက အကြောင်း ကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၅၁၁၇၇

ပျောက်ဆုံးကြောင်း

ကျောက်တံခါးမြို့နယ်၊ ရှမ်းဒိုးတန်း ကျေးရွာနေ မဃဟင်းဟန်(ဘ)ဦးသောင်း ဟန်၇/ညလပ(နိုင်)၁၅၄၄၁၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 002731)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၂

ပျောက်ဆုံးကြောင်း

ဓရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမြို့၊ ဒေါင့်ကြီးရွာနေ မောင်ထက်နိုင်စိုး(ဘ) ဦးကံငွေး ၁၄/ကကန(နိုင်)၁၆၆၄၄၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၄၆၆၁၅၁

ပျောက်ဆုံးကြောင်း

မူဆယ်မြို့၊ တောင်ရပ်ကွက်နေ စည်သူ(ဘ)ဦးကျော်ခိုင် ၇/မလန(နိုင်) ၁၁၄၀၄၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၅၀၈၇၇၉၁၅

ပျောက်ဆုံးကြောင်း

တောင်သာမြို့နေ သူဇာဖြိုးဝေ(ဘ) ဦးပြုံးချို ၉/တသန(နိုင်)၂၄၇၄၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(ME 316694)မှာ ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။

ဖုန်း-၀၉-၂၅၀၅၁၁၇၇

ပျောက်ဆုံးကြောင်း

အုတ်ဖိုမြို့နေ အောင်ပိုပို(ဘ) ဦးခင်မြင့် ၇/အဖန(နိုင်)၁၁၈၆၆၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(MF 168737)မှာ ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိက အကြောင်း ကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၅၁၁၇၇

ပျောက်ဆုံးကြောင်း

ကရင်ပြည်နယ်၊ မြဝတီမြို့၊ အမှတ်(၅) ရပ်ကွက်၊ မြို့ပတ်လမ်းနေ မင်းလွင် (ဘ)ဦးဌေးဦး ၁၂/ကတန(နိုင်)၁၀၈၀၂၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(MD 574819)မှာ ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိက အကြောင်း ကြားပေးပါရန်။ဖုန်း-၀၉-၇၈၀၂၈၆၉၂၂

ပျောက်ဆုံးကြောင်း

ကော့ကရိတ်မြို့နယ်၊ ကမ်းနီကျေးရွာ နေ မိမိုးမိုး(ဘ)ဦးချောင်း ၃/ကကရ (နိုင်)၂၄၈၈၆၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 901820)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။


ဖုန်း-၀၉-၆၈၂၁၅၈၀၇၀

OKKAN SUGAR MILL

ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး

FDA ထောက်ခံချက်အမှတ်-စဈ/ၛၥၦ၄ဖ/ထလ
FDA Approved No. Sa 5/21346/Hta la







Phone,09 798157939(Office),09 773646431(Mill)

မြန်မာပြည်တွင်ထုတ်လုပ်သည်

သကြားဖြူ White Sugar

SIN MINN

အရည်အသွေးမှာထိပ် ဆင်မင်းတံဆိပ် ဘီလပ်မြေ



ISO 9001 BUREAU VERITAS Certification Excluding design



BEST QUALITY CEMENT
ASTM.C150 TYPE I (42.5)
ဆင်မင်းဘီလပ်မြေ

BEST QUALITY CEMENT
ASTM.C150 TYPE II (32.5)
ဆင်မင်းဘီလပ်မြေ

ဆက်သွယ်ရန် - ဖုန်း ၀၉ ၆၈၉၉၃၃၃၈၃၊ ၀၉ ၇၉၆၁၁၁၉၉၉၊ email : scfg.kyaukse@gmail.com

STARMART Showroom များတွင် အရည်အသွေးမြင့် စားသောက်ကုန်များအပါအဝင် ထုတ်ကုန်ပစ္စည်းအမျိုးမျိုးကို ပိတ်ရုက်မရှိ လက်လီလက်ကား ပေးပို့ရရှိနိုင်စီသည်။

Kha Yae Pin Mart



(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့
ဖုန်း - ၀၉-၃၀၈၆၀၁၈၀



မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့
ဖုန်း - ၀၉-၆၇၁၄၄၃၃၅၅







အရည်အသွေးမြင့်မား တာယာ မှာ

TRISTAR TYRE

TBB,TBR,PCR တာယာအရွယ်အစားမျိုးစုံအပြင်
ဆိုင်ကယ်တာယာများကိုပါ ထုတ်လုပ်ဖြန့်ဖြူးပေးနေပါသည်။

CYCLE TYRE

LIGHT TRUCK TYRE

သုံးဘီးဆိုင်ကယ် တာယာ

CAR TYRE



ပင်ရင်းအရောင်း
ဖုန်း- ၀၉ ၂၅၄၂၅၂၂၄၄၃၊ ၀၉၄၅၅၃၂၂၅၅၅၅

STARMART NINE MILE Showroom
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့
ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့
ဖုန်း - ၀၉ ၆၇၁၄၄၃၃၅၅

STARMART MANDALAY Wholesale
၂၆လမ်းနှင့်၈၆လမ်းထောင့်၊ မန္တလေးမြို့
ဖုန်း - ၀၉ ၈၆၁၇၀ ၂၂၄၄

STARMART Nay Pyi Taw
ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား
ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

❖ နိုင်ငံတော်ရှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

ဝန်းသိုမြို့ရှိ ပြည်သူ့ဆေးရုံအား PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များက Drop Bomb ချတိုက်ခိုက်

နေပြည်တော် နိုဝင်ဘာ ၁၁

PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များအနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်မှုကိုပျက်စီးစေရန်၊ အစိုးရ၏အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန်၊ ဒေသတည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်ရည်ရွယ်၍ ဆင်ခြင်တုံတရားကင်းမဲ့စွာဖြင့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများ၊ စာသင်ကျောင်းများ၊ ဆေးရုံများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း၊ ရှောတိုက်ဒုံးများဖြင့်အဝေးမှပစ်ခတ်ခြင်း၊ Drone များအသုံးပြု၍ Drop Bomb များ ပစ်ချတိုက်ခိုက်ခြင်းများကို ယုတ်မာရိုင်းစိုင်းစွာ ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်လျက်ရှိရာ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များက **စာမျက်နှာ ၂၈ ကော်လံ ၁** ■

ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့သည့် နေရာများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆောင်ရွက်

စာ - ၁၆ သို့

နိုင်ငံတော်နှင့်တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် KIA၊ KPDF နှင့် PDF အဖွဲ့ဝင် ၆ ဦးတို့ လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်၊ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲပြောင်းအပ်နှံ

နေပြည်တော် နိုဝင်ဘာ ၁၁

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင် လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန်ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက် လာကြသူများကို လည်းလိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိသဖြင့် KIA၊ KPDF နှင့် PDF အဖွဲ့ဝင် အမျိုးသား ၅ ဦးနှင့် အမျိုးသမီး ၁ ဦး စုစုပေါင်း ၆ ဦးတို့သည် လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာကြသည်။

စာမျက်နှာ ၁၇ ကော်လံ ၁ ▼



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးထံ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူတစ်ဦးက ၎င်းနှင့်အတူပါရှိလာသည့် လက်နက်၊ ခဲယမ်းများကိုလွှဲပြောင်းအပ်နှံစဉ်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင်အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများဆက်လက်ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၁၁

နိုင်ငံတော်အစိုးရ အနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့်အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ပပျောက်စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊

စာမျက်နှာ ၂၈ ကော်လံ ၁ ▲



၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘော(အမျိုးသား၊ အမျိုးသမီး) ပြိုင်ပွဲ ပထမအဆင့်အုပ်စုပတ်လည်ပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၁

အားကစားရေးရာဝန်ကြီးဌာနမှ ကြီးမှူးပြီး အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်တို့ ပူးပေါင်း၍ ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံဘော်လီဘော(အမျိုးသား၊ အမျိုးသမီး)ပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်များကို ယနေ့

စာမျက်နှာ ၂၀ ကော်လံ ၁ ❍



MFF ယူ-၁၉ ဖူဆယ်လိဂ်ပြိုင်ပွဲတွင် MIU အသင်းနှင့် PACIFIC SUN FAR အသင်းတို့ အမှတ်ပေးဇယား၌ဆက်လက်ဦးဆောင်



ရန်ကုန် နိုဝင်ဘာ ၁၁

အားကစားရေးရာ ဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့် သဲသောင်ပြင်ဘောလုံးကော်မတီမှ ကျင်းပသည့် MFF ယူ-၁၉ ဖူဆယ်လိဂ်ပွဲစဉ်(၁၉)ပြိုင်ပွဲများကို ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး သဃ်နန်းကျွန်းမြို့နယ်ရှိ MFF Futsal Stadium ၌ ကျင်းပရာ အမှတ်ပေးဇယားထိပ်ဆုံးမှ

စာမျက်နှာ ၂၀ ကော်လံ ၁ ❐



U-20 လူငယ်လိဂ်ပြိုင်ပွဲတွင် ISPE အသင်းက မြဝတီအသင်းကိုအနိုင်ယူ

ရန်ကုန် နိုဝင်ဘာ ၁၁

M League 2026 U-20 လူငယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲပွဲစဉ်(၂၂)၏ ရွှေဆိုင်းပွဲစဉ်တစ်ပွဲဖြစ်သည့် ISPE အသင်းနှင့် မြဝတီအသင်းတို့ ယနေ့ ညနေပိုင်းတွင် ဗဟန်းကွင်း၌

စာမျက်နှာ ၂၀ ကော်လံ ၃ ⇨

အင်ဒိုနီးရှားတောမီးကြောင့် မြေဟက်တာ ၃ သန်းနီးပါး ပျက်စီး

စာ - ၂၅ သို့

သီရိလင်္ကာတွင် ခရီးသည်တင်လျှပ်စစ်ဒရုန်းယာဉ်ကို ပထမဆုံးအကြိမ် စမ်းသပ်ပျံသန်း

စာ - ၂၅ သို့